The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .18, NO . 36 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 10, 2018

# ကုန်သွယ်မှုရလဒ်ကောင်းများ ဖော်ဆောင်နိုင်ခဲ့သည့် ဒုတိယအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ (Joint Border Trade Committee) အစည်းအဝေး

စာမျက်နှာ - ၈ ➤






## မြန်မာနိုင်ငံ အပူပိုင်းဇုန်၏ မဟာဗျူဟာသီးနှံ (သို့) အမယ်သစ်ပို့ကုန်အကြောင်း တစေ့တစောင်း

စာမျက်နှာ - ၁၂ ➤

## ကနေဒါနိုင်ငံ ဈေးကွက်သို့ တင်ပို့ရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၁၃ ➤

## ပို့ကုန်သွင်းကုန်ရုံး (ကျိုင်းတုံ)မှ ဩဂုတ်လအတွင်း လက်ဖက်ခြောက်အမယ် ပြန်လည်တင်ပို့နိုင်ခဲ့

စာမျက်နှာ - ၁၆ ➤

## နတ်မောက်မြို့နယ်ရှိ ကျေးလက်များတွင် ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် ဆိတ်မွေးမြူရေးလုပ်ကိုင်သူများ ဆိတ်ဈေးကောင်းရနေ

စာမျက်နှာ - ၂၂ ➤




MYANMAR PADAUK TRADING CO., LTD.
မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
KORYO CABLE
Made in Korea
Made in Korea
CADI-SUN
Made in Vietnam
EMG CABLE &WIRE
Made in Korea
N.I.U ELEC
Made in China
JEWAY
Made in China
IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
Available Items
Building Wire
Underground Cable
Overhead Cable
High Quality & Long Term Quality Control
Resonable Price for Customer
International Standard & Certified for Safety
We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor
Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784
Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366
Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664
Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002
Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72
Email : epshowroom@myanmarpadauk.com
Website : www.myanmarpadauk.com


SAILUN TIRE
ATREZZO SH406
ATREZZO SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street, Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street, Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

# မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏(၃/၂၀၁၈) ညှိနှိုင်းအစည်းအဝေးတွင် ပြည်ပမှ မော်တော်ယာဉ်များတင်သွင်းခြင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ်ညှိနှိုင်းဆွေးနွေး



မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၃/၂၀၁၈) ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက် ၁၃:၀၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၃/၂၀၁၈) အစည်းအဝေးတွင် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းမှုများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မော်တော်ယာဉ်များ မှတ်ပုံတင်ခွင့်အတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ယခုအစည်းအဝေးတွင် ညှိနှိုင်းပေါင်းစပ် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ကော်မတီဝင်များအနေဖြင့် ညှိနှိုင်းဆွေးနွေးသွားကြရန် ပြောကြားသည်။

ယင်းနောက် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးရန်နိုင်ထွန်းမှ မော်တော်ယာဉ် တင်သွင်းမှုနှင့် မော်တော်ယာဉ်မှတ်ပုံတင်ခွင့်ပြုနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုခြင်းကိုလည်း နိုင်ငံတော်၏ လက်ရှိကုန်သွယ်မှု အခြေအနေများ၊ ဒေါ်လာဈေးနှုန်း မြင့်တက်မှု၊ ကုန်သွယ်မှုလိုငွေပြမှု၊ နိုင်ငံတကာတွင် စက်သုံးဆီဈေးနှုန်း မြင့်တက်နေမှု၊ ပြည်ပမှ စက်သုံးဆီ တင်သွင်းမှု အခြေအနေများအရ ဘက်စုံဆန်းစစ်လေ့လာသုံးသပ်၍ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းမှ YVQC ကျင့်သုံးဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြောကြားသည်။ ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်မှ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ ကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီအနေဖြင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုနှင့် ပတ်သက်၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒများနှင့် မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတွင် ပါရှိသည့် လုပ်ငန်းဌာနများ၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စီးပွားရေးသံမှူး သင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးသံမှူး သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် ဧပြီလကစတင်ပြီး စီးပွားရေးသံမှူးများ ရွေးချယ်စေလွှတ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ တာဝန်ပေးအပ်ထားကြောင်း၊ **စာမျက်နှာ ၄ သို့**

# ဒုတိယဝန်ကြီး ဦးအောင်ထူး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် မွန်ပြည်နယ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ ဆွေးနွေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် စက်တင်ဘာ ၅ ရက် နံနက် ၈နာရီတွင် မော်လမြိုင်မြို့၊ ရာမညဟိုတယ်၌ ကျင်းပပြုလုပ်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် မွန်ပြည်နယ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတို့၏ ဆွေးနွေးညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ဗဟိုအဆင့်အေဂျင်စီနှင့် တိုင်းဒေသကြီး / ပြည်နယ် အေဂျင်စီများအကြား SME မူဝါဒများ၊ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများ၊ SME လုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်များ၊ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကူးသန်းရောင်းဝယ်မှု စသည့်ကဏ္ဍစုံမှ လိုအပ်ချက်များကို **စာမျက်နှာ ၁၃ သို့**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 18, No.36 Monday September 10 2018

# ဩဂုတ်လအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှု တန်ချိန် တစ်သိန်းငါးသောင်းနီးပါးရှိ

ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၇၂ သန်း တန်ဖိုးရှိ ဆန် ၂၃၄၀၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။

မြန်မာ- တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၂၀၈၀၄တန်နဲ့ ကောက်ညှင်းဆန် တန်ချိန် ၂၃၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၇၆၈ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၅၇၃တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၀ တန်၊ မောင်တောကုန်သွယ်ရေးစခန်းမှ တန်ချိန် ၂၀တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ဩဂုတ်လ တစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆၀၈ သန်းတန်ဖိုးရှိ ဆန် ၈၁၃၉၅ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇူလိုင်လနဲ့နှိုင်းယှဉ်ပါက ၄၂၅၅၄ တန် တင်ပို့မှု လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ မူဆယ်မှ ၁၄၇၃ တန်ကျော်နဲ့ လွယ်ဂျယ်မှ ၂၄၆ တန် တင်ပို့ခဲ့ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၅၆၂ သန်းဖြစ်ပါတယ်။ ဩဂုတ်လ တစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ သန်း တန်ဖိုးရှိ ဆန်ကွဲ ၃၆၂၈ တန် တင်ပို့ခဲ့ပြီး ဇူလိုင်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၈၃၄ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်ထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၄၈ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၄၃၂၀ ကို တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ အာရှနိုင်ငံများဖြစ်တဲ့ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၅၁ တန်ကျော်၊ စင်ကာပူနိုင်ငံသို့ ၇၄ တန်နဲ့ အာဖရိကရှိ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၈၉၅၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန်နဲ့ပေါင်းဆန် တန်ချိန် ၄၈၇၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဩဂုတ်လ တစ်လလုံး အတွင်းမှာ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၁၂ သန်းတန်ဖိုးရှိ ဆန် ၄၆၇၁၃ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇူလိုင်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ တန်ချိန် ၃၀၂၀ ပိုမိုတင်ပို့ခဲ့ကြောင်းသိရှိရပါတယ်။

ယခုတစ်ပတ် ရေကြောင်းမှအမေရိကန်ဒေါ်လာ သုညဒသမ ၉၄၄ သန်း တန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၃၁၅၀ တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ ၂၇၅ တန်နဲ့ အီးယူနိုင်ငံများသို့ ၂၈၇၅ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဩဂုတ်လ တစ်လလုံး အတွင်းမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၆၆ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၇၇၅၂ တန် တင်ပို့ခဲ့ပြီး ယခင်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ ၂၄၉၈ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ဩဂုတ်လအတွင်း ဆန်တင်ပို့မှု စုစုပေါင်းမှာ ၁၂၈၁၀၈ တန်ရှိပြီး ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၂၁၃၈၀ ရှိကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၇-၉-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၈၃ | ▽ | ၃၈၉ | ၃၉၃ | △ | ၄၀၅ | ၄၀၀ | ▽ | ၄၁၈ | ၄၀၅ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၃ | ၃၈၁ | ▽ | ၃၈၄ | ၃၈၈ | △ | - | - | - | ၄၁၃ | ၄၀၀ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၀ | ၃၇၈ | ▽ | ၃၈၀ | ၃၈၃ | △ | - | - | - | ၄၀၈ | ၃၉၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၃ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၇၀ | ၃၇၀ | □ | ၃၆၃ | ၃၆၁ | ▽ |
| ပေါင်းဆန် | ၄၁၀ | ၄၀၇ | ▽ | - | - | - | ၃၈၈ | ၃၈၃ | ▽ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၇-၉-၂၀၁၈)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၆၀၀၀ | □ | ၉၃၂၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၇၁၀ | △ | ၂၆၅၀၀ | □ | ၁၁၃၆၀ | △ | ၄၇၀၀၀ | □ |
| ပဲခူး | ၆၆၀၀ | □ | ၂၇၀၀၀ | □ | ၉၅၀၀ | □ | ၄၃၀၀၀ | △ |
| ရွှေဘို | ၆၅၀၀ | □ | ၂၅၀၀၀ | □ | ၁၆၅၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၂၀၀ | △ | ၂၅၀၀၀ | □ | ၉၉၀၀ | △ | ၄၅၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၃၂၀၀၀ | □ | - | - | ၅၂၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | △ | ၂၃၂၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မန္တလေး | ၇၃၀၀ | △ | ၂၉၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၉၅၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | □ | ၄၈၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | △ | ၃၇၀၀၀ | △ | - | - | ၆၂၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၇၀၀၀ | ▽ | - | - | ၅၄၀၀၀ | △ |
| ဘားအံ | ၇၃၀၀ | □ | ၂၈၀၀၀ | □ | - | - | ၅၆၅၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

# ပုသိမ်ဆန်/စပါးစျေးကွက် စက်တင်ဘာလ ပထမပတ်အတွင်း ဆန်ချောစျေးနှုန်းများမြင့်တက်

ယခု စက်တင်ဘာလ ပထမပတ်အတွင်း ပုသိမ်ဆန်/စပါး စျေးကွက်မှာ ဆန်ချောစျေးနှုန်းများ မြင့်တက်ပြီး ဧည့်မထဆန်စျေးနှုန်းများလည်း အနည်းငယ်မြင့်တက်လျက်ရှိသည်။ ဆန် ချောဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင် တင်း ၁၀၀ကို ယခင် ကျပ် ၁၄ သိန်း ဝန်းကျင်မှ ယခု ကျပ် ၁၅ သိန်းခန့်၊ ဆန်တစ်အိတ်ကို ကျပ် ၄၆၀၀၀/ ၄၇၀၀၀ မှ ကျပ် ၅၀၀၀၀ ဝန်းကျင်၊ ပေါ်ဆန်းရင်စပါး ၁၀၅ ပေါင် တင်း ၁၀၀ ကို ယခင် ကျပ် ၁၂ သိန်း၊ ကျပ် ၁၂ သိန်းခွဲမှ ယခု ကျပ် ၁၃ သိန်း၊ ကျပ် ၁၃ သိန်းခွဲခန့်၊ ဆန်တစ်အိတ်ကိုယခင် ကျပ် ၄၆၀၀၀/ ၄၇၀၀၀ မှ ယခု ကျပ် ၄၈၀၀၀/ ၄၉၀၀၀ ဝန်းကျင်ဖြစ်သွားသည်။ ထို့ကြောင့်စပါးတင်း ၁၀၀ ကိုကျပ်တစ်သိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကိုကျပ် ၂၀၀၀/ ၃၀၀၀ ဝန်းကျင်ခန့် စျေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးစျေးကွက်သတင်းများမှ သိရသည်။

မိုးဧည့်မထ မနောသုခ၊ မျိုးပွားစပါး ပေါင် ၁၀၀ တင်း၁၀၀ ကို ယခင် ကျပ် ၇၂၀၀၀၀/ ၇၃၀၀၀၀ မှ ယခု ကျပ် ၇၄၀၀၀၀/ ၇၅၀၀၀၀ ဝန်းကျင် ဆန်တစ်အိတ် ကျပ် ၂၄၅၀၀/ ၂၅၅၀၀ မှ ယခု ကျပ် ၂၅၀၀၀/ ၂၆၀၀၀၊ နွေသီးထပ်ရင် စပါးပေါင် ၁၀၀ တင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀/ ၆၃၀၀၀၀ မှ ယခုကျပ် ၆၄၀၀၀၀/ ၆၅၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၃၀၀၀/ ၂၃၅၀၀ မှ ယခု ကျပ် ၂၃၅၀၀/ ၂၄၀၀၀ ဖြစ်သွား၍ ဧည့်မထစပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ခန့်စျေးနှုန်း အနည်းငယ် မြင့်တက်မှုရှိခဲ့သည်။ ယခင်နှစ် ပုသိမ်မြို့ဆန်စပါးစျေးကွက်မှာ စပါးပေါ်ချိန် ပွင့်လင်းရာသီမှစ၍ ယခုအချိန်အထိ ရန်ကုန်၊အညာနှင့် ဒေသတွင်းအရောင်းအဝယ်ပုံမှန်ရှိလျက် ပေါ်ဆန်းစပါး စျေးကွက်မှာ စပါးပေါ်ချိန်မှစ၍ စျေးကောင်းရသည့်အတွက် တောင်သူများ တွက်ခြေကိုက်မှုရှိပြီး တောက်လျှောက် အမြင့်စျေးနှင့်သာ ရောင်းဝယ်လျက်ရှိသည်။ အခု လက်ရှိစျေးမှာလည်း ယခင်နှစ်များထက် အမြင့်စျေးတွင်သာရှိကြောင်း၊ ပေါ်ဆန်းဆန် ဝယ်လိုအားမှာလည်း ဧည့်မထဆန် ဝယ်လိုအားအတိုင်း ပုံမှန်ရှိပြီး စပါးဟောင်း လက်ကျန်များ လျော့နည်းလျက် ယခုလိုမိုးစပါးမပေါ်မီကြားကာလတွင် စျေးနှုန်းများမြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးကုန်သည် အသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

စာမျက်နှာ (၃) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် . . . . . . မှအဆက်

၂၀၁၅ ခုနှစ်က လက်ရှိစေလွှတ်ထားသည့် စီးပွားရေးသံမှူးများနေရာတွင် စီးပွားရေးသံမှူးအသစ်များ ခန့်အပ်တာဝန်ပေးအပ်ရန်အတွက် သင်တန်းပေးပြီး ရွေးချယ်စေလွှတ်သွားမည်ဖြစ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊

စီးပွားရေးသံမှူး စေလွှတ်ခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးနိုင်ရန်၊ ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်ရေးမြှင့်တင် ချိတ်ဆက်မှု ကောင်းကောင်း ရရှိရန်ဖြစ်ပါကြောင်း၊ စီးပွားရေးသံမှူးများကို စီးပွားရေးအရ အရေးပါသည့်နိုင်ငံများသို့စေလွှတ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

စီးပွားရေးသံမှူးများ အသိပညာ ဗဟုသုတများ ပြည့်ဝစေရန် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အတွေ့အကြုံများကို သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ စီးပွားရေး အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များကို ဖိတ်ကြားပြီး ပို့ချပေးမည်ဖြစ်ပါသည်။ အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနရှိ သတ်မှတ်ချက်နှင့် အကျုံးဝင်သော လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်း ၂၈ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ စီးပွားရေးသံမှူး သင်တန်း အမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ၃-၉-၂၀၁၈ မှ ၇-၉-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 986 | 65,902,795.760 |
| 2 | Form D | 87 | 3,083,191.200 |
| 3 | Form E | 118 | 3,559,140.410 |
| 4 | Korea GSP | 14 | 925,567.410 |
| 5 | Form AK | 188 | 8,393,402.226 |
| 6 | Form AJ | 15 | 564,222.370 |
| 7 | Form AI | 81 | 2,304,375.130 |
| 8 | Form AANZ | 11 | 259,959.320 |
| 9 | Form DFTP | - | - |
| 10 | Form CHINA | - | - |
| Grand Total | | 1500 | 84,992,653.826 |

# ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၇-၉-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃၁/၈ | ၇/၉ | ပြောင်းလဲမှု | ၃၁/၈ | ၇/၉ | ပြောင်းလဲမှု | ၃၁/၈ | ၇/၉ | ပြောင်းလဲမှု | ၃၁/၈ | ၇/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၄၃ | ၇၄၄ | ▲ | ၇၅၀ | ၇၅၀ | ■ | ၇၀၀ | ၇၅၀ | ▲ | ၆၈၅ | ၆၈၅ | ■ |
| ပဲစင်းငုံ | ၇၂၃ | ၇၄၄ | ▲ | ၆၅၀ | ၆၆၇ | ▲ | ၆၂၅ | ၆၆၀ | ▲ | ၅၇၅ | ၆၀၀ | ▲ |
| ပဲတီစိမ်း | ၁၆၀၀ | ၁၅၈၀ | ▼ | ၁၇၆၀ | ၁၇၄၂ | ▼ | ၁၅၅၂ | ၁၆၀၅ | ▲ | ၁၃၉၅ | ၁၄၅၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၀၅၀ | ၁၀၅၀ | ■ | ၁၃၉၇ | ၁၃၀၀ | ▼ | ၁၃၉၄ | ၁၃၀၄ | ▼ | ၁၄၂၀ | ၁၄၅၀ | ▲ |
| ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၀၀ | ▲ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၆၀ | ၁၃၆၀ | ■ | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၂၆၀၅ | ၂၇၀၀ | ▲ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၄၇၃ | ၂၄၇၃ | ■ | ၂၃၁၅ | ၂၃၁၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

# အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၂၅.၈.၁၈)ထိ | (၁.၉.၁၈)ထိ | (၁.၉.၁၈) ထိ |
| မတ်ပဲ | ၂၈၀၀၈၈ | ၇၇၁၅ | ၂၈၇၈၀၃ |
| ပဲတီစိမ်း | ၈၄၂၁၇ | ၂၉၀၅ | ၈၇၁၂၂ |
| ပဲစင်းငုံ | ၁၄၉၆၆၀ | ၇၇၂ | ၁၅၀၄၃၂ |
| ကုလားပဲ | ၄၂၉၉၀ | ၂၁၈၄ | ၄၅၁၇၄ |
| ပဲလွန်းဖြူ | ၂၀၀၅၉ | ၁၈၃ | ၂၀၂၄၂ |
| မြေထောက်ပဲ | ၉၃၂၉ | ၂၁၈ | ၉၅၄၇ |

## ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန်ဈေးငြိမ်

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန် (မြောင်)မှာ ဈေးငြိမ်လျက်ရှိပြီး တစ်ပိဿာလျှင် ကျပ်၂၅၀၀မှ ၂၇၀၀၊ မြေပဲဆန် (ကျွန်း) မှာ တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊မြေပဲဖြူလုံးဆန် တစ်ပိဿာလျှင်ကျပ်၂၆၀၀၊ M12 မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၆၀၀ ဖြင့် နေ့စဉ်အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်တွင် ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၁၅၀၀ ရှိခဲ့ပြီး အရောင်းအဝယ်အနည်းငယ်သာ ရှိခဲ့ပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲကြီး ပဲကြော်ဖိုသမားများနှင့် အရောင်းအဝယ် ပုံမှန်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း ပဲကြီးသီးနှံမှာ ဝင်ရောက်မှုအနေဖြင့် ရွှေကျွန်းပဲ ထက် ကမ်းနားပဲများ ပိုအဝင်များခဲ့တာကို တွေ့ရပါတယ်။ သို့သော်လည်း နေ့စဉ် ဝင်ရောက်ခြင်းမရှိဘဲ ရက်ခြားသာ ဝင်ရောက်ခြင်းဖြစ်တယ်လို့ သိရပါတယ်။

ဝယ်လက်ပဲကြော်ဖိုသမားများကတော့ ရွှေကျွန်းရော၊ ကမ်းနားပဲပါ ဝယ်ယူ ခဲ့ကြပြီး တစ်ရက်အိတ် ၂၀၀ ကျော် ၃၀၀ ပုံမှန်အဝယ်ရှိခဲ့ကြ ပါတယ်။ ပဲဈေးနှုန်းမှာ ရွှေကျွန်းတစ်တင်းကျပ် ၄၆၀၀၀၊ ကမ်းနား တစ်တင်း ကျပ် ၄၃၀၀၀တို့ဖြင့်ဈေးအမြင့် အတိုင်း အသီးသီး ဆက်လက်ရောင်းဝယ်နေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲနီပြားသီးနှံ လက်လီသာရောင်းဝယ်မှုဖြစ်ပြီး ဈေးကောင်းရနေ

ပြည်ပဲဈေးကွက်မှာ စက်တင်ဘာ ပထမပတ်အတွင်း ပဲနီပြားသီးနှံ အဝင် မရှိဘဲ လက်ကျန်ပဲ အနည်းငယ်ရှိလို့ လက်လီဝယ်ယူသူများဖြင့် အိတ်အနည်းငယ် သာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲဈေးမှာ တစ်ပတ်ထက် တစ်ပတ် ဈေးပိုမြင့်လာလို့ ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၄၅၀၀၀ ထိ ရလာခဲ့ပါတယ်။ ဒါကြောင့် ပဲဈေးကွက်အတွင်း လက်လီရောင်း ဝယ်မှုအဖြစ်များနေတဲ့ ပဲသီးနှံများထဲမှာတော့ ဈေးအမြင့်ဆုံးရလျက်ရှိကြောင်း သိရပါတယ်။ ယခင်နှစ်ကလည်း ပဲနီပြားသီးနှံဟာ ဈေးကောင်းဝင်ပဲသီးနှံဖြစ်ပြီး ယခုနှစ်ကတော့ ယခင်နှစ်ထက် ဈေးကောင်းပိုရနေခဲ့ကြောင်း လေ့လာသိရှိရပါ တယ်။

**ခင်ဆွေဝင်း**

# ဈေးနှုန်းထိန်းညှိရန်အတွက် သိုလှောင်ထားသည့် ကုလားပဲများအား အိန္ဒိယအစိုးရ ထုတ်ရောင်းမည်

အိန္ဒိယနိုင်ငံ၌ မကြာမီပွဲတော်ကာလသို့ ရောက်ရှိတော့ မည်ဖြစ်ရာ ဗဟိုအစိုးရသည် ဈေးကွက်အတွင်း ကုလားပဲ လွယ်လင့်တကူရရှိရန်နှင့် ဈေးနှုန်းတည်ငြိမ်ရေး ထိန်းညှိ ရန်တို့အတွက် ပွဲတော်ရာသီမတိုင်မီ ကြိုတင်၍သိုလှောင် ထားသည့် ပဲများကိုထုတ်ရောင်းပေးရန် စဉ်းစားနေကြောင်း၊ ထို့ပြင် ပြည်သူအများလိုအပ်သည့် အာဟာရပြည့်မီရေး Public Distribution System အောက်တွင် ပဲများ စတင် ဖြန့်ဖြူးပေးရေးတို့ကိုလည်း ဆောင်ရွက်နေသည်ဟု စားနပ် ရိက္ခာ ဝန်ကြီးဌာန၊ တာဝန်ရှိသူတစ်ဦးက ပြောကြားထား ကြောင်း သိရှိရပါသည်။

ပွဲတော်ရာသီတွင် မုန့်ချိုနှင့် အခြားအိန္ဒိယမုန့်ပဲ သရေ စာများ ပြင်ဆင်ပြုလုပ်ရန်အတွက် ကုလားပဲမှုန့် သည် အရေး ကြီးပါဝင်ပစ္စည်းတစ်ခုဖြစ်ရာပြီးခဲ့သည့် တစ်လအတွင်း ဈေး ကွက်အတွင်း ကုလားပဲဈေးမှာကောင်းလာနေကြောင်း၊ သို့ဖြစ်၍ ဈေးကွက်အခြေအနေကို မျက်ခြေမပြတ် လေ့လာ စောင့်ကြည့်နေပြီး လိုအပ်လာပါက သိုလှောင်ထားသည့် ပဲများကိုဈေးကွက်အတွင်း ထုတ်ရောင်းပေးမည်ဖြစ်ကြောင်း၊ အစိုးရလက်ဝယ်တွင်သို လှောင်ထားသည့် ပဲတန်ချိန်၄၅သိန်း အနက် ကုလားပဲမှာတန်ချိန် ၂၇သိန်းခန့်ရှိသည်ဟု အတည်ပြု ပြောကြားထားကြောင်းသိရှိရပါသည်။

**ယဉ်ယဉ်နွယ် (စီးပွားရေးသံမှူး)**

## ဈေးနှုန်းအနည်းငယ်မြင့်တက်လာတဲ့ မတ်ပဲ

သာယာဝတီခရိုင်အတွင်း မြို့နယ်များမှာ ရောင်းဝယ်မှုများဖြစ်တဲ့ မတ်ပဲဈေးနှုန်းများမှာ ယခင်ပတ်တွင် ပိဿာ ၂၀ တစ်တင်းလျှင် ၁၄၂၀၀ခန့်ရှိရာမှ တစ်တင်းလျှင်ကျပ် ၁၅၃၀၀ ထိ မြင့်တက်သွားပါတယ်။ ထိုကဲ့သို့ ဈေးနှုန်းမြင့်တက်ရခြင်းမှာ ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းမြင့်တက်ခြင်း၊ ဒေါ်လာဈေးများမြင့်တက်ခြင်းကြောင့် မတ်ပဲဈေးနှုန်းအနည်းငယ် မြင့်တက်ရခြင်းဖြစ်သည်ဟု လေ့လာသိရှိရပါတယ်။

**ဝေဝေဖြိုး(သာယာဝတီ)**

## ပြည်ဈေးကွက်သို့ မိုးမြေပဲအသစ်များ စတင်ဝင်ရောက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ မိုးမြေပဲများကို ပြည်အောင်လံကြား ကျေးရွာများနှင့် သဲကုန်း၊ ရွှေတောင်မြို့နယ်ရှိ ညောင်စာရေးရွာမှ တစ်နေ့လျှင် အိတ် ၄၀၀ ခန့် စတင်ဝင်ရောက်နေပြီ ဖြစ်ပါတယ်။

ဝင်ရောက်လာသော မြေပဲအစိုများကို ပွဲရုံများတွင် နေလှန်းကြိတ်ခွဲပြီး မြေပဲဆန်များကို ပြန်လည်ရောင်းချခြင်း၊ လှောင်ခြင်းများ ပြုလုပ်ကြတာဖြစ်ပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် (အဖြူ) ကျပ် ၂၃၀၀၊ (အနီ) ကျပ် ၂၄၀၀ ဖြင့် ဆီစက်များက အဝယ်ရှိ လို့ တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ လုံးဆန်ဈေးမှာ တစ်ပိဿာလျှင် (အဖြူ) ကျပ် ၂၆၅၀၊ (အနီ) ကျပ် ၂၈၀၀ ဖြင့် ပဲလှော်ဖိုသမားများက တစ် နေ့လျှင် အိတ် ၁၅၀ ခန့် အဝယ်ရှိတာ တွေ့ရပါတယ်။ မြေပဲဆီ ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၅၄၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း (ပြည်)**



## လက်လီဈေးကွက်မှာ ဈေးအေးနေတဲ့ ပြည်ပဲပုပ်

စက်တင်ဘာလဆန်း ပြည်ပဲဈေးကွက်တွင် ပဲပုပ်သီးနှံကလည်း လက်လီသာ ရောင်းဝယ်မှုဖြစ်နေခဲ့ပါတယ်။ ပဲထွက် ပေါ်ချိန်ကာလနှင့် ဈေးကွက်သို့ ပဲဝင်ရောက်ချိန်ကာလများတွင် လက်လီ၊ လက်ကားအရောင်းအဝယ်သွက်ခဲ့ပြီး ပဲအဝင် ပါးသွားချိန်မှစ၍ လက်ကျန်ပဲများအား လက်လီဝယ်ယူသူများဖြင့်သာ ဝယ်ယူမှုရှိခဲ့ကြပါတယ်။ အရောင်းအဝယ်ဖြစ်မှု အနေဖြင့် အိတ်အနည်းငယ်သာဖြစ်ခဲ့ပြီး ပဲတစ်တင်းကျပ် ၂၆၅၀၀ မှ ၂၇၀၀၀ အတွင်း ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် လက်လီပဲဈေးကွက်အတွင်းမှာ အခြားပဲအချို့ ဈေးကောင်းရသော်လည်း ပဲပုပ်သီးနှံအနေဖြင့် ဈေးအေးနေတဲ့ ပဲအမျိုးအစားထဲ ပါဝင်နေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ဩဂုတ်လအတွင်း တရုတ်နိုင်ငံသို့ နှမ်းရောင်စုံ တန်ချိန်လေးထောင်ကျော်တင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းများမှ ဩဂုတ်နောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃၂ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၁၈၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်း အလိုက် တင်ပို့မှုမှာ မူဆယ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၅ သန်းတန်ဖိုးရှိနှမ်းနက် ၃၁ တန်၊ နှမ်းဖြူ ၁၆ တန်၊ နှမ်းဖြူ (အခွံချွတ်) တန် ၂၀ နဲ့ ချင်းရွှေဟော်မှ နှမ်းနက် ၇၆၆ တန်ကျော်၊ နှမ်းဖြူ ၂၁၉ တန်၊ နှမ်းညို တန် ၅၀ ကျော်နဲ့ နှမ်းညို(အခွံချွတ်) ၈၄ တန်ခွဲ ဖြစ်ပါတယ်။ ဩဂုတ်လအတွင်း မူဆယ်နဲ့ ချင်းရွှေဟော်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နှမ်းရောင်စုံ တန်ချိန်လေးထောင်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဩဂုတ်နောက်ဆုံးပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၉၅၅၉၄၇ကျပ်၊ နှမ်းနက် တစ်တန်လျှင် ၂၀၆၆၀၇၉ ကျပ် ဈေးရှိပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၇၉၁၇၇ တန်ဖိုးရှိနှမ်းညို ၆၈ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဩဂုတ်လတစ်လလုံး နှမ်းတန်ချိန် ၆၀၀ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# စပါးသီးနှံပိုးမွှားရောဂါ ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းပါ

**အောင်ဆန်း (စိုက်ပျိုးရေး)**

မိုးရာသီဝင်ရောက်ခဲ့သည်မှာ ဩဂုတ်လပင် ကျော်လွန်ခဲ့လေပြီ။ ယခုနှစ်ဝါထပ်သဖြင့် မိုးများပြီး အချို့အနိမ့်ပိုင်း စပါးခင်းများ ရေမြုပ်သည့်ဒဏ်ခံကြရသည်။ ဒေသအနှံ့တွင် ရေတော်မိုးတော်စပါးများ ဧကများများစိုက်ပျိုးပြီးနေကြပြီဖြစ်သည်။ ရေကြီးနစ်မြုပ်ပြီး ရေကျ၍ ပြန်ပေါ်လာသော စပါးခင်းများနှင့် ရေတော်မိုးတော်စပါးခင်းများ ပိုးမွှားရောဂါအထူးသတိပြုရမည့်နှစ်ဖြစ်သည်။ အစဉ်အဆက်မပြတ် မိုးအုံ့ မိုးရွာနေသဖြင့် ပိုးမွှားရောဂါကျရောက်စေမှုကိစ္စကို ဖန်တီးပေးနိုင်သောပတ်ဝန်းကျင်ရာသီဥတုဖြစ်နေသည်။

စပါးတွင်အဓိကကျရောက်နိုင်သော ပိုးမွှားများမှာ ပိုးလောင်မီး၊ ရွက်လိပ်အိမ်ပိုး၊ ကြက်သွန်မြိတ်ပိုး၊ ငမြောင်တောင်ပိုး၊ ဖြုတ်ပိုး၊ ဆစ်ပိုး၊ နှံစုပ်ပိုး၊ နှံဖြတ်ပိုးနှင့် ရွှေခရုတို့ဖြစ်သည်။

ပိုးလောင်မီးပိုးသည် စပါးစတင်အပင်ပေါက်သည်မှ ပျိုးခင်း၊ စိုက်ခင်း၊ ကြဲခင်းများတွင်ကျရောက်လေ့ရှိသည်။ ပိုးလောင်မီးသည် အပင်ငယ်စဉ်နှစ်ပတ်သားမှ စတင်ကျရောက်နိုင်သည်။ ထိထိရောက်ရောက်ကာကွယ်နှိမ်နင်းနိုင်ရန်မှာ အပင်ငယ်စဉ် ကာကွယ်နှိမ်နင်းမိစေရန် စီမံခြင်းဖြစ်သည်။ ပိုးလောင်မီးပိုး စတင်ကျပြီဆိုလျှင် ဆေးရွက်ကြီးမှုန့် (၂-၃) ပြည်ခန့်ကြဲပက်ပေးပါ။ နှစ်ကြိမ်ခန့်ပက်ပေးပါ။ ပိုးကောင်အရေအတွက် ပွားများလာမည်ဆိုပါက ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးကို ပက်ဖျန်းကာကွယ်နှိမ်နင်းရန် လိုပါသည်။

စပါးတွင် ကျရောက်သော ပိုးတစ်မျိုးမှာ ရွက်လိပ်အိမ်ပိုးဖြစ်ပါသည်။ စပါးပင် ပင်ပွားစုံချိန်မှစ၍ကျရောက်တတ်ပါသည်။ စွတ်စိုထိုင်းမှိုင်းသော ပတ်ဝန်းကျင်ရာသီဥတုဆိုလျှင်ပို၍ ကျရောက်ပါသည်။ ယခုနှစ်အထူးသတိပြုရန် ဖြစ်ပါသည်။ ပိုးလောက်ကောင်သည် စပါးရွက်ကိုဖြတ်၍ အလျားလိုက်လိပ်ပြီး အိမ်ပြုလုပ်၍ အိမ်ထဲတွင် ခန္ဓာကိုယ်ထားပြီး ဦးခေါင်းလေးသာ အိမ်အပြင်ထုတ်ထားပါသည်။ အိမ်ကလေးဖြင့်စပါးရွက်အောက်မျက်နှာပြင်တွင် တွဲလောင်းခို၍ စပါးရွက်အစိမ်းသားများကို ခြစ်ပြီးစားသောက်ပါသည်။ စပါးရွက်လိပ်အိမ်ပိုးသည် ရွက်လိပ်အိမ်များ အမြဲစွတ်စိုနေမှသာ အသက်ရှင်နေနိုင်သည်။

စပါးရွက်လိပ်အိမ်ပိုးကို ထိရောက်စွာကာကွယ်နှိမ်နင်းရန်မှာ ပင်ပွားစုံချိန်လက်ဦးမှုရရှိအောင် ဆေးဖျန်းခြင်းပင် ဖြစ်ပါသည်။ ရွက်လိပ်အိမ်ပြုလုပ်ပြီးပါက ဆေးဖျန်းလျှင် ထိရောက်မှုနည်းသွားပါသည်။ ဆေးကိုပင်လုံးပြန့်ပိုးသတ်ဆေးကို အသုံးပြုသင့်သည်။ ရွက်လိပ်အိမ်များခြောက်သွားစေရန် စပါးခင်းအတွင်းမှရေကို(၂-၃)ရက် ကုန်စင်အောင် ထုတ်ပစ်ရန် လိုအပ်ပါသည်။

စပါးကို ဒုက္ခပေးနိုင်သော နောက်ပိုးတစ်မျိုးမှာ ငမြောင်တောင်ပိုးဖြစ်ပါသည်။ ပျိုးခင်း၊ စိုက်ခင်း၊ ကြဲခင်းမှ အပင်ကြီးထွားချိန် ထိကျရောက်လေ့ရှိပါသည်။ ပုံမှန်မဟုတ်သော ရာသီဥတုဖြစ်ပေါ်ချိန်တွင် ထူးကဲစွာ ကျရောက်တတ်ပါသည်။ ငမြောင်တောင်ဥစတင်တွေ့လျှင် ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် ပက်ဖျန်းကာကွယ်နှိမ်နင်းရန် လိုအပ်ပါသည်။ ငမြောင်တောင်ကျရောက်ပြီဆိုပါက ကန်သင်းခိုင်ခန့်အောင်ပြုလုပ်၍ ရေလျှောင်ထားရန် လိုအပ်ပါသည်။

မိုးအုံ့တိမ်ထူစွတ်စိုသောရာသီဥတုတွင် စပါးသီးနှံကိုဖျက်ဆီးမည့် ပိုးတစ်ကောင်မှာ ကြက်သွန်မြိတ်ပိုး ဖြစ်ပါသည်။ ကြက်သွန်မြိတ်ပိုးသည် စပါးပင်ငယ်စဉ်တစ်လသားအတွင်း ကျရောက်လေ့ရှိပါသည်။ မိုးစပါး၊ နွေစပါးသီးထပ်စိုက်ပျိုးသော ဒေသများတွင် ပိုမိုကျရောက်လေ့ရှိပါသည်။ ရေကြီးနစ်မြုပ်ပြန်လည်စိုက်ပျိုးရသော စပါးခင်းများတွင်လည်း ကျရောက်တတ်ပါသည်။ ကြက်သွန်မြိတ်ပိုးဟာ မမြင်နိုင်ဘူး၊ မသိသာဘူး၊ တောင်သူလယ်သမားကြီးများ လုံးဝမသိလိုက်ရဘဲ စပါးပင်အောက်စပါးပင်စည်ထဲဝင်ပြီး ဖျက်ဆီးခံရခြင်းဖြစ်ပါသည်။ ကြက်သွန်မြိတ်ပိုးကျရောက်ပါက နောက်ဆုံးထွက်သောစပါးရွက်သည် ကြက်သွန်မြိတ်ကဲ့သို့ ထောင်နေပြီး အနှံလုံးဝထွက်လာခြင်း မရှိတော့ပါ။ ကြက်သွန်မြိတ်ပိုးကို ထိထိမိမိ ကာကွယ်နှိမ်နင်းမှုမပြုလုပ်လျှင် ဆုံးရှုံးမှု ၄၀-၆၀ ရာခိုင်နှုန်းထိရှိတာတွေ့ရပါသည်။ ကြက်သွန်မြိတ်ပိုးကျရောက်ပြီးလျှင် ဆုံးရှုံးပြီးဖြစ်ပါသည်။ ကာကွယ်နှိမ်နင်း၍ မရနိုင်တော့ပါ။ အပင်နုချိန်တွင် ပင်လုံး ပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် လက်ဦးမှုရရှိအောင် ကြိုတင်ကာကွယ်နှိမ်နင်းထားရန် လိုအပ်ပါသည်။ ဆေးဖျန်းရာတွင် နံနက်စောစောဆေးဖျန်း ရန်လိုပါသည်။ပိုတက်ရှ်မြေဩဇာသုံးစွဲမှုကိုလျှော့ချသင့်ပါသည်။

စပါးပင်ကိုဒုက္ခပေးမည့် ပိုးတစ်မျိုးမှာ နှံစုပ်ပိုးဖြစ်ပါသည်။ နှံစုပ်ပိုးသည် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း၊ မိုးကောင်းသောနှစ်များတွင် ပိုမိုဆိုးရွားလေ့ရှိပါသည်။ စပါးဖုံးတုံးလုံးတုံးအချိန်မှစ၍ စပါးခင်းအတွင်းရှိနေပြီဖြစ်ပါသည်။ အနှံမထွက်သေးပါက အရွက်နုများကို စားသောက်ပါသည်။ စပါးနှံထွက်လာပါက စပါးခွံနုနုကို ဖောက်၍ အတွင်းဆန်သားနုကို စုပ်စားပါသည်။ နှံစုပ်ပိုး၏ စစ်ထုတ်ရည်ကြောင့် စပါးစေ့ပေါ်တွင် အညိုရောင်၊ အနက်စက်ရောင်များ စွန်းထင်းပြီးအနံ့ဆိုးလည်းထွက်ပါသည်။ စပါးစေ့ပျက်စီးစေပြီး ကျန်ရှိနေသော စပါးစေ့များကို အရောင်အသွေးပျက်စေပါသည်။စပါးမှို့ကပ်ချိန်တွင် နံနက်စောစောနှင့် ညနေပိုင်းတို့တွင် ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် တစ်ပင်လုံးနှံ့အောင်ဖျန်းရန် လိုအပ်ပါသည်။ ထိထိရောက်ရောက် မကာကွယ်နိုင်ပါက ၁၀-၄၀ ရာခိုင်နှုန်းထိ ဆုံးရှုံးနိုင်ပါသည်။

စပါးသီးနှံတွင် အဆိုးဆုံးသောဖျက်ပိုးမှာ ဆစ်ပိုးပင်ဖြစ်သည်။ ဆစ်ပိုးသည်အနံ့ရှိသော စပါးမျိုးများတွင် ပို၍ကျရောက်လေ့ရှိပါသည်။ ဆစ်ပိုးတွင် အဝါရောင်ဆစ်ပိုး၊ အစင်းပါဆစ်ပိုး၊ ခေါင်းမည်းဆစ်ပိုး၊ အဖြူရောင်ဆစ်ပိုးဟူ၍ ရှိသည်။ စပါးပင်ပွားချိန်မှစ၍ ဖလံများကိုတွေ့ရှိရပါသည်။ စပါးအနှံ့မထွက်မီချိန်ကိုက်၍ ဖလံအမများသည် စပါးရွက်အခြေတွင်ဥများကို ဥချပါသည်။ အကောင်များ ပေါက်လာသောအခါ အဆစ်နားမှာကပ်၍ အပေါက်ငယ်ဖောက်ပြီး ပင်စည်အတွင်းသို့ဝင်၍ ပင်စည်အတွင်းသားကိုစားသည်။ စပါးအနှံ့ထွက်လာသောအခါ စပါးနှံသည် အစာအာဟာရမရရှိသဖြင့် ဖြူ၍ ထောင်နေပြီးအဆံမထည့်တော့ပါ။ ဆိုးရွားစွာကျရောက်ပါက တံစဉ်လွတ်သည်ထိ ဆုံးရှုံးနိုင်သည်။ ၄၀-၅၀ ရာခိုင်နှုန်းထိ ဆုံးရှုံးနိုင်ကြောင်းတွေ့ရှိရသည်။

ဆစ်ပိုးကာကွယ်နှိမ်နင်းရန် မှို့ကပ်ချိန်မှစ၍ ပင်လုံးပြန့်ပိုးသတ် ဆေးတစ်မျိုးမျိုးကြိုတင်၍ အရွက်ကြားအားလုံးထိအောင် ဖျန်းရန် လိုအပ်ပါသည်။ စိုက်ခင်းထဲမှရေကို တစ်ရက်ခန့်ထုတ်ပြီး ရေပြန်လှောင်ပေးပါ။ ယခင်နှစ် ဆစ်ပိုးကျရောက်ခဲ့သော လယ်ကွက်ဖြစ်ပါက ရိုးပြတ်ကိုကောင်းစွာလောင်ကျွမ်းအောင် မီးရှို့ပြီး မြေကို ထယ်လှန်ပေးရန် လိုပါသည်။ မှို့ကပ်ချိန်တွင် စပါးခင်း ၅ ဧကလျှင် မီးတိုင်တစ်တိုင်နှုန်းဖြင့် တစ်ကွင်းတစ်စပ်တည်း မီးရောင်ထောင်ချောက်ထွန်းညှိပေးရန် လိုအပ်ပါသည်။

စပါးသီးနှံတွင် အဓိကကျရောက်ဖျက်ဆီးနေသော ပိုးတစ်ကောင်မှာ ရွှေခရုပင်ဖြစ်ပါသည်။ ယခုနောက်ပိုင်းတွင် ရွှေခရုသည် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ ရခိုင်၊ မွန်၊ ကရင်၊ တနင်္သာရီဒေသများတွင် အဓိကဖျက်ပိုးအဖြစ် ဒုက္ခပေးလျက်ရှိသည်။ ရွှေခရုသည် ဥဘဝမှအရွယ်ရောက် အကောင်ကြီးအဆင့်ထိ ရက်ပေါင်း ၆၀ ကြာသည်။ ရွှေခရုအကောင်ကြီးဘဝသည် အများဆုံး ၃ နှစ်ထိ အသက်ရှင်နေနိုင်သည်။ မိုးဦးကျမေ၊ ဇွန်လများတွင် မြစ်ကမ်း၊ ချောင်းရိုး၊ မြောင်းရိုး တစ်လျှောက်ပေါက်နေသော ကျူ၊ ကိုင်း၊ မြက်ရိုင်းပင်များ၏ ပင်စည်များပေါ်တွင် ပန်းနုရောင်ဥမြုံများတွယ်ကပ်ဥသည်။ ဥမြုံတစ်မြုံလျှင် ဥပေါင်းထောင်ချီ၍ ပါဝင်သည်။ ဥဘဝတွင် နှစ်ပတ်ကြာပါက အကောင်ပေါက်သည်။ တစ်လခန့်ကြာလျှင် အကောင်ငယ်ဘဝရောက်သည်။ ရက်ပေါင်း ၅၀-၆၀ ကြာလျှင် အကောင်ငယ်ဘဝမှ အကောင်ကြီးဘဝရောက်သည်။ စပါးပျိုးခင်း၊ ကြဲခင်း၊ စိုက်ခင်း နှစ်ပတ်သားမှ တစ်လသားအတွင်း အကောင်ငယ်၊ အကောင်ကြီးတို့က ကိုက်ဖြတ်ဖျက်ဆီးသည့် စပါးပင်ကို ငုံးငုံးတိုအောင်ကိုက်ဖြတ်သဖြင့် ဆုံးရှုံးမှုများသည်။

ရွှေခရုကို ထိရောက်စွာကာကွယ်နှိမ်နင်းရန်မှာ ဥဥချိန် ဥမြုံများကိုလိုက်လံရှာဖွေဖျက်ဆီးပစ်လျှင် ရွှေခရုအကောင်သောင်းနှင့်ချီ၍ကြိုတင်ကာကွယ်နှိမ်နင်းပြီး ဖြစ်စေပါသည်။ ရေစီးရေလာရှိသောနေရာ၊ လယ်ကတွတ်ပေါက်တို့တွင် ပိုက်ဖြင့်ခံဖမ်းဆီး၍ချေဖျက်ပစ်ပါ။ Metaldehyde 1 % နှင့် Niclosamide 25 % တို့ကို တစ်ဧက ၂၀၀-၄၀၀ စီစီနှုန်း ဖျန်းပါ။ Niclosamide 70 WP တစ်ဧက ၁၈၀-၂၄၀ ဂရမ်နှုန်းဖျန်းပေးပါ။ တစ်ဧကထုံး ၁၅၀ ပိဿာသုံးပါ။ မြေပြင်ပြီးချိန်ဆေးရွက်ကြီးနှုန်းနှင့် တမာကြိတ်ဖတ်များ ကြိုတင်ထည့်ပေးရန် ဖြစ်ပါသည်။

ဆက်လက်ဆွေးနွေးလိုသည်မှာ စပါးတွင်ကျရောက်သော အဓိကရောဂါကြီးများ ကာကွယ်နှိမ်နင်းရေးပင် ဖြစ်ပါသည်။ စပါး တွင်ကျရောက်သောရောဂါကြီးတစ်ခုမှာ စပါးဘက်တီးရီးယားရွက်ခြောက်ရောဂါ (Baterial Leaf Blight = BLB) ဖြစ်ပါသည်။

**စာမျက်နှာ ၁၆ သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၆ . ၉ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ဆူးလေဆိပ်ကမ်း (၁) | - ANA _M | ဆန် ၁၀၀၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၃) | - MAAN AUNG | သကြား ၇၅၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၄) | - HAN THAR | သကြား ၉၀၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၅) | - KEREM | ဆန် ၂၂၀၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၇) | - OCEAN PRINCESS | ဆန် ၂၂၀၀၀ တန်ကုန်တင်ရန် |
| T.M.T.1 | - VINALINE FREEDOM | UREA ၁၂၀၀ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - FENG ZE HAI | ကုန်သေတ္တာ ၂၈၅၆၅ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - PA PA JOHN | စတီး ၂၂၀၇၇ ကုန်တင်ရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CSC RUI HAI | PKG FOLKLIFT1UNITကုန်ချရန် | JAPAN | ၈.၉. ၂၀၁၈ |
| BEST FUTURE | RICE | TOGO | ၈.၉. ၂၀၁၈ |
| BANG SAO TONG | SUGAR | THAILAND | ၁၀.၉. ၂၀၁၈ |
| MALAYSIA STAR | UNIT VEHNICLE(RO,RO) | JAPAN | ၁၀.၉. ၂၀၁၈ |
| LEMAN EXPRESS | UNIT VEHNICLE(RO,RO) | JAPAN | ၁၅.၉. ၂၀၁၈ |
| MODERN LINK | UNIT VEHNICLE(RO,RO) | JAPAN | ၁၅.၉. ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ် | ၆.၉. ၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၉. ၂၀၁၈ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၉. ၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၉. ၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၉. ၂၀၁၈ |
| YANTRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၉. ၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၀.၉. ၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၉. ၂၀၁၈ |
| EF ELENA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၉. ၂၀၁၈ |
| AS FRIDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၉. ၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၉. ၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၃.၉. ၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.VIET STAR | P'Oil(In Bulk) | MNGPT JETTY | ၆.၉.၂၀၁၈ |
| MT.YU DONG | MOGAS 92RON | GREEN ASIA JEETY | ၆.၉.၂၀၁၈ |
| MT.SENNA-2 | LPG(GAS) | ELITE JETTY | ၇.၉.၂၀၁၈ |
| MT.CP-38 | P'Oil(In Bulk) | INDONESIA | ၈.၉.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၈.၉.၂၀၁၈ |
| MT.OCEAN WINTER | DIESEL OIL | SINGAPORE | ၉.၉.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၀.၉.၂၀၁၈ |
| MT.PEN YUAN | P'Oil(In Bulk) | INDONESIA | ၁၀.၉.၂၀၁၈ |
| MT.OCEAN SPRING | ဒီဇယ်ဆီ | SINGAPORE | ၁၁.၉.၂၀၁၈ |
| MT.SK LINE 1 | P'Oil(In Bulk) | INDONESIA | ၁၁.၉.၂၀၁၈ |
| MT.OCEAN VICTORY | ဒီဇယ်ဆီ | INDONESIA | ၁၂.၉.၂၀၁၈ |
| MT.CHAO ANOMA | ဒီဇယ်ဆီ | SINGAPORE | ၁၃.၉.၂၀၁၈ |
| MT.PHUBAI PATTRA | P'Oil(In Bulk) | INDONESIA | ၁၅.၉.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၁၇.၉.၂၀၁၈ |

## ကြက်သွန်

# ပခုက္ကူခရိုင်အတွင်း ကြက်သွန်နီဈေးအနည်းငယ်မြင့်တက်

ယခုတစ်ပတ် ပခုက္ကူခရိုင်အတွင်းတွင် ကြက်သွန်နီဈေးအနည်းငယ်မြင့်တက်လျက်ရှိပြီး ကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ ကြက်သွန်နီအဝင်နည်းလာတာကိုလည်းတွေ့ရှိရပါတယ်။ ယခင်ရက်များက ကြက်သွန်နီ လက်ကားဈေးတစ်ပိဿာ ကျပ် ၅၁၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ကြက်သွန်နီ ထိပ်စလက်ကားဈေးတစ်ပိဿာလျှင် ၆၂၅ ကျပ်ထိမြင့်တက်လာခဲ့ပါတယ်။

ကြက်သွန်စိုက်ပျိုးရာဒေသဖြစ်သည့် ဆိပ်ဖြူဒေသတွင်လည်း ကြက်သွန်ဈေးအနည်းငယ်တက်ခဲ့ပါတယ်။ဆိပ်ဖြူမြို့၏ ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၆၄၀၊ လတ်စတစ်ပိဿာလျှင် ၅၉၅ ကျပ်၊ အနိမ့်စတစ်ပိဿာလျှင် ၅၄၅ ကျပ်ရှိခဲ့ပြီး ကုန်ချိန် ၂၀၀၀၀ မှ ၄၀၀၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ကြက်သွန်နီ အရောင်းအဝယ်အေးပေမယ့် ဈေးနှုန်းအနည်းငယ်မြင့်တက်



ပြည်ဈေးကွက်အတွင်းသို့ ပခုက္ကူ ဆိပ်ဖြူဘက်မှ ကြက်သွန်နီများ နေ့စဉ် ၃၅ ပိဿာဝင် အိတ် ၃၀၀/၃၅၀ ခန့် ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။ ပြည်ပွဲရုံလုပ်ငန်းရှင်များမှ အရောင်းအဝယ်မကောင်းသည့်အတွက် ရောင်းဝယ်မှုဖြစ်မည့် ပမာဏလောက်ကိုသာ နေ့စဉ်မှာယူ တင်သွင်းရောင်းချမှုရှိနေကြောင်းလည်း ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ဒေသတွင်းပုံမှန်ဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ ပုံမှန်နယ်ကျော်တင်ပို့မှုများဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။

ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေပေမယ့် ဈေးနှုန်းမှာ လက်လီလက်ကား တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် မြင့်တက်သွားတာတွေ့ရပါတယ်။ ဈေးနှုန်းများအနေနဲ့ ပွဲရုံလက္ကားဈေးတစ်ပိဿာလျှင်အရည်အသွေးပေါ် မူတည်၍ ကျပ် ၅၅၀-၆၀၀-၆၅၀-၇၀၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၇၀၀-၈၀၀၊ (လတ်) ကျပ် ၈၀၀-၉၀၀၊ (သေး) ကျပ် ၆၅၀-၇၀၀ စသည်ဖြင့် အသီးသီးရောင်းဝယ်မှုရှိနေပြီး ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ဈေးအနည်းငယ်မြင့်တက်သွားကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

## ပြောင်း

# ဩဂုတ်လအတွင်း တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် လေးသောင်းခွဲခန့် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ လွယ်ဂျယ်မှ ဩဂုတ်နောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၀၅ သန်း တန်ဖိုးရှိ ပြောင်း ၁၀၅၃၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၁၃၄၀၀ နဲ့ နှိုင်းယှဉ်ပါက တန် ၂၈၀၀ ကျော် လျော့နည်းခဲ့ပါတယ်။

စခန်း အလိုက်တင်ပို့မှုမှာ မူဆယ်မှ ၉၀၆၄ တန်ကျော်နဲ့ လွယ်ဂျယ်မှ ၁၄၇၃ တန်ခွဲ ဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၂၁၇၃၉ ကျပ်ရှိရာမှ ဩဂုတ်နောက်ဆုံးပတ်မှာ ၃၂၅၉၉၁ ကျပ်သို့ ဈေးပြန်လည်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၂၈၇စီး ဝင်ရောက်ခဲ့ကြောင်း၊ ဩဂုတ်လအတွင်း တရုတ်နိုင်ငံသို့ ပြောင်းဖူးစေ့ တန်ချိန်လေးသောင်းခွဲတင်ပို့ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်သို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၁၆၀ တန်ဖိုးရှိကြက်သွန်နီ ၇၀၀၀ ကီလိုဂရမ်၊ မြန်မာကျပ်ငွေ ၅၇၀၀၀၀ တန်ဖိုးရှိကြက်သွန်နီ(အသေး) ၁၅၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁၄၅၂ တန်ဖိုးရှိငရုတ်သီးခြောက်၈၀၀ ကီလိုဂရမ်တို့ဖြင့် ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရပါတယ်။

ဩဂုတ်လအတွင်း ကယားပြည်နယ်မှ မန္တလေးမြို့၊ မန္တလေး-မူဆယ်ဘက်သို့ ဒေသထွက်ဧည့်မထ စုစုပေါင်း ဆန်အိတ် ၂၃၂၆၂ အိတ် တန်ချိန်အားဖြင့် ၁၁၆၈ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းသို့ တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ ၁၀၇၇၉ အိတ်၊ မန္တလေးမြို့မှ ၂၃၅၇ အိတ်၊ ရွှေဘိုမြို့မှ ၃၇၄၃ အိတ် စုစုပေါင်း ၁၆၈၇၉ အိတ် တန်ချိန်အားဖြင့် ၈၄၈ တန်ခန့်တင်သွင်းခဲ့ကြောင်းသိရပါတယ်။

ဇူလိုင်လအတွင်း ကယားပြည်နယ်မှ မန္တလေးမြို့၊ မန္တလေး-မူဆယ်ဘက်သို့ ဒေသထွက် ဧည့်မထ စုစုပေါင်း ဆန်အိတ် ၁၆၇၂၃ အိတ် တန်ချိန်အားဖြင့် ၈၄၀ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းသို့ တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ ၁၀၆၀၇ အိတ်၊ မန္တလေးမြို့မှ ၉၄၅ အိတ်၊ ရွှေဘိုမြို့မှ ၁၆၆၂ အိတ် စုစုပေါင်း ၁၃၂၁၄ အိတ်တန်ချိန်အားဖြင့် ၆၆၁တန်ခန့်တင်သွင်းခဲ့ကြောင်းသိရှိရပြီး ယခုလနှင့်နှိုင်းယှဉ်ဖော်ပြမည်ဆိုပါက ကယားပြည်နယ်မှ မန္တလေးမြို့၊ မန္တလေး-မူဆယ်ဘက်ကို ဆန်တင်ပို့မှုအနေဖြင့် ၃၂၈ တန်ခန့် တင်ပို့မှုပိုမိုလာကြောင်း၊ လွိုင်ကော်မြို့အတွင်းသို့ အခြားမြို့ကြီးများမှ ဆန်တင်သွင်းမှုမှာ ၁၈၅ တန် တင်သွင်းမှုပိုမိုလာကြောင်း လေ့လာသိရှိရပါတယ်။

ပြောင်းတင်ပို့မှုအနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့ရှိ ပွဲရုံများနှင့် အစာချက်စက်ရုံများသို့ စုစုပေါင်း ၁၉၉၁၆ အိတ် တန်ချိန်အားဖြင့် ၉၇၇ တန်ခန့်တင်ပို့ထားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရပါတယ်။ လက်ရှိပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၅၅၀ ဈေးပေါက်ကြောင်း၊ ဒေသအတွင်း ဆန်ဈေးနှုန်းမှာ ဧည့်မထ(မိုး) စပါးတင် (၁၀၀)လျှင် ကျပ် ၈၃၁၀၀၀ ဈေးပေါက်သောကြောင်း ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ ပေါ်ကျွဲဆန် တစ်အိတ်လျှင် ကျပ် ၂၆၀၀၀၊ ဧည့်မထဆန် တစ်အိတ် လျှင် ကျပ်၃၇၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၇၅၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။ **ဖြိုးဝေအောင်(လွိုင်ကော်)**

## ချင်း

# ဒီတစ်ပတ်ချင်းတန်ချိန် ၁၀၀၀ကျော်တင်ပို့

ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၀၁၉ဒသမ၅၀တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၉၆၅ ဒသမ၅၀တန်နဲ့ စင်ကာပူနိုင်ငံသို့ ၅၄တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်း ၈၈၇ တန် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် ၁၃၂ ဒသမ၅ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတစ်တန်ကို ပျမ်းမျှအမေရိကန် ဒေါ်လာ၂၀၀-၂၃၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၇၅၅၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇူလိုင်လမှာစုစုပေါင်းချင်း၅၈၄၈တန်ကျော်တင်ပို့နိုင်ခဲ့ပြီး ဩဂုတ်လမှာ တန်ချိန် ၃၀၆၀ ကျော် တင်ပို့ခဲ့တာကြောင့် ဩဂုတ်လမှာ၂၇၈၀ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# စင်ကာပူနိုင်ငံသို့ မန်ကျည်းတန်ချိန် ၁၀၀တင်ပို့

ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းသီး တန်ချိန် ၁၀၀ကို စင်ကာပူနိုင်ငံသို့ ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း၁၄၉ ဒသမ ၁၅တန်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် ၄၉ ဒသမ ၁၅တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဇူလိုင်လအတွင်း မန်ကျည်း စုစုပေါင်း ၈၆၉ ဒသမ ၅၀တန် တင်ပို့ခဲ့ပြီး ဩဂုတ်လအတွင်း စုစုပေါင်း ၄၇၄ ဒသမ ၆၅တန် တင်ပို့ခဲ့တာကြောင့် ဩဂုတ်လမှာ ၃၉၄ ဒသမ ၈၅တန် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## နနွင်း

# ဩဂုတ်လအတွင်း နနွင်းတက် တန်ချိန် ၄၀၀နီးပါးတင်ပို့

ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၁ သန်း တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၃၃ တန်နီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀၂ တန် နဲ့နှိုင်းယှဉ်ပါက ၆၉ တန် လျော့နည်းခဲ့ပေမယ့် ဩဂုတ်လအတွင်း မူဆယ်မှတစ်ဆင့် နနွင်းတက် ၃၈၇ တန်ကျော် တင်ပို့ခဲ့ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ရဲ့ မိမိ ဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၉၇၀၆၁၀ ဈေးခန့် ရှိပြီး ၂၀၁၇ ဩဂုတ်လမှာ ကျပ် ၉၆၉၅၄၀၊ ၂၀၁၆ ဩဂုတ်လမှာ ကျပ် ၉၃၃၁၀၀ ဈေးရှိကြောင်းသိရပါတယ်။ **မော်မော်အောင်**

## နှမ်း

# ပြည်ဈေးကွက်တွင် မိုးနှမ်းများကြောင့် ဈေးနှုန်းမြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ မြန်အောင်၊ ကြံခင်း၊ ပန်း တောင်းနှင့် နတ်တလင်း(တာပွန်)ဘက်မှ နှမ်းနက်များ တစ်နေ့လျှင် အိတ် ၄၀၀-၅၀၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။

ဝင်ရောက်လာတဲ့ နှမ်းများမှာ အများအားဖြင့် နှမ်းနက်များဖြစ်ပြီး ပစ္စည်းသန့်ရင် သန့်သလို ဈေးကောင်းပေးပြီး ဝယ်ယူကြလို့ ယခုတစ်ပတ်တွင် နှမ်းဈေးများမြင့်လာတာတွေ့ရပါတယ်။ နှမ်းနီမှာ ဈေးကွက်တွင် ဝင်ရောက်မှုနည်းသဖြင့် ဆီစက်လုပ်ငန်းရှင်အချို့က နယ်ဆင်းပြီးဝယ်ယူ ကြိတ်ခွဲရသဖြင့် ဆီဈေးမြင့်တက်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီ သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ နှင့် နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးမြင့်လာခဲ့သလို စမုံနက်နှမ်းဈေးမှာ ပစ္စည်းသန့်ရင် သန့်သလို သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀ မှ ၂၀၀၀၀၀ အထိ ဈေးမြင့်လာတာတွေ့ရပါတယ်။

စမုံနက်နှမ်းကို အောင်လံ နှင့် မန္တလေးဘက်မှ ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၆၄၀၀ အထိ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း (ပြည်)**

# ကုန်သွယ်မှုရလဒ်ကောင်းများ ဖော်ဆောင်နိုင်ခဲ့သည့် ဒုတိယအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ (Joint Border Trade Committee) အစည်းအဝေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန် သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ထွက်ကုန်ပစ္စည်းများ ဈေးကွက်ဝေစု ပိုမိုရရှိစေရန် ဆောင်ရွက်ခြင်းတို့ကို အထူး အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ကဏ္ဍရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် မဏ္ဍိုင်ကြီး (၆) ရပ်ဖြင့် အ ကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဖြေလျှော့ရေး (Trade Liberalization)တို့သည် မျက်မှောက်ခေတ်ကာလတွင် အလွန်အရေးပါလာသည့် အခန်းကဏ္ဍများဖြစ်သည့်အတွက် ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

ကုန်သွယ်မှုကဏ္ဍ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကုန်ထုတ်လုပ်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် ထုတ်လုပ်နိုင်စွမ်းရှိသည့် ကုန်စည်များရှိသကဲ့သို့ ထုတ်လုပ်နိုင်မှုမရှိသေးသည့် ကုန်စည်များလည်းရှိနေသေးပါတယ်။ မိမိတို့နိုင်ငံမှ ထုတ်လုပ်နိုင်စွမ်းရှိသည့် ကုန်စည်များကို နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်၍ ဈေးကွက်ဝေစု ပိုမိုရရှိနိုင်ရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍ အားပေးမြှင့်တင်နိုင်ရေး၊ မိမိနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ နိုင်ငံတော်၏ အခွန်အခများ ပိုမိုတိုးတက်ရရှိစေရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်ရေး ပူးတွဲကော်မရှင် /ကော်မတီ (Joint Trade Commission/Committee Meeting )နှင့် နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ (Joint Border Trade Committee Meeting)များ ပြုလုပ်၍ ကုန်သွယ်မှုကဏ္ဍတိုးတက်စေရန် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို အထူးအလေးထား ညှိနှိုင်းဆွေးနွေးဆောင် ရွက်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများအကြား နှစ်နိုင်ငံပူးပေါင်း ကျင်းပလျက်ရှိသည့် အစည်းအဝေးများဖြစ်သည့် ပူးတွဲ ကော်မရှင်အစည်းအဝေးများ (Joint Commission Meeting )နှင့် ဒေသဆိုင်ရာ နယ်စပ်ကော်မတီ အစည်းအဝေးများ (Regional Border Committee Meeting)တို့ကိုလည်း ကျင်းပလျက်ရှိရာတွင်လည်း ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အိမ်နီး ချင်းနိုင်ငံများနှင့် နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီ/ ကော်မရှင် အစည်းအဝေးများ၊ နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးများအား နှစ်စဉ်နှစ်နိုင်ငံအလှည့်ကျ ကျင်းပ ဆောင်ရွက်လျက်ရှိပါတယ်။

ထို့ကြောင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်၊ မြန်မာ - ထိုင်းနယ်စပ်ဒေသရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အတားအဆီးများ (သို့) ပြဿနာများကို ဖြေရှင်းရန်နှင့် တရားဝင်ကြီးကြပ်ခြင်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ပုဂ္ဂလိကအခန်းကဏ္ဍများပါဝင်ခြင်းကို တွန်းအားပေးဆောင်ရွက်နိုင်ရန်၊ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရန်နှင့် စီးပွားရေး လုပ်ငန်းရှင်များနှင့် နယ် စပ်ကုန်သွယ်ရေး တာဝန်ရှိသူများ အကြား အစည်းအဝေးများကို ပုံမှန် ပြုလုပ်သွားနိုင်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွင်း နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် သတ္တမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်ရေး ပူးတွဲကော်မရှင် အစည်းအဝေး (Joint Trade Commission-JTC) တွင် ဆွေးနွေး ဆုံးဖြတ်ချက်အရ နှစ်နိုင်ငံ ညွှန်ကြားရေးမှူးချုပ်များမှ ပူးတွဲကော်မတီ ဥက္ကဋ္ဌများအဖြစ် ဦးဆောင်၍ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးပူးတွဲ ကော်မတီ (Joint Border Trade Committee -JBTC) ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါတယ်။

## |သီတာကျော်|

မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေး (Joint Trade Commission- JTC) ဆွေးနွေးချက် ရလဒ်များ အရ ပြည်ပနိုင်ငံများ၏ ဈေးကွက် လိုလားချက် များအပေါ် မူတည်၍ မြန်မာ့ထွက်ကုန်ပစ္စည်းများ၊ အထူးသဖြင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများကို အရည်အသွေးပိုမိုမြှင့်တင်ပြီး ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် ရောင်းသူနှင့် ဝယ်ယူသူတို့ အကြား နှစ်ဦးနှစ်ဖက် လိုလားချက်များကို ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ အရည်အသွေးပြည့်ဝသော မြန်မာ့ထွက်ကုန်များအဖြစ် ထုတ်လုပ်နိုင်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်တို့တွင် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်ရေးတို့ကို လည်း ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းမှုများကြောင့် ကုန်သွယ်မှုအခန်းကဏ္ဍကို ပိုမိုတိုးမြှင့်ပေးနိုင်ခဲ့ပြီး အလုပ် အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ခဲ့ခြင်းတို့ကြောင့် ပြည်တွင်း အသားတင်ထုတ်ကုန် (GDP) ပိုမိုတိုးတက်လာခဲ့ပါတယ်။ ပုဂ္ဂလိက အခန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်အနေဖြင့် ပြည်ပနိုင်ငံများသို့ မိမိတို့ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝင်ရောက်သည့်အခါ ပို့ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်ဖို့အတွက်လည်း လိုအပ်မှာ ဖြစ်ပါတယ်။

ထို့အပြင် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများအတွက်သာမက မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်မှု မရှိသေးသည့် ကုန်ပစ္စည်းများအတွက်လည်း Transit Trade နှင့် Re-export ကုန်သွယ်မှုများကိုလည်း ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများပြုလုပ်၍ နိုင်ငံတော်၏ ပို့ကုန်/ သွင်းကုန် ကဏ္ဍညီမျှ ပြီး ကုန်သွယ်မှုပမာဏ တိုးတက်စေရန်တို့ကိုလည်း အစည်းအဝေးမှာ ဖော်ဆောင်နိုင်ခဲ့ပါတယ်။

ပထမအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ မဲဆောက်မြို့၌ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးရန်နိုင်ထွန်းနှင့် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mrs.Daungporn Rodphaya တို့ဦးဆောင်ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ပထမအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ပူးတွဲ ကော်မတီအစည်းအဝေး ဆွေးနွေးချက်ရလဒ်အရ နှစ်နိုင်ငံ နယ်စပ် ကုန်သွယ်မှု တိုးတက်စေရေး ဆွေးနွေးနိုင်ခဲ့ပြီး ရလဒ်ကောင်းများအဖြစ် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် လူငယ်များစီးပွားရေး လုပ်ငန်း ချိတ်ဆက်ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Young Entrepreneur Network Development Program - YEN-D ) အစီအစဉ်ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နယ်စပ်ဒေသ၌ ကုန်တင်ယာဉ်များနှင့် လူဝင်လူထွက်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ဒေသများတွင် ကုန်သွယ်မှု သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးနှင့်ပတ်သက်၍မြန်မာ-ထိုင်း နှစ်နိုင်ငံအကြားရှိ နယ်စပ်ကုန်သွယ်ရေး ညှိနှိုင်း အစည်းအဝေးများကို လစဉ်ကျင်းပပြီး ကုန်သွယ်ရေးကိစ္စရပ်များကို ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခုအခါ ဒုတိယအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ (JBTC) အစည်းအဝေးကို မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်၊ မြဝတီမြို့ရှိ Grade One Hotel ၌ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နှင့် ၆ ရက်တို့တွင် မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးရန်နိုင်ထွန်း ဦးဆောင်ပြီး သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များဖြစ်သည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်၊ မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဥက္ကဋ္ဌ၊ မြဝတီနယ်စပ် သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းအသင်းမှ Logistics အသင်းဥက္ကဋ္ဌတို့ အပါအဝင် သက်ဆိုင်ရာဌာန ကိုယ်စားလှယ် စုစုပေါင်း ၃၉ ဦး မြန်မာဘက်မှ တက်ရောက်ခဲ့ပါတယ်။

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Adul Chotinisakorn ဦးဆောင်ပြီး သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၊ ထိုင်းဘုရင့် တပ်မတော်ဦးစီးချုပ်ရုံးမှ ဗိုလ်မှူးကြီး၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဒုတိယရဲမှူးကြီး၊ နယ်စပ် ကုန်သွယ်ရေးဌာန၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန၊ တာ့ခ်ရိုင် ကုန်သည်အသင်းဥက္ကဋ္ဌ၊ ပြည်နယ် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့အပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၂၈ ဦး ထိုင်းနိုင်ငံဘက်မှ တက်ရောက်ခဲ့ပါတယ်။

**စာမျက်နှာ (၃၁)**

## ဒီတစ်ပတ် ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၄၇၀၇၉၀ တန်ဖိုးရှိ ဓာတ်ဆီ ၅၉၇၇၈ ဒသမ ၈၅တန်နှင့် အမေရိကန်ဒေါ်လာ ၁၄၁၈၇၁၈၆ တန်ဖိုးရှိ ဒီဇယ် ၂၁၈၆၆ ဒသမ ၄၄တန်၊ စုစုပေါင်း ၈၁၆၄၅ ဒသမ ၂၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၃၉၉၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၅၇၈၀ ကျော်ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ဒီဇယ် တန်ချိန် ၉၂၉၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၁၀၀၀ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၈၅ သန်းတန်ဖိုးရှိ Re-export ဒီဇယ် ၁၃၅၀၄ ဒသမ ၇၇ တန်ကို တင်ပို့ခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၃၃၉၉၃၂ တန်ဖိုးရှိ ဒီဇယ် ၁၂၂၇၈၃ ဒသမ ၀၈ တန်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၇၁၅၂၆၀ တန်ဖိုးရှိ ဒီဇယ် ၁၀၇၂ ဒသမ ၃၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၈၂၇၉၄ တန်ဖိုးရှိ ဓာတ်ဆီ ၆၁၁ဒသမ၈၇တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၇၆၉၀၀ တန်ဖိုးရှိ ဓာတ်ဆီ ၅၀၄ ဒသမ ၃၉တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု အနည်းငယ်ကျဆင်း

မြန်မာ-အိန္ဒိယ နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၂၅ မှ ၃၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၇၇ သန်း တန် ဖိုးရှိ ကွမ်းသီး ၂၈၆၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၉၃၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၆ တန် လျော့နည်းခဲ့တယ်လို့ သိရပါ တယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၀၀ သန်းတန်ဖိုးရှိ ကွမ်းသီး ၂၇၉၅ တန် ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၇၇ သန်း တန်ဖိုးရှိကွမ်းသီး ၆၆ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၆၇ သန်းတန်ဖိုးရှိ ပဲစင်းငုံ၊ ပဲပုပ်စေ့၊ စားတော်ပဲ၊ ငရုတ်ကောင်း၊ ပန်းသီး၊ အုန်းသီး၊ သရက်သီး၊ စီးကရက်၊ နန့်ဖာလုံ အမယ်စုံတို့ကို ၅၅၀ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၅ သန်း တန်ဖိုးရှိ မတီရှပ်၊ စောင်၊ ညှပ်ဖိနပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို ၁၀၄ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၅၇၂ တန်ဖိုးရှိလက်ဖက်ခြောက် ၂၇ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၅ တန်နဲ့နှိုင်းယှဉ်ပါက နှစ်တန်ခွဲ ပိုမိုတင်ပို့ခဲ့ပါတယ်။ ဩဂုတ်လ တစ်လလုံး မူဆယ်မှ လက်ဖက်ခြောက် ၁၂၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရ ပါတယ်။

အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၅၃၆၁ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၉၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၅ တန်ခွဲနဲ့ နှိုင်းယှဉ်ပါက ၅၅ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဩဂုတ်လအတွင်း တာချီလိတ်မှ လက်ဖက်ခြောက် တန် ၂၀၀ နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းငွေလဲနှုန်း ဈေးထပ်မံမြင့်တက်

ပြည်တွင်းငွေလဲဈေးကွက်သည် စက်တင်ဘာပထမပတ်အတွင်း ဈေးနှုန်းများ ထပ်မံမြင့်တက်ခဲ့ပြီး ယခုရက်ပိုင်းအတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၅၀ ဝန်းကျင်သို့ ပြန်လည်ရောက်ရှိလာနိုင်မည့်အခြေအနေရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၂ကျပ်မှ တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာတွင် ဒေါ်လာအညွှန်းကိန်းမှာ ကျဆင်းနေသော်လည်း ပြည်တွင်းငွေလဲနှုန်းမှာမူ မြင့်တက်နေကြောင်း၊ ယင်းသို့ဖြစ်ပေါ်ရခြင်းမှာ မြန်မာကျပ်ငွေတန်ဖိုး စံချိန်တင်ကျဆင်းနေခြင်းကြောင့် အမေရိကန်ဒေါ်လာဝယ်လိုအား များလာခဲ့ပြီး ဈေးမြင့်တက်နေခြင်းဖြစ်သလို ဈေးကစားမှုများလည်းရှိကြောင်း၊ ဟွန်ဒီဈေးကွက်ကို ထိန်းချုပ်နိုင်ရေးမှာလည်း အခက်အခဲများရှိကြောင်း၊ အမေရိကန်ဒေါ်လာမှာ လာမည့်ရက်ပိုင်းအတွင်း ဈေးထပ်မံမြင့်တက်လာနိုင်သော အလားအလာများကို မြင်တွေ့နေရကြောင်း ပြည်တွင်း ငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် စက်တင်ဘာ ၃ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၄၀ ကျပ်၊ ဝယ်ဈေး ၁၅၃၀ ကျပ်မှ စက်တင်ဘာ ၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၄၆ကျပ်၊ ဝယ်ဈေး ၁၅၄၀ ကျပ်သို့မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၇ ရက်တွင် ရောင်းဈေး ၁၅၄၃ ကျပ်၊ ဝယ်ဈေး ၁၅၃၈ ကျပ်ဖြင့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ထပ်မံမြင့်တက်ခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ဩဂုတ်လနောက်ဆုံးပတ်အတွင်း ကျပ် ၉၇၀၀၀၀ ကျော်ရှိခဲ့ရာမှ ယခုလဆန်းပိုင်းတွင် ဈေးထပ်မံမြင့်တက်ခဲ့ကြောင်း သိရသည်။ ဩဂုတ်လကုန်ပိုင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၇၃၀၀၀ရှိခဲ့ရာမှ စက်တင်ဘာလ ပထမပတ်အတွင်း ကျပ် ၉၈၃၀၀၀ သို့ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးထပ်တက်တယ်။ ထပ်တက်ဦးမလားလို့တောင် ယူဆမိတယ်။ အရောင်းအဝယ်ကတော့ ပါးပါတယ်။ ကမ္ဘာ့ရွှေဈေးကွက်မှာ ဈေးနည်းနည်းပြန်ကျတယ်။ တရုတ်ဘက်ကလည်း အမေရိကန်အနေနဲ့ သွင်းကုန်တွေကိုအခွန်တိုးမြှင့်ကောက်ခံမယ်ဆိုရင် လက်တုံ့ပြန်သွားမယ်လို့ ကြေညာထားတယ်။ ဒီပုံစံဆိုရင် ကုန်သွယ်ရေးစစ်ပွဲ ပြန်အရှိန်ရလာနိုင်လို့ ကမ္ဘာ့ရွှေဈေးအပေါ် သက်ရောက်မှုရှိနိုင်တယ်။ အခုဆိုရင်အင်အားကြီးနှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးတင်းမာမှုက တခြားနိုင်ငံတွေအပေါ် မှာပါ ရိုက်ခတ်လာနေပြီလေ"ဟု ပြည်တွင်း ရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက သုံးသပ်သည်။

ပြည်တွင်းရွှေဈေးကွက်တွင် စက်တင်ဘာ ၃ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၇၈၀၀၀ ရှိခဲ့ရာမှ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၉၈၂၀၀၀ သို့မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၇ ရက်တွင် ကျပ် ၉၈၃၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ စက်တင်ဘာ ၃ ရက်က ရွှေတစ်အောင်စလျှင် ၁၂၀၀ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ စက်တင်ဘာ ၅ ရက်တွင် တစ်အောင်စလျှင် ၁၁၉၄ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၇ ရက်တွင် ၁၁၉၉ အမေရိကန်ဒေါ်လာသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## MTSH အစုရှယ်ယာတစ်စုလျှင် အမြတ်ငွေ ကျပ် ၂၃၀ခွဲဝေပေးနိုင်ရန်စီစဉ်

ရန်ကုန် စတော့အိတ်ချိန်းဝင် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်)ပတ်ဘတ်လစ်လီမိတက် (MTSH) ၏ အစုရှယ်ယာတစ်စုလျှင် ကျပ်၂၃၀ဖြင့် ခွဲဝေပေးသွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

အမြတ်ဝေစုခွဲဝေမှုကို အတည်ပြုနိုင်ရန် စက်တင်ဘာ ၂၉ရက်တွင် ရန်ကုန်မြို့ရှိ Myanmar Event Park (မင်းဓမ္မ)၌ ကျင်းပပြုလုပ်မည့် MTSH ၏ ပဥ္စမအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးအတွင်း တက်ရောက်လာသော အစုရှယ်ယာရှင်များ၏ သဘောထား အတည်ပြုချက်ကို ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ဖြင့်ခွဲဝေပေးမည့် အဆိုပါအမြတ်ဝေစုကို အစုရှယ်ယာရှင်တစ်ဦးချင်း၏ ဩဂုတ် ၁၄ ရက်အထိ အရောင်းအဝယ်ပြုလုပ်ထားသော အစုရှယ်ယာရှင်မှတ်တမ်းတွင် ဩဂုတ် ၁၇ ရက်အထိ အစုရှယ်ယာပိုင်ဆိုင်မှု အရေအတွက်အတိုင်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီများတွင် ငွေချေးသက်သေခံလက်မှတ် အကောင့်ဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသို့ ထည့်သွင်းပေးသွားမည်ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ အမြတ်ဝေစုခွဲဝေထုတ်ပေးမည့်နေ့ကို နှစ်ပတ်လည်အထွေထွေအစည်းအဝေး ပြီးနောက် နိုင်ငံပိုင်သတင်းစာများနှင့် အခြားသတင်းစာများ၊ MTSH ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်နှင့် ဖေ့ဘုတ်စ်စာမျက်နှာတို့တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အစုရှယ်ယာသက်သေခံလက်မှတ်မလိုသောစနစ် (Scriptless Electronic System)သို့ ပြောင်းလဲရန်အတွက် ငွေချေးသက်သေခံလက်မှတ်အကောင့် မဖွင့်လှစ်ရသေးသော အစုရှယ်ယာရှင်များအတွက် ထုတ်ယူရမည့်နေရာနှင့် ရက်စွဲအား ဆက်လက် ကြေညာပေးသွားမည်ဖြစ်သည်။ **သန်းထိုက်အောင်**

## Energy NYMEX 7-9-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 67.85 | 0.08 | 0.12 |
| Brent Crude Futr (USD/bbl) | 76.46 | -0.04 | -0.05 |
| Gasoline Rbob Fut (Cent/gal) | 195.77 | 0.67 | 0.34 |
| Natural Gas Futr (USD/MMBtu) | 2.78 | 0.01 | 0.22 |
| Heating Oil Futr (Cent/gal) | 220.98 | 0.27 | 0.03 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 3-September | 14.45 | 2459.88 | 2095.34 | 5981.66 | 785.00 |
| 4-September | 14.46 | 2464.07 | 2091.38 | 5968.21 | 787.00 |
| 5-September | 14.13 | 2404.34 | 2044.43 | 5833.77 | 776.00 |
| 6-September | 14.15 | 2450.41 | 2045.31 | 5878.95 | 782.00 |
| 7-September | 14.10 | 2423.96 | 2023.49 | 5866.61 | 788.00 |

## Currency Exchange Rate

September 7, 2018

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.40 |
| BDT | Bangladesh Taka | 83.82 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.84 |
| EUR | Euro | 0.86 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 71.87 |
| I DR | Indonesia Rupiahs | 14888.44 |
| JPY | Japan Yen | 110.63 |
| MYR | Malaysia | 4.14 |
| PKR | Pakistan Rupees | 123.22 |
| PHP | Philippines Pesos | 53.67 |
| RUB | Russia Rubles | 69.17 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1122.63 |
| LKR | Sri Lanka Rupe | 161.74 |
| THB | Thailand Baht | 32.80 |
| GBP | United Kingdom Poun ds | 0.77 |
| VND | VietnamDon | 23285.64 |

*Source:xe.com*

## World Gold Price

September-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 3 | 1203 | 1201 | 1202 |
| 4 | 1204 | 1203 | 1201 |
| 5 | 1196 | 1194 | 1194 |
| 6 | 1200 | 1199 | 1201 |
| 7 | 1203 | 1202 | 1203 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 3-9- 2018 | 981.00 | 980.50 |
| 4-9- 2018 | 983.00 | 983.00 |
| 5-9- 2018 | 982.00 | 981.30 |
| 6-9- 2018 | 982.50 | 982.30 |
| 7-9- 2018 | 983.50 | 983.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 3 | 6.83 | 32.71 | 84.20 | 70.79 |
| 4 | 6.83 | 32.78 | 83.93 | 71.24 |
| 5 | 6.84 | 32.83 | 83.72 | 71.77 |
| 6 | 6.84 | 32.82 | 83.57 | 71.89 |
| 7 | 6.84 | 32.80 | 83.82 | 71.87 |

Vol: 18, No.36 Monday September 10 2018

# ဘိလပ်မြေ

## ရေကြောင်းလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေအဝင်လျော့

ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈၀၀၀ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန်၁၀၀ ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေ ၁၂၅တန် တင်သွင်းခဲ့တာကြောင့်ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် ၂၅တန် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇူလိုင်လမှာ ဘိလပ်မြေစုစုပေါင်းအဝင်မှာ၁၂၈၅၆တန်ကျော်ရှိခဲ့ပြီး ဩဂုတ်လမှာ စုစုပေါင်း တန်ချိန် ၂၂၀၀ ဝင်ခဲ့တာကြောင့် ဩဂုတ်လမှာတန်ချိန် ၁၀၀၀၀ကျော် အဝင်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဩဂုတ်လ ၂၅ ရက်မှ ၃၁ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၃၅၃၃ တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၁၀၁၀၃တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ၆၅၇၀တန်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းရောနယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

## ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်က ပုံမှန်တော့ရှိတယ်။ ဒီတစ်ပတ်မှာဆင်မြန်မာကကျပ်၅၀ဈေးကျလာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ ဆင်(ထိုင်း)ဘိလပ်မြေက ပစ္စည်းပြတ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၆၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ စိန်(ထိုင်း)ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** မိုးများလာရင် အရောင်းအဝယ်က ပါးလာတယ်။ မိုးပါးတာနဲ့အရောင်းအဝယ်က ပုံမှန်ပြန်ဖြစ်လာတာပဲလို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ ဝန်ထမ်းတစ်ဦးမှပြောပါတယ်။ ဒီတစ်ပတ်မှာ အယ်လ်ဖာ ဘိလပ်မြေက ဈေးနည်းနည်းကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာရွှေဖြူ ကျပ် ၄၈၀၀၊အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ကတော်တော်ငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဒီတစ်ပတ်မှာတော့ အပါချီ(ထိုင်း)က ကျပ် ၂၀၀ဈေးမြင့်ခဲ့ပြီး ကမ္ဘောဇဘိလပ်မြေက ကျပ်၁၀၀ ဈေးကျကာ ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ်၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်းအရောင်းသွက်တယ်။ ဈေးက အပြောင်းအလဲမရှိဘူးလို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၃၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

# ဓာတ်မြေသြဇာ

## မြေသြဇာတန်ချိန် ၂၀၀၀၀ကျော်ဝင်

ဩဂုတ်လ၂၆ရက်မှစက်တင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၆၉၄၁၉၁၀ တန်ဖိုးရှိမြေသြဇာ ၂၃၄၈၄ ဒသမ ၁၂၁တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၄၂၅၈ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၆တန်၊ အီရန်နိုင်ငံမှ ၁၅၄၈ ဒသမ ၆၅၁တန်၊ ဂျပန်နိုင်ငံမှ ၂၅ဒသမ၅တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ လစ်သူရေး နီးယားနိုင်ငံမှ ၃၀၂ ဒသမ ၅၀တန်၊ မလေးရှားနိုင်ငံမှ ၁၂၂၉၈ ဒသမ ၂၀တန်၊ နော်ဝေနိုင်ငံမှ ၂၄၄ ဒသမ ၅၉တန်၊ ရုရှားနိုင်ငံမှ ၅၃၀ ဒသမ ၀၂တန်၊ ဆော်ဒီနိုင်ငံမှ ၁၀၃၁ ဒသမ ၂၄တန်၊ ထိုင်းနိုင်ငံမှ ၂၅၂၉ ဒသမ ၄၂တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ဆီထရစ်အက်ဆစ်၊ ဆီလီကာအမှုန့်၊ ယူရီးယား၊ ပိုတက်၊ ကွန်ပေါင်း (၁၆း၁၆း၁၆)၊ ကွန်ပေါင်း(၁၂း၁၁း၁၈)၊ အာမိုနဲ့ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၈၃၄၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန်၁၅၁၄၀ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

## မြေသြဇာဈေးကွက် ရောင်းအားတက်

ဩဂုတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ ၂၃၈၈၆ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ ၂၆၅၄၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၆၅၀ ကျော်အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီးမှာအရောင်းအေးပြီး မော်လမြိုင်၊ မကွေးနဲ့မန္တလေးမှာအရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** စိုက်ပျိုးရာသီချိန်ရောက်လာတာကြောင့် အရောင်းအအဝယ်ပုံမှန်ရှိတယ်။ နယ်ဘက်ကလည်း အဝယ်ဆင်းတော့ ဒီတစ်ပတ်ရောင်းအားတက်တယ်။ ဈေးနှုန်းအနေနဲ့က အပြောင်းအလဲမရှိငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၅၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၆%(မြွားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီအချိန်မှာ မြေသြဇာအသုံးနည်းနေတာကြောင့် အရောင်းအဝယ်ကတော်တော်ပါးတယ်။ အရောင်းလည်း ပါးနေတာကြောင့် မြေသြဇာဈေးတွေကလည်း ငြိမ်နေတာ သုံးပတ်လောက်ရှိနေပြီလို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ(ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ်၂၇၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၇၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၂၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၇၁၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၅၇၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၂၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၅၈၀၀ ၊ မြွားကမ္ဘာကျပ် ၁၆၆၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီအချိန်က အရောင်းအဝယ်ကောင်းတယ်။ ယခင် တစ်ပတ်ထက် အရောင်းအဝယ်နည်းနည်းပိုကောင်းတယ်။ ဒီတစ်ပတ်မှာတော့မြေသြဇာဈေးတွေနည်းနည်းတက်လာတယ်။ ဒါကလည်း အရောင်းအဝယ်ကြောင့်မဟုတ်ဘဲ ငွေဈေးအတက်ကြောင့်သာ တက်ရတာဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၇၂၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၂၀၀၊အာမို ၁၀း၁၀း၅ ကျပ် ၁၈၅၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၇၃၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၇၅၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၇၅၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၃၀၀၊ မြွားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၀၂၀၀၊ တီစူပါ ကျပ် ၂၃၂၀၀၊ တောင် သူမ ကျပ် ၁၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** စိုက်ပျိုးရာသီချိန်ရောက်လာတာကြောင့် မြေသြဇာအဝယ်လိုက်လာတယ်။ ဒီတစ်ပတ်မှာတော့ မြေသြဇာဈေးတွေ နည်းနည်းတက်လာတယ်။ ဒါကလည်း ငွေဈေးတက်လာတာကြောင့် ဈေးတက်ရတာလို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၇၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၆၈၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၂၂၆၀၀၊ မြွားသီးစုံ ကျပ် ၁၅၉၀၀၊ ပန်းသီးစုံကျပ်၁၆၈၀၀၊အာမို ၁၀း ၁၀း၅ ကျပ် ၁၇၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊အာမို၁၅း၁၅း၁၅ကျပ် ၄၀၅၀၀၊ ပိုတက် ကျပ် ၂၅၇၀၀နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

# နို့ဆီ/နို့မှုန့်

## နို့ဆီတန်ချိန် ၃၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၇၀ ကျော်ဝင်

ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၁၂၀၀ တန်ဖိုးရှိ နို့ဆီ ၃၀၆ ဒသမ ၄၃၁ တန်ကို ပင်လယ် ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိုကေနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၄၇တန်ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင်တန်ချိန်၂၅၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၂၅၀၄၄၅ တန်ဖိုးရှိ နို့မှုန့် ၇၅ ဒသမ ၆၀တန်ကို ဒီတစ်ပတ်မှာ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံမှာ နယူးဇီလန်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့် ၇၆ တန်ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ ယှဉ်ရင် ၁တန်နီးပါးလောက် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၈ မှ ၃၁/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၈ မှ ၂၄/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၅.၀၀ | ၅၀.၀၀ | (-) | ၂၅.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၅၈.၀၀ | ၈၅၈.၀၀ | (-) | ၅၀၀.၀၀ |
| ၅။ | တာချီလိတ် | ၂၂၅၀.၀၀ | ၉၀၀၀.၀၀ | (-) | ၆၇၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၂၅.၀၀ | (-) | ၂၅.၀၀ |
| ၈။ | မြိတ် | ၉၀၀.၀၀ | ၁၇၀.၀၀ | (+) | ၇၃၀.၀၀ |
| | စုစုပေါင်း | ၃၅၃၃.၀၀ | ၁၀၁၀၃.၀၀ | (+) | ၆၅၇၀.၀၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၈ မှ ၃၁/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၈ မှ ၂၄/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၈၈၀.၃၀ | ၁၆၆၆၂.၅၀ | (+) | ၂၁၇.၈၀ |
| ၂။ | လွယ်ဂျယ် | ၂၅၂.၅၀ | ၇၅၁.၅၀ | (-) | ၄၉၉.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၉၉၄.၆၀ | ၁၅၉၉.၅၀ | (+) | ၃၉၅.၁၀ |
| ၄။ | ကန်ပိုက်တီ | ၈၀၂.၆၀ | ၅၉၃.၀၀ | (+) | ၂၀၉.၆၀ |
| ၅။ | မြဝတီ | ၃၁၅၆.၅၀ | ၅၁၃၇.၆၈ | (-) | ၁၉၈၁.၁၈ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၈၀၀.၀၀ | ၁၈၀၀.၀၀ | (-) | ၁၀၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၂၃၈၈၆.၅၀ | ၂၆၅၄၄.၁၈ | (-) | ၂၆၅၇.၆၈ |

ခင်မိုးသူ

# ဖိလစ်ပိုင်နိုင်ငံတွင် အခြေခံကုန်စည်များအတွက် သုံးလကြာဈေးနှုန်းများ မြင့်မတက်စေရန် ဆောင်ရွက်

ဖိလစ်ပိုင်နိုင်ငံ၊ ကုန်သွယ်မှုနှင့်စက်မှုဦးစီးဌာန၏ ပြောကြားချက်အရ ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ အဓိကကျသော အခြေခံကုန်စည်များ၏ ဈေးနှုန်းများကို နောင်လာမည့် သုံးလတာကာလ သို့မဟုတ် ၂၀၁၈ ခုနှစ်အကုန်ပိုင်းအထိ မြင့်တက်မှုမရှိစေရန် ထုတ်လုပ်သူများမှ မူဝါဒအားဖြင့် သဘောတူထားကြောင်းသိရှိရပါသည်။ ဖိလစ်ပိုင်နိုင်ငံအစိုးရသည် နိုင်ငံအတွင်းဖြစ်ပေါ်လျက်ရှိသော ငွေကြေးဖောင်းပွမှုနှုန်း၏ အကျိုးသက်ရောက်မှုကို လျော့နည်းသက်သာစေရန် ဆန်စပါးတင်သွင်းမှုနှင့် ဖြန့်ဖြူးမှုတို့ကို အနီးကပ်ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြက်သွန်နီနှင့် ကြက်သားတင်သွင်းမှုတို့အပေါ် အထူး Safeguard Duty ကောက်ခံမှုကို ဆိုင်းငံ့ခြင်းတို့ အပါအဝင် နည်းလမ်း(၅)ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ခဲ့သည်။

ကုန်သွယ်မှုနှင့်စက်မှုဦးစီးဌာန၊ စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့၏ Undersecretary ဖြစ်သူ Mr. Ruth Castelo က ၎င်းတို့ဌာနအနေဖြင့် အဓိကကျသော အခြေခံကုန်စည်ထုတ်လုပ်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကာ အဆိုပါလုပ်ငန်းရှင်များမှ အဆိုပြုထားသော လက်လီဈေးနှုန်းစာရင်းတွင်ပါဝင်သည့် အမယ် ၂၃၅ မျိုးအတွက် လူမှုရေးတာဝန်အရ နောင်လာမည့် သုံးလတာကာလအတွင်း သို့မဟုတ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့အထိ ဈေးနှုန်းများ တိုးမြင့်မှုကို ရပ်တန့်သွားမည်ဟု ဝန်ခံကတိပြုခဲ့ကြကြောင်း ပြောကြားခဲ့ပါသည်။ သို့ရာတွင် Mr. Ruth Castelo က သက်ဆိုင်ရာလုပ်ငန်းရှင်များကို တရားဝင်စာဖြင့်လည်း ဝန်ခံကတိပြုစာရေးသားပေးပို့သွားရန် ပြောကြားသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဈေးနှုန်းအက်ဥပဒေအရ အစိုးရအနေဖြင့် အချိန်ကာလတစ်ခုအတွင်း စီးပွားရေးလုပ်ငန်းရှင်များအား ဈေးနှုန်းတိုးမြှင့်မှုကဲ့သို့သော အပြုအမူမျိုးကို ရပ်တန့်စေရန် အခွင့်အာဏာမရှိသဖြင့် သက်ဆိုင်ရာလုပ်ငန်းရှင်များအား မဖြစ်မနေ တွန်းအားပေးဆောင်ရွက်သွားမည်မဟုတ်ဘဲ ၂၀၁၉ ခုနှစ် ပထမသုံးလပတ်ကာလအထိ ထုတ်လုပ်သူများအား အထူးလက်လီဈေးနှုန်းများကို တိုးမြှင့်ခြင်းအား ရပ်ဆိုင်းသွားရန်အတွက် သဘောတူညီမှုရရှိရန်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိကာလအထိ ကော်ဖီ၊ ခေါက်ဆွဲ၊ အဝတ်လျှော်စက်နှင့် ရေချိုးဆပ်ပြာ၊ ပဲငံပြာရည်၊ ငံပြာရည်၊ ရှာလကာရည်နှင့်ပေါင်မုန့်ချောင်းထုတ်လုပ်သူများမှ လာမည့်လများအတွင်း ဈေးနှုန်းများလျှော့ရှားမှုကို ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခိုင်မာစွာ ဝန်ခံကတိပြုခဲ့ကြသော်လည်း စည်သွပ်ငါးသေတ္တာဗူးများနှင့် အသားထုတ်လုပ်သူများထံမှ ကတိကဝတ်ပြုမှုမရှိသေးကြောင်းလည်း သိရှိရသည်။ ကုန်သွယ်မှုနှင့် စက်မှုဦးစီးဌာန က အထူးလက်လီဈေးနှုန်းစာရင်းတွင်ပါဝင်သော အမယ်များ၏ ၄၀ ရာခိုင်နှုန်းမှာ ဈေးနှုန်းများ တိုးမြင့်ခဲ့ကြောင်း၊ အမျိုးအစားအားဖြင့် ကုန်ပစ္စည်းအမယ် ၂၀၉ မျိုးတွင် ၈၄ ခုမှာ ဈေးနှုန်းများ တိုးမြင့်ခဲ့ပြီး ကျန်ရှိသည့် ၁၂၅ မျိုးမှာမူ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း၊ အထူးသဖြင့် လက်ရှိကမ္ဘာ့ရေနံဈေးနှုန်းကြောင့် တံဆိပ်အမှတ်အသားအားလုံး ဈေးနှုန်းတိုးတက်မှုမရှိခဲ့သော်လည်း စည်သွပ်ငါးဗူးများနှင့် အသားထုတ်ကုန်များမှာမူ ဈေးနှုန်းများ တိုးမြင့်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာပြုပြင်ပြောင်းလဲရေးဦးစီးဌာန၊ အလုပ်သမားနှင့်အလုပ်အကိုင်

## မျိုးမျိုးထိုက်၊ (စားသုံးသူ)

ဦးစီးဌာန၊ နိုင်ငံခြားရေးရာဦးစီးဌာနနှင့် အကောက်ခွန်ကော်မရှင်တို့အကြား အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး အကောက်ခွန်များလျှော့ချခြင်းသည် ကုန်စည်များ၏ဈေးနှုန်း အထူးသဖြင့် အစားအသောက်ဈေးနှုန်းများကို လျော့ကျစေမည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ နည်းလမ်း (၅) ခုဖြင့် ဈေးနှုန်းများလျော့ကျစေရေးအတွက် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ပထမဦးစွာ Scad (Galunggong) ငါးများ တင်သွင်းခွင့်ကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အချို့သော ကြက်သွန်နီများနှင့် ကြက်သားများတင်သွင်းမှုအပေါ် အထူး Safeguard Duty ကို ကောက်ခံမှုကိုလည်း ယာယီဆိုင်းငံ့သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ကြက်သွန်နီကုန်သည်များ၏ ပြောကြားချက်အရ လက်လီအရောင်းဆိုင်များတွင် ကြက်သွန်နီဈေးများမှာ တစ်ကီလိုလျှင် ၅၅ ပီဆို (၁ ဒသမ ဝ၃ ဒေါ်လာ) ရှိပြီး ကြက်သွန်ဖြူ ဈေးများမှာ တစ်ကီလိုလျှင် ၆၅ ပီဆို (၁ ဒသမ ၂၂ ဒေါ်လာ) ရှိကြောင်း သိရှိရသည်။ Mr. Ruth က လယ်ယာစိုက်ပျိုးရေးဦးစီးဌာနသည် ဝက်သားတင်သွင်းသူများကို တင်သွင်းမှုကိုတာခွဲဝေမှုအခွင့်အလမ်းအား အမြင့်ဆုံး အသုံးချနိုင်ရန် တင်သွင်းခွင့်ကာလ တစ်လတာ အထိပေးအပ်ခဲ့ကြောင်း၊ လက်ရှိကာလတွင် ဝက်သားတင်သွင်းသူများသည် ဝက်သားတင်သွင်းမှု၏အနိမ့်ဆုံးပမာဏဖြစ်သော ၅၀ရာခိုင်နှုန်းကိုပင် အသုံးချနိုင်မှုမရှိကြောင်း၊ ဟင်းသီးဟင်းရွက်ထုတ်ကုန်များနှင့်စပ်လျဉ်း၍ အစိုးရသည် တင်သွင်းသူများ၏သိုလှောင်ရုံများအား ပုံမှန်စစ်ဆေးသွားမည်ဖြစ်ပြီး ယင်းသို့စစ်ဆေးရခြင်းမှာ အမှန်တကယ်ဖြစ်သော ကုန်လက်ကျန်ကို စုံစမ်းစစ်ဆေးရန်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ဆန်တင်သွင်းမှုနှင့် ရောင်းချဖြန့်ဖြူးမှုတို့ကို အနီးကပ် စစ်ဆေးကြည့်ရှုသွားမည်ဖြစ်ကြောင်း၊ တင်သွင်းသော ဆန်အများစုမှာ အစိုးရသိုလှောင်ရုံများသို့ရောက်ရှိမှု မရှိသေးကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနက အမျိုးသားအစားအသောက်အာဏာပိုင်အဖွဲ့အစည်းအား စိုက်ပျိုးရေးဦးစီးဌာနလက်အောက်တွင် ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် ဆန်တင်သွင်းမှုနှင့်စပ်လျဉ်း၍ လိုအပ်သော အချိန်ကာလများတွင် အချိန်မီ တင်သွင်းနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ဆန်တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းထားနှင့်အတူ တင်သွင်းမှုပမာဏကန့်သတ်ခြင်းအား ဖယ်ရှားနိုင်ရန် လယ်ယာစိုက်ပျိုးရေးဆိုင်ရာအကောက်ခွန်လျှော့ချမှုအက်ဥပဒေကို ပြန်လည်ပြင်ဆင်ပြီး Villar Bill ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ပြဋ္ဌာန်းပြီးပါက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အမျိုးသားအစားအသောက်အာဏာပိုင်အဖွဲ့အစည်းသည် စနစ်နှင့်သင့်လျော်မှုရှိမရှိ ပြန်လည်သုံးသပ်၍ စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လယ်ယာစိုက်ပျိုးရေးနှင့်အစားအသောက်အထက်လွှတ်တော်ကော်မတီဥက္ကဋ္ဌဖြစ်သူက Villar Bill ပြဋ္ဌာန်းလိုက်ခြင်းသည် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ဈေးကွက်အတွက် မော်ဒယ်အသစ်ကို စတင်မိတ်ဆက်လိုက်ခြင်းဖြစ်ကြောင်း၊ အဆိုပါဥပဒေအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှတင်သွင်းသော ဆန်အပေါ်တွင် အများဆုံး အကောက်ခွန်နှုန်း ၃၅ ရာခိုင်နှုန်းသာ ကောက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ကန်ပိုက်တီမှ တစ်သျှူးငှက်ပျောတန် ၂၀၀၀ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၆၀၅၂ တန်ဖိုးရှိ တစ်သျှူးငှက်ပျောတန်၊ တန် ၉၀၀ ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်၇၅၀ နဲ့ နှိုင်းယှဉ်ပါက တန် ၁၅၀ ပိုမိုတင်ပို့ခဲ့ပါတယ်။ ကန်ပိုက်တီမှ ဩဂုတ်လတစ်လလုံး တစ်သျှူးငှက်ပျော တန်ချိန် နှစ်ထောင်ကျော်ကို တစ်ရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျော စိုက်ဧကမှာ ၂၀၁၇ ခုနှစ်က ဧကလေးသောင်းကျော်ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဧကခြောက်သောင်းကျော်ရှိတာကြောင့် တစ်နှစ်အတွင်း ဧကနှစ်သောင်းကျော် တိုးလာကြောင်း၊ လာအို နိုင်ငံရဲ့ တစ်သျှူးငှက်ပျောပို့ကုန်မှာ ၁၀ဆအထိ မြင့်တက်ခဲ့ကြောင်း သိရပါတယ်။

မော်မော်အောင်

## ပြည်တွင်းဆီဈေးနှုန်းများ (၇-၉-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၈၀၀ | △ | ၄၉၀၀ | ၅၀၀၀ | △ | ၁၉၀၀ | ၂၁၀၀ | △ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၉၀၀ | ၂၀၀၀ | △ |
| မန္တလေး | ၅၄၀၀ | ၅၅၀၀ | △ | ၅၂၀၀ | ၅၅၀၀ | △ | ၂၂၀၀ | ၂၂၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၉၅၀ | ၁၈၀၀ | ▽ |
| မုံရွာ | ၅၃၀၀ | ၅၃၀၀ | □ | ၅၃၀၀ | ၅၃၀၀ | □ | ၂၁၂၀ | ၂၁၅၀ | △ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၇-၉-၂၀၁၈ US$/Ton

| အမျိုးအစား | ဩဂုတ်စတုတ္ထပတ် | ဩဂုတ်ပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၅၀.၅၀ | ၅၅၃.၀၀ | △ |
| RBD P.Olein | ၅၅၆.၀၀ | ၅၅၆.၀၀ | □ |
| RBD P.Stearin | ၅၄၅.၀၀ | ၅၃၈.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၇-၉-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) |
|---|---|---|
| | | Cloud Point 8˚CMax |
| CIF ဈေး | (CIFx USD)/ 612 | ၁၅၁၆.၄၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၄၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၆၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၅၆.၈၄၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၇-၉-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 605 ဒေါ်လာနှင့် USD ဈေး ၁၅၃၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၇-၉-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာနိုင်ငံ အပူပိုင်းဇုန်၏ မဟာဗျူဟာသီးနှံ (သို့) အမယ်သစ်ပို့ကုန်အကြောင်း တစေ့တစောင်း

အောင်ဆန်းလင်း(DOCA)

ရေမြေတောတောင် သဘာဝကြွယ်ဝကောင်းမွန်လှသော စာရေးသူတို့မြန်မာနိုင်ငံသည် ပြည်သူများအတွက် ဘုရားကပေးသော လက်ဆောင်တစ်ခုဆိုလျှင် မမှားနိုင်ပေ။ နွေ၊ မိုး ၊ ဆောင်း ရာသီဥတုမျှတခြင်းက စိုက်ပျိုးရေးဖြင့် အသက်မွေးကြသော ပြည်သူလူထုအတွက် တန်ဖိုးမဖြတ်နိုင်သော မဟာဆုလာဘ်ကြီး တစ်ခုပင် ဖြစ်ပါသည်။ စိုက်ပျိုးရာတွင်လည်း ဆန်စပါးနှင့် ပဲမျိုးစုံကို အဓိကထား စိုက်ပျိုးကြသော်လည်း အခြားတွက်ခြေကိုက် ဝင်ငွေရရှိပြီး အကျိုးအမြတ်ဖြစ်ထွန်းသော သီးနှံများကိုလည်း ဒေသအလိုက် စိုက်ပျိုးလျက်ရှိနေကြပါသည်။ မြန်မာနိုင်ငံ၏ လူတန်းစား အများစုရှိသော ကျေးလက်ဒေသနေ တောင်သူလယ်သမားပြည်သူများ စီးပွားဖြစ်ထွန်းလျှင် နိုင်ငံတော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရာရောက်မည်ဖြစ်ပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်း ဒေသကြီးများတွင်မူ ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ရေမြေဒေသအလိုက် သနပ်ခါး၊ ဆီထွက်သီးနှံများ အစရှိသဖြင့် ဈေးကွက်ဝင် ထွက်ကုန်သီးနှံများအပါအဝင် နှစ်ရှည်ပင်သီးနှံများ အများအပြား စိုက်ပျိုးလျက်ရှိနေသည်မှာ ဆယ်စုနှစ်များစွာရှိနေခဲ့ပြီး အကျိုးဖြစ်ထွန်းမှုများစွာ ရှိနေပြီးဖြစ်ပါသည်။ ယခုမကြာသေးခင်နှစ်များမှစ၍ ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အမယ်သစ်စိုက်ပျိုးသီးနှံတစ်မျိုးကို မြန်မာနိုင်ငံဒေသ အနှံ့အပြားတွင် စိုက်ပျိုးလာခဲ့ကြလေသည်။ မြန်မာနိုင်ငံ အပူပိုင်းဒေသ၏ မဟာဗျူဟာသီးနှံတစ်ခုအဖြစ် အသိအမှတ်ပြုရအောင် ရေမြေသဘာဝနှင့်ကိုက်ညီပြီး အကျိုးအမြတ်များစွာဖြစ်ထွန်းကာ ငွေပဒေသာပင်ဟုပင် တင်စားခေါ်ဝေါ်လောက်သည့် နှစ်ရှည်ပင်တစ်မျိုးဖြစ်ပါသည်။ ၎င်းမှာ 'လျှော်ဖြူပင်'ဖြစ်ပါသည်။ နှစ်အနည်းငယ်အတွင်းမှာပင် မြန်မာနိုင်ငံဒေသအနှံ့ စိုက်ပျိုးမှုများသိသိသာသာ တိုးတက်လာခဲ့ပါသည်။ ယခင်က အလေ့ကျပင်အဖြစ်သာ ပေါက်ရောက်ခဲ့သော်လည်း ယခုအခါ စိုက်ခင်းများအဖြစ် ဖော်ဆောင်စိုက်ပျိုးလာကြပေပြီ။ အကြောင်းမှာ လျှော်ဖြူပင်မှရရှိသော လျှော်ဖြူစေး (ခ) ဆေးကုလားမသည် ဂုဏ်သတ္တိများစွာပိုင်ဆိုင်ပြီး အမျိုးမျိုးသော အသုံးဝင်မှုများကြောင့်ပင် ဖြစ်ပေသည်။ လျှော်ဖြူပင်သည် အပူပိုင်းဒေသ မြေနိမ့်လွင်ပြင်များတွင် ကောင်းစွာဖြစ်ထွန်းနိုင်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်ပေ (၄၅၀၀) အထိလည်း စိုက်ပျိုးနိုင်ပေသည်။ အပူချိန် ၆၀ ဒီဂရီဖာရင်ဟိုက် (၁၆ ဒီဂရီစင်တီဂရိတ်) မှ ၉၀ ဒီဂရီဖာရင်ဟိုက် (၃၂ ဒီဂရီစင်တီဂရိတ်)အတွင်း ကောင်းစွာဖြစ်ထွန်းပြီး ပျမ်းမျှမိုးရေချိန် ၄၄ လက်မမှ ၇၂ လက်မအတွင်း ကောင်းစွာဖြစ်ထွန်းပေါက်ရောက်နိုင်ပါသည်။ လျှော်ဖြူပင်သည် မြေအမျိုးမျိုးတွင် ဖြစ်ထွန်းနိုင်သော်လည်း ရေဝပ်စိမ့်စွဲမှုများကို မကြိုက်ပေ။ မြေချဉ်ငံဓာတ် pH 6 မှ pH 7.5 အတွင်း အကောင်းဆုံး ဖြစ်ထွန်းပါသည်။ လျှော်ဖြူပင်သည် အပင်ဖြစ်ထွန်းရန်အတွက် ခက်ခဲမှုမရှိသော်လည်း အဓိကမိတ်ဖက်ရာသီဥတုမှာ ပူအိုက်စွတ်စိုသော ရာသီဥတုပင်ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသများဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ မကွေးစသည့်ဒေသများတွင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရန် အထူးသင့်တော်ကြောင်း တွေ့ရှိရပေသည်။ ယခင်က အလေ့ကျပေါက်သော အပင်များမှ အစေးများထုတ်ယူခဲ့သော်လည်း ယခုအခါ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိလာသော အခါ စိုက်ခင်းများအဖြစ် စနစ်တကျ စိုက်ပျိုးလာကာ အစေးများထုတ်ယူလျက်ရှိနေကြပါသည်။ဈေးနှုန်းမှာလည်း အထူးကောင်းမွန်သဖြင့် တောင်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းကာ လူမှုဘဝ သာယာဝပြောစေမည့် နှစ်ရှည်တစ်မျိုးဖြစ်ပါသည်။ ထို့ကြောင့် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဒေသအလိုက် အသင်းအဖွဲ့များ၊ အစုအဖွဲ့များ ဖွဲ့စည်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်နေကြပြီဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လျှော်ဖြူစေးကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ခန့်ကတည်းက စတင်အသုံးပြုခဲ့ပြီး ၂၀ ရာစုအစောပိုင်းတွင်မူ tragacanth gumတွင် အစားထိုးအသုံးပြုလာမှုကြောင့် လျှော်ဖြူစေး၏ အသုံးပြုမှုမှာ စတင်ကျယ်ပြန့်လာခဲ့ပါသည်။ လျှော်ဖြူစေးတွင် tragacanth gumထက် ပိုမိုအသုံးဝင်သော ဓာတုဂုဏ်သတ္တိများ ပိုင်ဆိုင်ပါသည်။ ၁၉၁၁ ခုနှစ်ကတည်းကပင် လျှော်ဖြူစေးကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) က ဖြည့်စွက်စာအဖြစ် (E-416)ဖြင့် အသိအမှတ်ပြုခဲ့ပါသည်။ လျှော်ဖြူပင်၏ မူရင်းဒေသမှာ အိန္ဒိယ၊ မြန်မာနှင့်သီရိလင်္ကာနိုင်ငံတို့ဖြစ်ပြီး အခြားစိုက်ပျိုးသောနိုင်ငံများမှာ ဆီနီဂေါ၊ ပါကစ္စတန်၊ ဆူဒန်၊ ဩစတြေးလျ၊ ပနားမား၊ ဖိလစ်ပိုင်၊အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြပါသည်။ ကမ္ဘာပေါ်တွင် လျှော်ဖြူစေးထွက်ရှိမှုပမာဏသည် နှစ်စဉ် တန်ချိန် (၅၅၀၀) ခန့်ဖြစ်ပြီး ကမ္ဘာ့လိုအပ်ချက်၏သုံးပုံတစ်ပုံသာ ထွက်ရှိကြောင်းသိရှိရပါသည်။ လျှော်ဖြူစိုက်ပျိုးသောနိုင်ငံများအနက် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လျှော်ဖြူစေးထွက်ရှိမှုအများဆုံးနှင့် တင်ပို့မှုအများဆုံးဖြစ်ပါသည်။

## လျှော်ဖြူစေး၏ဂုဏ်သတ္တိများ

လျှော်ဖြူပင်မှ ထုတ်ယူရရှိသော လျှော်ဖြူစေးသည် ရေကို အဆများစွာ စုပ်ယူ၍ ပွစေနိုင်ခြင်း၊ ရေနှင့်ပေါင်းစပ်၍ နူးညံ့ပျော့ပြောင်းသော ဂျယ်အဖြစ် ပုံစံအမျိုးမျိုးပြောင်းလဲစေနိုင်ခြင်း၊ ကော်ကပ်နိုင်စွမ်းရှိခြင်း၊ အက်စစ်ပျော့များနှင့် အဏုဇီဝပိုးများ၏ ခြေဖျက်တိုက်စားမှုဒဏ်ကိုခံနိုင်ရည်ရှိခြင်း စသည့်ဂုဏ်သတ္တိများကို ပိုင်ဆိုင်ပါသည်။ လျှော်ဖြူစေးသည် ၎င်းအလေးချိန်၏ ၆၀ ဆ မှ ၁၀၀ဆအထိ ရေကို စုပ်ယူနိုင်ပါသည်။ လျှော်ဖြူစေးတွင် ကယ်လ်ဆီယမ်၊ ဇင့်၊ နိုက်ထရိုဂျင်၊ ပိုတက်ဆီယမ်၊ မက်ဂနီဆီယမ်၊ သံဓာတ်နှင့် သကြားဓာတ်များစွာ ပါဝင်ပါသည်။ လျှော်ဖြူစေးတွင် ခန္ဓာကိုယ်အတွက် အရိုးတစ်သျှူးများ ဖွဲ့စည်းရာတွင် လိုအပ်သော မက်ဂနီဆီယမ် ပါဝင်မှုသည် နို့တွင်ပါဝင်မှုထက် (၂၀)ဆပိုများကြောင်း သုတေသနပြုလုပ်မှုများအရ သိရှိရပေသည်။

## လျှော်ဖြူစေး၏ကျန်းမာရေးအတွက်အကျိုးကျေးဇူးများ

လျှော်ဖြူစေး(ခ)ဆေးကုလားမ၏ကျန်းမာရေးအတွက် အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပေသည်-

**(က) အပူရှပ်ခြင်းကိုသက်သာစေခြင်း။**

လျှော်ဖြူစေး(ခ) ဆေးကုလားမသည် အပူဒဏ်ကို သက်သာစေသည့် အစွမ်းသတ္တိများစွာရှိပါသည်။ နွေရာသီတွင် ဆေးကုလားမ ဖျော်ရည်သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူဒဏ်သက်သာစေပြီး အေးမြစေပါသည်။ အပူရှပ်ခြင်းမဖြစ်အောင် ကာကွယ်ပေးပြီး ပူလွန်းသည့်ရာသီတွင် ကလေးများတွင် အဖြစ်များသော နှာခေါင်းသွေးလျှံခြင်းတို့ကိုလည်း သက်သာစေပါသည်။

**(ခ) အမျိုးသားများအတွက် စွမ်းဆောင်ရည်မြင့်မားခြင်း။**

ဆေးကုလားမသည် အမျိုးသားများအတွက် စွမ်းဆောင်ရည်တိုးစေနိုင်သောအကောင်းဆုံး အစားအစာတစ်မျိုးဖြစ်ပါသည်။ နေ့စဉ်စားသုံးပေးပါက အမျိုးသားများတွင် စွမ်းဆောင်ရည်တိုးတက်ကောင်းမွန်အောင် အထောက်အပံ့ပေးသောကြောင့် ထိရောက်ဘေးကင်းသော ကာမအားတိုးဆေးတစ်ရပ်ဖြစ်ပါသည်။

**(ဂ) ဆီးမထိန်းနိုင်ခြင်းကို သက်သာစေခြင်း။**

ဆေးကုလားမသည် ဆီးမထိန်းနိုင်ခြင်းကို သက်သာစေသော အကောင်းဆုံးဆေးတစ်လက်ဖြစ်ပါသည်။ ဆေးကုလားမသည် ဆီးလမ်းကြောင်းတစ်လျှောက်တွင်ရှိသော ကြွက်သားများကို ပြေလျော့အောင် လုပ်ဆောင်ရာတွင် အထောက်အကူပြုပြီး ဆီးမထိန်းနိုင်ခြင်းကို သက်သာစေပါသည်။

**(ဃ) အရေပြားနှင့်အလှအပအတွက် အကျိုးပြုခြင်း။**

ဆေးကုလားမသည် အရေပြားအတွက် အကျိုးကျေးဇူးရှိသကဲ့သို့ အလှအပအတွက်လည်းအကျိုးပြုပါသည်။ ဆေးကုလားမတွင် အိုမင်းမှုကို တိုက်ဖျက်ပေးသော အစွမ်းသတ္တိများရှိပါသည်။ မျက်နှာများတွင် အရွယ်မတိုင်ခင် အရေးအကြောင်းများ မဖြစ်အောင် လုပ်ဆောင်ပေးပြီး ခန္ဓာကိုယ်ကိုလည်း သွယ်လျလှပစေပါသည်။

**(င) အမျိုးသမီးများတွင်ရင်သားဖွံ့ဖြိုးစေခြင်း။**

ဆေးကုလားမသည် ရင်သားဖွံ့ဖြိုးစေရန်အတွက် ထိရောက်သော သဘာဝဆေးဘက်ဝင် အစားအစာတစ်မျိုးပင်ဖြစ်ပါသည်။

**(စ) ဝမ်းချုပ်ခြင်းကိုသက်သာစေခြင်း။**

ဆေးကုလားမတွင် ဝမ်းပျော့စေသော အာနိသင်ရှိသောကြောင့် ဝမ်းချုပ်ခြင်းကိုသက်သာစေပါသည်။

**(ဆ)မီးဖွားပြီးစ မိခင်များအတွက် အထူးသင့်တော်ခြင်း။**

မီးဖွားပြီးချိန်တွင် အမျိုးသမီးများသည် အလွန် အားနည်းနေတတ်ပါသည်။ ဆေးကုလားမသည် မီးဖွားပြီးစ မိခင်များကို ပြန်လည်အားပြည့်စေပါသည်။ထို့ပြင် ရာသီသွေးဆင်းချိန်၌ ရာသီသွေးအဆင်းများခြင်းကိုထိန်းချုပ်ရာတွင်လည်း အထောက်အကူပြုပါသည်။

## လျှော်ဖြူစေး၏အသုံးပြုမှုများ

လျှော်ဖြူစေး (ခ) ဆေးကုလားမတွင် ထူးခြားသောဂုဏ်သတ္တိများပိုင်ဆိုင်သောကြောင့် အမျိုးမျိုးသော လုပ်ငန်းနယ်ပယ်များတွင် တွင်ကျယ်စွာအသုံးပြုလျက်ရှိနေကြပါသည်။ လျှော်ဖြူစေး၏အသုံးပြုမှုများကို အောက်ပါ အတိုင်းတွေ့ရှိရပေသည်-

**(က) စက်မှုလုပ်ငန်းဆိုင်ရာအသုံးပြုမှု**

ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်သောစက်ရုံများ၌ ထုံးကျောက်များ၊ သတ္တုများဖယ်ရှားရာတွင် drilling fluid အဖြစ် ရွံ့၊ ဓာတုပစ္စည်းများနှင့် ရေများရောနှောနေမှုကို ဖော်ပြခြင်းတွင် လျှော်ဖြူစေးကို အသုံးပြုပါသည်။ စက္ကူစက်ရုံများတွင်လည်း အရည်အသွေးကောင်းမွန်ပြီး ပေါ့ပါးခိုင်ခန့်သောစက္ကူများ ထုတ်လုပ်နိုင်ရန်လည်း လျှော်ဖြူစေးကို အသုံးပြုကြပါသည်။ သားရေစက်ရုံများတွင်လည်း လျှော်ဖြူစေးကိုအသုံးပြုကြပြီး အဝတ်အစားချုပ် လုပ်ရာတွင်လည်းကောင်း၊ အဝတ်အစားဆိုးဆေးတွင်လည်းကောင်း ရောနှောပစ္စည်းအဖြစ် အသုံးပြုကြပါသည်။ ချည်ထည်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် ယက္ကန်းလုပ်ငန်းများတွင် ပေါင်းစပ်ပစ္စည်းအဖြစ် လျှော်ဖြူစေးအမှုန့်အား အသုံးပြုကြပါသည်။ ထို့ပြင် အထူးပြုလုပ်ထားသော မှန်ထည်၊ ဇန်ထည် လုပ်ငန်းများတွင်လည်း လျှော်ဖြူစေးကို အသုံးပြုကြလေသည်။ (ဥပမာ - ကားမှန်များ၊ fiber glass များ)

**(ခ) အလှကုန်ပစ္စည်းများတွင် အသုံးပြုမှု။**

ဆံပင်ဆိုးဆေးများ၊ hair gel များ၊ body lotion များ၊ လက်သည်း ဆိုးဆေးများနှင့် အလှကုန်ပစ္စည်းများတွင် လျှော်ဖြူစေးကို အသုံးပြုကြပါသည်။

**(ဂ) အစားအစာများတွင်အသုံးပြုမှု။**

သစ်သီးဖျော်ရည်များတွင် လျှော်ဖြူစေးကိုထည့်သွင်းအသုံးပြုခြင်းဖြင့် သစ်သီးဖျော်ရည်၏ အရသာကို ပိုမိုကောင်းမွန်စေပါသည်။ ရေခဲမုန့်၊ ရွှေရင်အေး၊ ဖာလူဒါ စသည့် ရိုးရာစားသောက်ကုန်များတွင်လည်း သုံးစွဲကြပါသည်။ ရေဆူဖျော်မှုန့်၊ ရေခဲမုန့်၊ ရေခဲချောင်းများပြုလုပ်ရာတွင်လည်း အရသာ၊ အနံ့၊ အရောင်အဆင်း၊ အသွင်အပြင်ကောင်းမွန်စေရန် ဖြည့်စွက်အဖြစ်အသုံးပြုကြပါသည်။ နို့နှင့် နို့ထွက်ပစ္စည်းများတွင်လည်းအသုံးပြုကြပါသည်။ အသားထုတ်ကုန်များတွင် ရေစုပ်ယူရန်အတွက်သော် လည်းကောင်း၊ ထုပ်ပိုးပြုပြင်ရာတွင်ပါဝင်ပစ္စည်းအဖြစ်သော်လည်းကောင်း အသုံးပြုကြပါသည်။ ဟင်းသီးဟင်းရွက်ဆော့စ်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ မဆလာများ၊ အချဉ်ရည်များ၊ ဆားရည်စိမ်များတွင်လည်း လျှော်ဖြူစေးကို အသုံးပြုကြပါသည်။ ဘီစကစ်များ၊ ပေါင်မုန့်များနှင့် ကိတ်မုန့်ကဲ့သို့သော မုန့်များတွင်လည်း လျှော်ဖြူစေးကို ရောနှောအသုံးပြုကြပါသည်။ လျှော်ဖြူစေးပါဝင်မှုကြောင့် မုန့်များသည် နူးညံ့ခြင်း၊ အရသာနှင့်အနံ့ ပိုမိုကောင်းမွန်ခြင်း၊ အသွင်အပြင်ကောင်းမွန်စေခြင်းတို့ကိုဖြစ်စေပါသည်။

**(ဃ) ဆေးပစ္စည်းများတွင် အသုံးပြုမှု။**

ဝမ်းနုတ်ဆေးများ၊ ဝမ်းချုဆေးများ၊ သွားနှင့်ခံတွင်းသုံးဆေးများ၊ ထိခိုက်ဒဏ်ရာများအတွက် အရေပြားလိမ်းဆေးများတွင် လျှော်ဖြူစေးကို အသုံးပြုကြပါသည်။ လျှော်ဖြူစေးသည် ကော်ကဲ့သို့ စေးကပ်နိုင်သော ဂုဏ်သတ္တိရှိသောကြောင့် သွားဖာခြင်း၊ သွားစိုက်ခြင်းနှင့် ဆေးပတ်တီးများ၊ ဆေးပလာစတာများပြုလုပ်ရာတွင် အသုံးပြုကြပါသည်။ အဓိက အသုံးပြုသော ဆေးပစ္စည်းအမျိုးအစားတစ်ခုမှာ အစာအိမ်နှင့် အူလမ်းကြောင်းသုံးဆေးပစ္စည်းများဖြစ်ပါသည်။

**(င) အခြားအသုံးပြုမှုများ။**

လျှော်ဖြူအစေ့မှ အဆီကို ဆပ်ပြာထုတ်လုပ်ရာတွင်အသုံးပြုကြပေသည်။ အခေါက်မှ လျှော်ထုတ်ယူ၍ ကြိုးအဖြစ်အသုံးပြုကြပါသည်။ ကမ္ဘာပေါ်တွင် လျှော်ဖြူစေးထွက်ရှိမှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို အစားအစာများတွင် အသုံးပြုကာ ကျန်ပမာဏကို ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်ကို လေ့လာသိရှိရပေသည်။ စားသောက်ကုန်များတွင် အဖြူရောင်မှ မီးခိုးဖျော့ရောင် လျှော်ဖြူစေးများကို အသုံးပြုကြပြီး ဆေးဝါးများတွင် ကြည်လင်သန့်စင်သော လျှော်ဖြူစေးများကို အသုံးပြုကြပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

## ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ(၆/၂၀၁၈)ပါ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

(ယခင်တစ်ပတ်မှအဆက်)

(က) ကုမ္ပဏီ/သမဝါယမအသင်းများ၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) ပျောက်ဆုံးသွားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် (မိတ္တူ)

(ဂ) ပျောက်ဆုံးကြောင်း သတင်းစာကြော်ငြာ (မူရင်း)

(ဃ) ပျောက်ဆုံးမှုအတွက် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက် (မူရင်း)

(င) လျှောက်ထားသူMD/Director/အမှုဆောင်၏နိုင်ငံသားစိစစ်ရေးကတ်/PASSPORT မိတ္တူ၊

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပြန်လည်အပ်နှံခြင်း၊ ပိတ်သိမ်းခြင်းနှင့် ကိုယ်စားလှယ်ကတ်ထုတ်ပေးခြင်း**

၂၂။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပြန်လည်အပ်နှံခြင်း။** လုပ်ငန်းရှင်သည် လုပ်ငန်းဆက်လက်မဆောင်ရွက်လိုသဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံလိုက အပ်နှံနိုင်ပါသည်။

၂၃။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်း။** တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို ဖောက်ဖျက်၍ စီးပွားရေးမသမာမှု များဆောင်ရွက်မှုကြောင့်ဖျက်သိမ်းအရေးယူခံရသည့် ကုမ္ပဏီများနှင့် အမည်မဲစာရင်း (Black List) တင်သွင်းခံရသည့် ကုမ္ပဏီများ၏မှတ်ပုံတင်များအား အပြီးတိုင် ပိတ်သိမ်းခြင်းခံရမည်ဖြစ်ပါသည်။

၂၄။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်စိစစ်ရေးကတ်များထုတ်ပေးခြင်း။** ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာရုံးကိစ္စအဝဝကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်မှတ်ပုံတင်ကတ် (၂)ခု ပြုလုပ်ပေးလျှက်ရှိရာမှ (၅-၁-၂၀၁၅) ရက်နေ့ကျင်းပပြုလုပ်သော စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စီမံခန့်ခွဲရေးကော်မတီ ၁/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီတစ်ခုလျှင် လုပ်ငန်းရှင်စိစစ်ရေးကတ် အများဆုံး ၅ ခုထိ ခွင့်ပြုထုတ်ပေးပြီး ပထမကတ်-၁၀၀၀၀ိ/၊ ဒုတိယကတ်-၂၀၀၀ိ/ ၊ တတိယကတ် ၃၀၀၀ိ/၊ စတုတ္ထကတ်-၄၀၀၀ိ/၊ ပဥ္စမကတ်-၅၀၀၀ိ/ ဖြင့်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

# ကနေဒါနိုင်ငံ ဈေးကွက်သို့ တင်ပို့ရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကနေဒါနိုင်ငံရှိ TFO Canada နှင့် Mekong Institute တို့ပူးပေါင်း၍ ကနေဒါဈေးကွက်သို့ ဝင်ရောက်ရန် ဈေးကွက်လိုအပ်ချက်နှင့် ကုန်သွယ်မှုအခွင့်အလမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ စက်တင်ဘာ ၅ ရက် နံနက်ပိုင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ကနေဒါသံရုံး၊ TFO Canada နှင့် Investment Facilitation Department ၊ Mekong Institute တို့မှတာဝန်ရှိသူများတက်ရောက်၍ အမှာ စကားအသီးသီးပြောကြားခဲ့ပါသည်။ နေ့လယ်ပိုင်းတွင် One to one Consultation ကို ဆက်လက် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကနေဒါဈေးကွက်အတွက် အလားအလာရှိသည့် ပို့ကုန်များကို ဖော်ထုတ်ပြီး တင်ပို့နိုင်ရေး၊ အထူးသဖြင့် စိုက်ပျိုးရေး၊ အစားအစာကဏ္ဍမှ အသေးစားနှင့် အလတ်စားကုမ္ပဏီများ၏ ကနေဒါဈေးကွက်ဝင်ရောက်နိုင်မှုနှင့် ပတ်သက်၍ သိရှိရန်နှင့် ပို့ကုန်လုပ်ငန်းရှင်များကို လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အကျိုးသက်ရောက်မှုများကို သိရှိစေရန် ဖြစ်ပါသည်။ ဆွေးနွေးပွဲသို့ ပို့ကုန်လုပ်ငန်းရှင်နှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ အလားတူဆွေးနွေးပွဲမျိုးကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၃) ရက်တွင် မန္တလေးမြို့ MRCCI ခန်းမ၌ ကျင်းပခဲ့ရာ လုပ်ငန်းရှင် ၄၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းတို့မှ ပံ့ပိုးကူညီခဲ့ပါသည်။

အဆိုပါအစီအစဉ်အရ လုပ်ငန်းရှင်များအား ကနေဒါဈေးကွက်အတွက် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းခိုင်မြဲစေရန်နှင့် ကုန်တင်မှုမြှင့်တင်ရေးဆိုင်ရာ နည်းပညာ ကူညီထောက်ပံ့ရန်အတွက် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုတို့၌ အဆင့် (၅) ဆင့်ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ စီမံကိန်းကာလမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ပြီးဆုံးမည်ဖြစ်ပါသည်။ အဆိုပါသုံးနိုင်ငံမှ ကုမ္ပဏီများအား ကွင်းဆင်းလက်တွေ့သင်တန်းများနှင့် ပညာရှင်များ၏ အသေးစိတ်ညွှန်ကြားချက်များကို Email, skype များဖြင့် ဆွေးနွေးအကြံပြုချက်များကို ဆက်သွယ်ပြုလုပ်ပေးပြီး ဆက်လက်၍ ကနေဒါဝယ်လက်များနှင့် ချိတ်ဆက်ပေးခြင်း၊ ကုန်စည်ပြပွဲများသို့ ပါဝင်စေခြင်း စသည်တို့လုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

**MTC (Ygn)**

စာမျက်နှာ (၃) ဒုတိယဝန်ကြီး ဦးအောင်ထူး အသေးစားနှင့် . . . . . . မှအဆက်

ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝဏ္ဏကျော်မှ ပြည်နယ်အတွင်း SME အဖွဲ့၏ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော SME အဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီးနောက် ဒုတိယဝန်ကြီးမှ နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နံနက် ၀၉:၃၀ နာရီတွင် မွန်ပြည်နယ် SME Action Plan အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါဟိုတယ်တွင် ဆက်လက်ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံမှ အမှာစကားပြောကြားရာတွင် မွန်ပြည်နယ် SME အေဂျင်စီကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်နယ်ဝန်ကြီးချုပ်မှ နာယကအဖြစ်ပါဝင် ဖွဲ့စည်းခဲ့ပါကြောင်း၊ SME မူဝါဒမျှော်မှန်းချက်သည် ကဏ္ဍအသီးသီးရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဒေသတွင်း စီးပွားရေးကွန်ရက်အတွင်း တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်မှုစွမ်းရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဦးဆောင်သွားနိုင်ရေး၊ SME လုပ်ငန်းရှင်များအနေဖြင့် မိရိုးဖလာလုပ်ငန်းအဆင့်မှ လုပ်ငန်းများ တည်ငြိမ်ပြီး စည်းစနစ်ကျသော လုပ်ငန်းများ ဖြစ်လာစေရန် အတွက် ရည်ရွယ်ချက်များ ထားရှိဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယနေ့မွန်ပြည်နယ် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဗဟို SME အေဂျင်စီနှင့် မွန်ပြည်နယ် SME အေဂျင်စီတို့ပူးပေါင်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်သူပညာရှင်များ ပူးပေါင်းပါဝင်ပြီး Action Plan ဖော်ထုတ်ရေးတို့ကို အောင်မြင်စွာဖြင့် ပူးပေါင်းလုပ်ကိုင်နိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက မွန်ပြည်နယ်၊ SME Action Plan ရေးဆွဲခြင်းသည် ပြည်နယ်လုပ်ငန်းရှင်များအတွက် အလွန်အရေးပါကြောင်း၊ ပြည်နယ်အတွင်း ထွက်ရှိသည့် သီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်ကြရန်နှင့် ပြည်တွင်းရေကြောင်းလမ်း၊ လေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းများ လွယ်ကူစွာ သွားလာနိုင်သဖြင့် ခရီးသွားလုပ်ငန်းများ လုပ်ဆောင်ရန် အလွန်သင့်ပါကြောင်း၊ SME လုပ်ငန်းများ လျှင်မြန်တိုးတက်အောင် နိုင်ငံတော်အပိုင်းမှ အလေးထား ဆောင်ရွက်လျက်ရှိကြောင်းဖြင့် အကျယ်တဝင့် ပြောကြားပြီး UNIDO အဖွဲ့အစည်း၊ NEI အဖွဲ့အစည်းများမှ တာဝန်ရှိသူများက SME Action Plan ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်သည့် အခြေအနေများ၊ ပံ့ပိုးပေးနိုင်မည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲအား ဆက်လက်ကျင်းပခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ ဗိုလ်ကုန်းရပ်ရှိ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ မူဝါဒများကို သေချာစွာ လိုက်နာကျင့်သုံးရမှာဖြစ်ကြောင်း၊ ဝန်ထမ်းများ စောင့်ထိန်းရမည့် နိုင်ငံတော်၏ လျှို့ဝှက်ချက် များ၊ ဥပဒေများအား လိုက်နာကြရန် လိုအပ်ကြောင်း၊ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများနှင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကိုလည်း ထိရောက်စွာ လုပ်ဆောင်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် စစ်ကဲကုန်းရပ်ကွက်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ရောက်ရှိပြီး ဒေသတွင်းထွက်ကုန် ပစ္စည်းပြခန်းနှင့် ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မုဒုံမြို့ရှိ ဖူးရှင်းဘရားသားကုမ္ပဏီ၏ ခရမ့်ရော်ဘာစက်ရုံ (မုဒုံ)သို့ရောက်ရှိပြီး စက်ရုံအတွင်း ရော်ဘာကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်နေမှုအဆင့်ဆင့်တို့အား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## Commerce ကာတွန်း



# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား ပြည်တွင်းဈေးနှုန်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် စက်တင်ဘာလ ပထမပတ်အတွင်းဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိ၍ Argentina နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၂ ဒသမ ၂၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၅၁ နိုင်ငံရှိပြီး မြန်မာ၊ အင်ဒိုနီးရှား၊ တရုတ်၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ ဟောင်ကောင်၊ ထိုင်ဝမ်နှင့် ဗီယက်နမ် စသည့် နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်း လဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံအနေဖြင့် ၈ နိုင်ငံရှိ၍ အမေရိကန်၊ အိုက်စလန်၊ ဂရိနှင့် ပါကစ္စတန်နိုင်ငံတို့ ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရ ပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံသည် ၂ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် ၁ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံသည် သုည ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ် နေခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် စက်တင်ဘာလ ပထမပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၅ နိုင်ငံရှိခဲ့၍ Argentina နိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၁၀ ဒသမ ၇၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် ဩစတြေးလျ၊ မြန်မာ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ တရုတ်၊ လာအို၊ မလေးရှား၊ နီပေါနှင့် ထိုင်ဝမ် စသည့်နိုင်ငံများ အပါအဝင် ၄၈ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၉ နိုင်ငံရှိ၍ ဘူဂေးရီးယား၊ ဆွစ်ဇာလန်၊ အိုက်စလန်နှင့် ပါကစ္စတန်နိုင်ငံ စသည်တို့ ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင် နှုန်းမှ ၅ ဒသမ ၆၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံသည် ၂ ဒသမ ၈၀ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသည် ၁ ဒသမ ၄၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် ၁ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံသည် သုညဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးတက်ခဲ့ကာ မြန်မာ၊ လာအို၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၇ | ၀.၅၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၇၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၅ | ၀.၉၀ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၇၇ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၃ | ၁.၂၆ |
| ၆ | မလေးရှား | လီတာ | ၀.၅၃ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၃ | ၀.၈၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၄ | ၀.၉၁ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ နှင့် ဒီဇယ်ဆီ

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ်၊ စက်တင်ဘာ ၃ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၉ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန် ဆန်ဈေးနှုန်းများ မပြောင်းလဲဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ယခုတစ်ပတ်အတွင်း ဆန်ဈေးနှုန်း များမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တည်ငြိမ်နေပြီး ပေါင်းဆန်တွင် ဈေးအနည်းငယ် မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်ဈေးနှုန်း မြင့်တက်လာမှုကို ဈေးနှုန်းကျဆင်း နိုင်စေရေး အတွက် ဖိလစ်ပိုင်သမ္မတမှ နိုင်ငံအလိုက် တင်သွင်းခွင့်ပြုထားသည့် ပမာဏကို ကန့်သတ်မှုမပြုလုပ်ဘဲ ဆန်တင်သွင်းမှုအပေါ် အခွန်ကောက်ခံသည့်ဥပဒေကို အရေးပေါ် အတည်ပြုသွားမည်ဖြစ်ကြောင်းသိရှိရပြီး၊ အစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုကို အတိုင်းအတာတစ်ခုအတွင်းရှိနေအောင် ပြုလုပ်နိုင်ရန်သည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ဆန်တင်သွင်းခွန်ကို ချမှတ်ကောက်ခံခြင်းအားဖြင့် ဆန်တစ်ကီလိုလျှင် ဖိလစ်ပိုင်ငွေ ၄ ပီဆို မှ ၇ ပီဆိုအထိ ကျသွားနိုင်ကြောင်း၊ ငွေကြေးဖောင်းပွမှုသည်လည်း သုည ဒသမ ၄ ရာခိုင်နှုန်း ကျသွားနိုင်ကြောင်း လေ့လာသိရှိရပါသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းလယ်သမားများထံမှ ရာသီပေါ်ဆန်များကို ယခင်နှစ်ဈေးထက် ၁၃ ရာခိုင်နှုန်း တိုးမြှင့်ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရှိရပြီး ပြီးခဲ့သည့်နှစ်က ဆန် ၁၀၀ ကီလိုဂရမ်ကို ရူပီးငွေ ၁၅၅၀ ဖြင့်ဝယ်ယူခဲ့ကြောင်း၊ အိန္ဒိယအစိုးရအဖွဲ့အနေဖြင့် ဖေဖော်ဝါရီလ ဘတ်ဂျက်ထဲမှ စိုက်ပျိုးစရိတ် ကုန်ကျမှု၏ ၁ ဒသမ ၅ ဆခန့် ဝယ်ယူရန်ရှိကြောင်း၊ ယင်းကဲ့သို့ ပြုလုပ်ခဲ့သည့်အတွက် ငွေကြေးဖောင်းပွမှုနှုန်းတက်လာပြီး လိုငွေပြနိုင်သည့်အပြင် အိန္ဒိယဗဟိုဘဏ်အနေဖြင့်လည်း အတိုးနှုန်း မြင့်တက်လာနိုင်ကြောင်း လေ့လာသိရှိရပါသည်။

ပြည်တွင်း ဆန်ဈေးကွက်အနေဖြင့် ဇူလိုင်လကုန်ပိုင်းမှစ၍ ငွေကြေးဈေးကွက်တွင် တွေ့ကြုံရသော အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာခြင်းနှင့် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာခြင်းကြောင့် ဆန်ဈေးကွက်တွင် ဈေးနှုန်းများမြင့်တက်ကာ စားသုံးသူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယခုရက်ပိုင်းအတွင်း ပြည်ပသို့တင်ပို့သည့် ဆန်ကြမ်းထက် ပြည်တွင်းရှိ ဆန်ချောဈေးနှုန်းများသည် ဖြစ်သင့်သည့်ဈေးထက် ပိုမိုမြင့်တက်လာခြင်းမှာ ကုန်သည်အချို့မှ ဝယ်လိုအားပေါ်မူတည်ပြီး ဈေးကစားမှုများကြောင့်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ခဲ့သော်လည်း ရေကြီးခြင်းကြောင့် မိုးစပါးစိုက်ပျိုးသည့်ဧကသိန်း ၁၅၀ ဝန်းကျင် အနက် ၅ သိန်းဝန်းကျင်သာ ရေနစ်မြုပ်ပြီး အချိန်မီပြန် လည်စိုက်ပျိုးနိုင်၍ စပါးစိုက်ဧက အနည်းငယ်သာ ပျက်စီးမှုရှိကာ မိုးစပါးအထွက်နှုန်းမှာ သိသာစွာ မလျော့နည်းနိုင်ဟုလည်းသိရှိရပါကြောင်း၊ ထို့ကြောင့် ယခုရက်ပိုင်းအတွင်း ဆန်ချောဈေးနှုန်းများ ဈေးကြီးမြင့်နေခြင်းသည် ရေကြီးမှုနှင့်သက်ဆိုင်မှုနည်းကြောင်း၊ ငွေလဲနှုန်း မြင့်တက်လာခြင်းကြောင့် ပြည်ပပို့ကုန်ဆန်ကြမ်းသာလျှင် ဈေးတက်သင့်ကြောင်း၊ သို့သော် ပြည်ပသို့ အဓိကတင်ပို့နေသော ဆန်ကြမ်းဈေးနှုန်းမှာ အနည်းငယ်သာဈေးတက်ပြီး ပြည်တွင်း၌ စားသုံးသည့် ဆန်ချောဈေးနှုန်းများကသာ ဈေးမြင့်တက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးမှုများလာပြီး ဆန်ချောလက်ကျန်နည်းလာခြင်းကြောင့်လည်း လက်ရှိအချိန်တွင် ဆန်ချောဈေးနှုန်းများ မြင့်တက်နေခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၄၅၀၄ ကျပ်ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် စက်တင်ဘာလ ၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၂၆ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ၂၇၇၉၈ ကျပ် မှ ၂၈၀၂၄ ကျပ်ထိ ပေါက်ဈေး ရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါကဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ်ဩဂုတ်လအတွင်း ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း ၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၀၀ သန်း၊ ကင်မရွန်း သုညဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၅၀ သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒို နီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၂၅၀ သန်း၊ ကင်ညာ သုညဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း ၊ မက္ကဆီကို သုညဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုညဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၁၀၀ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုညဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့

# နှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

ကြည်စိမ့်သူ

တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁၉ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Mauritania | လီတာ | ၀.၀၀ | ဘာဘေဒို | လီတာ | ၁.၉၅ |
| ၂ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | နယ်သာလန် | လီတာ | ၁.၉၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | နော်ဝေ | လီတာ | ၂.၀၃ |
| ၄ | ဆူဒန် | လီတာ | ၀.၃၄ | အိုက်စလန် | လီတာ | ၂.၀၆ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | ဟောင်ကောင် | လီတာ | ၂.၁၆ |

တန်ဖိုး-အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၀ | မိုနာကို | လီတာ | ၁.၇၉ |
| ၂ | Mauritania | လီတာ | ၀.၀၀ | ဆွီဒင် | လီတာ | ၁.၈၀ |
| ၃ | အီရန် | လီတာ | ၀.၀၇ | ဆွစ်ဇာလန် | လီတာ | ၁.၈၁ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၈ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၂၀ | အိုက်စလန် | လီတာ | ၁.၉၇ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ ရေနံစိမ်း (Curde Oil) နေ့စဉ် ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး:- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၃၁.၈.၂၀၁၈ | စည် | ၆၉.၈၀ |
| ၂ | ၃.၉.၂၀၁၈ | စည် | ၆၉.၈၀ |
| ၃ | ၄.၉.၂၀၁၈ | စည် | ၆၉.၈၇ |
| ၄ | ၅.၉.၂၀၁၈ | စည် | ၆၈.၇၂ |
| ၅ | ၆.၉.၂၀၁၈ | စည် | ၆၇.၇၇ |

source : http://www.oil-price.net/

မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်းဖော်ပြအပ်ပါသည်-

သို့ဖြစ်ပါ၍ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ)ဈေးနှုန်းများသည် ယခုစက်တင်ဘာလ ပထမပတ်အတွင်း ကမ္ဘာ့ဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်ခဲ့ပါသည်။

အာရှဒေသနိုင်ငံများဖြစ်သော မြန်မာ၊ တရုတ်၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့် ထိုင်ဝမ်နိုင်ငံများ၏ ဈေးနှုန်းများလည်း တည်ငြိမ်နေပြီး မြန်မာနိုင်ငံ အတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမြင့်တက်လာကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဩဂုတ် ၃၁ | စက်တင်ဘာ ၃ | စက်တင်ဘာ ၄ | စက်တင်ဘာ ၅ | စက်တင်ဘာ ၆ | ဩဂုတ် ၃၁ | စက်တင်ဘာ ၃ | စက်တင်ဘာ ၄ | စက်တင်ဘာ ၅ | စက်တင်ဘာ ၆ |
| ၁ | မြစ်ကြီးနား | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၄၀ | ၄၈၄၀ | ၄၈၄၀ | ၄၈၄၀ | ၄၈၄၀ |
| ၂ | လားရှိုး | ၄၇၀၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ |
| ၃ | ကျိုင်းတုံ | ၅၁၃၀ | ၅၁၃၀ | ၅၁၃၀ | ၅၁၃၀ | ၅၁၃၀ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ |
| ၄ | တောင်ကြီး | ၄၆၅၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၆၅၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၅ | လှိုင်ကော် | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၆၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၆ | ဘားအံ | ၄၄၃၀ | ၄၄၅၅ | ၄၄၅၅ | ၄၅၀၀ | ၄၅၀၀ | ၄၅၆၇ | ၄၆၃၅ | ၄၆၃၅ | ၄၆၈၀ | ၄၆၈၀ |
| ၇ | မော်လမြိုင် | ၄၅၉၀ | ၄၆၃၅ | ၄၆၃၅ | ၄၇၂၅ | ၄၇၂၅ | ၄၅၉၀ | ၄၅၉၀ | ၄၅၉၀ | ၄၆၀၀ | ၄၆၀၀ |
| ၈ | ထားဝယ် | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၇၇၀ | ၄၄၅၅ | ၄၄၅၅ | ၄၄၅၅ | ၄၄၅၅ | ၄၆၈၀ |
| ၉ | မြိတ် | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ |
| ၁၀ | ရန်ကုန် | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၅၀၀ | ၄၅၆၉ | ၄၅၆၉ | ၄၅၆၉ | ၄၅၆၉ |
| ၁၁ | ပုသိမ် | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၂ | စစ်တွေ | ၄၀၈၀ | ၄၀၈၀ | ၄၀၈၀ | ၄၀၈၀ | ၄၀၈၀ | ၄၂၆၀ | ၄၂၆၀ | ၄၃၆၀ | ၄၃၆၀ | ၄၃၆၀ |
| ၁၃ | ဟားခါး | ၄၇၆၀ | ၄၉၂၀ | ၄၉၂၀ | ၄၉၂၀ | ၄၉၂၀ | ၄၆၀၀ | ၄၈၇၀ | ၄၈၇၀ | ၄၈၇၀ | ၄၈၇၀ |
| ၁၄ | မုံရွာ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၅ | မန္တလေး | ၄၃၀၀ | ၄၃၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၇ | မကွေး | ၄၄၅၀ | ၄၄၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၆၆၀ | ၄၆၆၀ | ၄၇၂၈ | ၄၇၂၈ | ၄၇၂၈ |
| ၁၈ | ပြည် | ၄၄၇၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၆၅၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၁၉ | ပဲခူး | ၄၄၀၀ | ၄၄၃၀ | ၄၄၅၅ | ၄၄၅၅ | ၄၄၅၅ | ၄၅၀၀ | ၄၅၄၀ | ၄၅၄၅ | ၄၅၄၅ | ၄၅၄၅ |
| ၂၀ | ပျဉ်းမနား | ၄၄၅၅ | ၄၆၁၃ | ၄၆၁၃ | ၄၆၁၃ | ၄၆၁၃ | ၄၅၉၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၂၁ | နေပြည်တော် | ၄၄၅၅ | ၄၆၁၃ | ၄၆၁၃ | ၄၆၁၃ | ၄၆၁၃ | ၄၅၉၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၂၂ | ကလေး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၈၀၀ | ၄၈၀၀ |

Source : DOCA-Domestic

ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၅ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသဖြင့် မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင် ဈေးကွက်လိုအပ်ချက် များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏ အမြောက်အမြား တင်ပို့နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သောဆန်ဈေးကွက် မြင့်တက်လာနိုင်ကြောင်း သုံးသပ်သိရှိရပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၃၁.၈.၂၀၁၈ | ၃.၉.၂၀၁၈ | ၄.၉.၂၀၁၈ | ၅.၉.၂၀၁၈ | ၆.၉.၂၀၁၈ |
| ၁ | ဇီယာ | ၅ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၂၀၀ | ၂၄၂၀၀ |
| ၂ | ဇီယာ | ၁၀ | ၂၃၅၀၀ | ၂၃၅၀၀ | ၂၃၅၀၀ | ၂၃၇၀၀ | ၂၃၇၀၀ |
| ၃ | ဇီယာ | ၂၅ | ၂၁၂၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ |
| ၄ | ဇီယာ | ၃၅ | ၂၀၇၀၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၂၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၃၃၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၂၀၀ | ၂၃၂၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၂၈၀၀ | ၂၂၅၀၀ | ၂၂၆၀၀ | ၂၂၇၀၀ | ၂၂၇၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၂၁၂၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၂၀၇၀၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၂၀၀ |

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၀၀၀၊ ကျိုင်းတုံမြို့တွင် ကျပ် ၁၈၅၀ အသီးသီးဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့ပါသည်။ စစ်တွေမြို့နှင့် မြိတ်မြို့တို့တွင် ၁၁၅၀ ကျပ်ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်း သုည ဒသမ ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် စတ်တင်ဘာလ ပထမပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်း အနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## သကြား ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားစားသုံးမှုအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ တစ်ကမ္ဘာလုံးသုံးစွဲမှု၏ ၇၇ ရာခိုင်နှုန်းရှိပြီး သကြားအဓိကစားသုံးသော နိုင်ငံများအနေဖြင့် အိန္ဒိယ၊ EU-28၊ တရုတ်၊ ဘရာဇီးလ်၊ အမေရိကန်ပြည်ထောင်စု၊ အင်ဒိုနီးရှား၊ ရုရှား၊ ပါကစ္စတန်၊ မက်ဆီကို၊ အီဂျစ်/အာရပ် ပြည်ထောင်စုတို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ Foreign Agricultural Service (USDA) ၏စာရင်းများအရ ဘရာဇီးလ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ပြီး သကြားတင်ပို့သောကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဥရောပသမဂ္ဂနိုင်ငံများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

တရုတ်နိုင်ငံသည် သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့်နိုင်ငံများစာရင်းတွင် ၅ နိုင်ငံမြောက်အဖြစ်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းဖြစ်သည့်အတွက် ၆ သန်းခန့် လိုအပ်လျက်ရှိပါသည်။ USDA တွင် ဖော်ပြပါရှိသော စာရင်းများအရလည်း တရုတ်နိုင်ငံသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မေလအထိတွင် နှစ်စဉ် ပျမ်းမျှ သကြားတန်ချိန် လေးသန်းကျော်မှ ခြောက်သန်းကျော်ထိ တင်သွင်းရလျက်ရှိတာကို လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့သကြားဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသောဈေးနှုန်းများ အနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေးအနေဖြင့်

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 4-Sep-18 | 11.22 cts/lb | 10.95 cts/lb | 327.95 $/T | 14.88 cts/lb |
| 3-Sep-18 | 11.17 cts/lb | 10.94 cts/lb | 326.55 $/T | 14.81 cts/lb |
| 31-Aug-18 | 11.17 cts/lb | 10.93 cts/lb | 324.65 $/T | 14.73 cts/lb |
| 30-Aug-18 | 11.12 cts/lb | 10.94 cts/lb | 323.00 $/T | 14.65 cts/lb |
| 29-Aug-18 | 10.92 cts/lb | 10.96 cts/lb | 319.85 $/T | 14.51 cts/lb |
| 28-Aug-18 | 10.90 cts/lb | 10.99 cts/lb | 315.70 $/T | 14.32 cts/lb |
| 27-Aug-18 | 11.04 cts/lb | 11.04 cts/lb | 310.05 $/T | 14.06 cts/lb |
| 24-Aug-18 | 10.86 cts/lb | 11.07 cts/lb | 310.05 $/T | 14.06 cts/lb |
| 23-Aug-18 | 10.77 cts/lb | 11.11cts/lb | 306.40 $/T | 13.90 cts/lb |
| 22-Aug-18 | 10.84 cts/lb | 11.14 cts/lb | 306.85 $/T | 13.92 cts/lb |
| 21-Aug-18 | 10.83 cts/lb | 11.16 cts/lb | 307.15 $/T | 13.93 cts/lb |
| 20-Aug-18 | 10.75 cts/lb | 11.18 cts/lb | 304.90 $/T | 13.83 cts/lb |
| 17-Aug-18 | 10.84 cts/lb | 11.23 cts/lb | 308.15 $/T | 13.98 cts/lb |
| 16-Aug-18 | 10.93 cts/lb | 11.28 cts/lb | 311.80 $/T | 14.14 cts/lb |
| 15-Aug-18 | 10.91 cts/lb | 11.33 cts/lb | 311.45 $/T | 14.13 cts/lb |
| 14-Aug-18 | 11.04 cts/lb | 11.39 cts/lb | 312.50 $/T | 14.17 cts/lb |
| 13-Aug-18 | 11.08 cts/lb | 11.44 cts/lb | 312.85 $/T | 14.19 cts/lb |
| 10-Aug-18 | 11.26 cts/lb | 11.47 cts/lb | 316.85 $/T | 14.37 cts/lb |
| 9-Aug-18 | 11.40 cts/lb | 11.50 cts/lb | 319.85 $/T | 14.51 cts/lb |
| 8-Aug-18 | 11.47 cts/lb | 11.50 cts/lb | 320.05 $/T | 14.52 cts/lb |
| 7-Aug-18 | 11.55 cts/lb | 11.51 cts/lb | 323.25 $/T | 14.66 cts/lb |
| 6-Aug-18 | 11.56 cts/lb | 11.52 cts/lb | 326.25 $/T | 14.80 cts/lb |
| 3-Aug-18 | 11.45 cts/lb | 11.52 cts/lb | 323.85 $/T | 14.69 cts/lb |
| 2-Aug-18 | 11.19 cts/lb | 11.52 cts/lb | 318.05 $/T | 14.43 cts/lb |
| 1-Aug-18 | 11.09 cts/lb | 11.55 cts/lb | 314.65 $/T | 14.27 cts/lb |

ယခင်တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် ဈေးနှုန်းမြင့်တက်လာကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ဩဂုတ် ၃၀ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၃ ပေါက်ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၄ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၉၅ သို့ကျဆင်းလာခဲ့သည်ကို အထက်ပါအတိုင်း တွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၂ ဖြစ်ပေါ်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင်

စာမျက်နှာ ၃၁ သို့

# ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်( ၇ )သင်တန်းဆင်းပွဲ ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)တွင် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၇)ကို ၂၀၁၈ခုနှစ် စက်တင်ဘာ ၁ ရက်မှ၃ ရက်အထိ (၁၄) ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၃ ရက် နံနက် ၁၀ နာရီချိန်တွင် ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းတွင် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးမြင့်မား၍ စီးပွားရေးကျင့်ဝတ်ကောင်းမွန်သော လုပ်ငန်းရှင်များ၊ လုပ်ငန်းအဖွဲ့အစည်းများ ဖြစ်ပေါ်စေရန်ရည်ရွယ်ပြီး ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များဖြစ်တဲ့ ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ကုန်ပစ္စည်းအရည်အသွေးပိုင်းဆိုင်ရာလုပ်ငန်းများ ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများစသည့်လုပ်ငန်းနယ်ပယ်အသီးသီး၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာဥပဒေ၊ အလုပ်ရှင်အလုပ်သမား ဥပဒေဘာသာရပ်များအပြင် ရန်ကုန်မြို့ရှိ Omega Consultancy နှင့် P.S Business School တို့မှ ဆရာများကို ဖိတ်ကြား၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစီးပွားရေးဘာသာရပ်၊ Traditiional management to Modern management ကိစ္စရပ်များ၊ Market Competitive (ဈေးကွက်ယှဉ်ပြိုင်မှု)ကိစ္စများကိုပါ သင်ကြားဆွေးနွေးပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ တိုင်းအဆင့်ဌာနဆိုင်ရာ(၂၀)ဦး ၊ သင်တန်းသား/သူ(၅၀)ဦး ၊ မိမိဌာနဝန်ထမ်း (၁၀)ဦး၊ စုစုပေါင်း (၈၀)ဦး တက်ရောက်ခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်မှ သင်တန်းဆင်းဂုဏ်ပြုလွှာ၊ အုပ်စုလိုက် စာမေးပွဲအကောင်းဆုံးဆုရရှိသည့်အုပ်စုနှင့် အုပ်စုလိုက် စာတမ်းအကောင်းဆုံးဆုရရှိသည့်အုပ်စုတို့အား ဆုများချီးမြှင့်ပေးခဲ့ရာ သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများကိုသင်တန်းသား/သူများကိုယ်စား ဒေါက်တာစိုင်းသိန်းသန်းအောင်မှ လက်ခံရယူပြီး အုပ်စုလိုက် စာမေးပွဲ အကောင်းဆုံးဆုရရှိသည့် အုပ်စု(၁)မှ ကိုမျိုးဇော်ထွေး၊ ကိုပြည့်စုံကိုကို၊ ကိုနေမင်းဦး၊ ကိုတင့်လှိုင်ဦး၊ ကိုရဲထက်ဦး ၊ ကိုသန်းထက်အောင်၊ မသန္တာမြင့်တို့မှလည်းကောင်း၊ အုပ်စုလိုက်စာတမ်း အကောင်းဆုံးဆုရရှိသည့်အုပ်စု( ၆ )မှ ကိုသူရလင်း၊ ကိုဇော်ဇော်ထွန်း ၊ ကိုဟိန်းစိုး ၊ မချောအိမာန်၊ မချောစုဖြူ၊ မခင်မာဇင်တို့မှ ဆုများအသီးသီး လက်ခံရယူခဲ့ပါသည်။

သင်တန်းသား/သူများ ကိုယ်စား ကိုသူရလင်းမှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူး၍ နေ့လယ် ( ၁၁ း ၃၀)အချိန်တွင် အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်သည် သင်တန်းသား/သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် သင်တန်းကိစ္စရပ်များအား ဆွေးနွေးခဲ့ပါသည်။

(KTDA-MDY)

# ရှမ်းပြည်နယ်(CICC)ရုံးမှ ပြည်တွင်းလေကြောင်းဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားမှုတစ်ရပ်ကို ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်

မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airline) ၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍စိတ်ကျေနပ်မှုမရှိသူ တောင်ကြီးမြို့မှ စားသုံးသူတစ်ဦးက ဩဂုတ် ၁၃ ရက်တွင် ရုံးချုပ် စားသုံးသူရေးရာဦးစီးဌာန website complaint System သို့ဆက်သွယ်တိုင်ကြားခဲ့တယ်လို့သိရပါတယ်။ တိုင်ကြားသူက မြန်မာအမျိုးသားလေကြောင်းလိုင်းမှ မန်းရတနာပုံ လေကြောင်းလိုင်းသို့ ပြောင်းလဲစီးနင်းခဲ့ရသဖြင့် ပေးချေခဲ့ရသောအခကြေးငွေနှင့်ထိုက်တန်မှုမရှိဘဲ နစ်နာခဲ့မှုအားပြန်လည်ရလိုခြင်းနှင့် မှန်ကန်သော သတင်းအချက်အလက်ကို တိကျစွာဖော်ပြ၍ ဖော်ပြချက်နှင့်အညီ ဆောင်ရွက်ပေးစေရန် တောင်းဆိုခဲ့ကြောင်းသိရပါတယ်။

အဆိုပါတိုင်ကြားမှုကို ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ရာတွင် သက်ဆိုင်ရာ မြန်မာအမျိုးသားလေကြောင်းလိုင်းတာဝန်ရှိသူအား ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းဆက်သွယ်အကြောင်းကြားခဲ့ကြောင်း၊ညှိနှိုင်းဆက်သွယ်အကြောင်းကြားမှုအပေါ် မြန်မာအမျိုးသားလေကြောင်းလိုင်းမှလည်း ဖြစ်စဉ်ကိုအသေးစိတ် ပြန်လည်ရှင်းပြခဲ့ပြီး စားသုံးသူနစ်နာမှုအတွက် လေယာဉ်ခရီးစဉ်ခြားနားငွေအပေါ် ကျပ် ၅၆၃၀၀ တိတိကို စက်တင်ဘာ ၄ ရက်တွင် ပြန်လည်ဖြေရှင်းပေးခဲ့ကြောင်းနှင့် အဆိုပါလေကြောင်းလိုင်းနှစ်ခု၏ Joint Operation Flight များအား စက်တင်ဘာ ၁ ရက်မှစ၍ ပံ့သန်းပြေးဆွဲခြင်းမပြုတော့ဘဲ ခရီးစဉ်များကိုလည်း ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရပါတယ်။ စားသုံးသူများအနေဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိလျှင် ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာန (CICC) ရုံးသို့ ဆက်သွယ်တိုင်ကြားပါက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပါတယ်။

**စောမောင်(တောင်ကြီး)**

# ပို့ကုန်သွင်းကုန်ရုံး (ကျိုင်းတုံ)မှ ဩဂုတ်လအတွင်း လက်ဖက်ခြောက်အမယ် ပြန်လည်တင်ပို့နိုင်ခဲ့

ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ပို့ကုန်အနေဖြင့် ရော်ဘာတန်ချိန် (၁၂) တန်၊ တန်ဖိုး သုည ဒသမ ၀၁၆ ဒေါ်လာသန်းနှင့် လက်ဖက်ခြောက် တန်ချိန် ၃၀ တန် တန်ဖိုး သုည ဒသမ ၀၁၂ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပါသည်။ လက်ဖက်ခြောက် အမယ်မှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ နောက်ပိုင်းမှစ၍ တင်ပို့နိုင်ခဲ့ခြင်းမရှိဘဲ တစ်နှစ်ခန့်အကြာ ယခု ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင်မှ ပြန်လည် တင်ပို့လာ နိုင်ခြင်းဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ပို့ကုန်သွင်းကုန်ရုံး (ကျိုင်းတုံ) အနေဖြင့် ပို့ကုန်ပိုင်းတွင် ရော်ဘာနှင့် လက်ဖက်ခြောက်တန်ချိန် ၄၂ တန် တန်ဖိုး သုည ဒသမ ၀၂၈ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ကုန်သွယ်မှုပမာဏ လျာထားချက် အပေါ် ၁၆၄ ဒသမ ၇၀၆ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ကြောင်းသိရှိပါသည်။

**မြတ်ခိုင်(ကျိုင်းတုံ)**

# သုတေသနပြိုင်ပွဲ၌ ဆုရရှိခဲ့သော ထိုင်း SMEs

ထိုင်းနိုင်ငံအလတ်စားနှင့် အသေးစားထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထောက်ပံ့ပေးရေးဌာန ညွှန်ကြားရေးမှူးဖြစ်သူ နိုင်းစုဝမ်းချိုင်းရိုပဝတ်ထနဂွန်၏ ပြောကြားချက်အရ၊ ဘန်ကောက်မြို့တွင် မကြာသေးမီက ကျင်းပခဲ့သော‘၂၀၁၈ ခုနှစ် ထိုင်းသုတေသနပြပွဲ’တွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်သုံးဦးနှင့် Super Star ဖြစ်အောင်တည်ဆောက်မည်ဟု ကြွေးကြော်ထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်နှစ်ဦးတို့ ပါဝင်ပြသခဲ့ကြောင်း၊ ပြိုင်ပွဲတွင် ‘ငှက်ပျောသီးအရသာ ဖျော်ရည်အမှုန့်’ နှင့် ‘မင်းကွတ်သီးခွံမှ ထုတ်လုပ်သောဝက်ခြံပျောက်ဆေး’များအား ပြသခဲ့သည့် ခင်းမလွတ်ကုမ္ပဏီနှင့် Quality Plus Added အင်တာနေရှင်နယ်ကုမ္ပဏီတို့မှ အသေးစားနှင့်အလတ်စားပြိုင်ပွဲရွှေတံဆိပ်ဆုနှစ်ခုနှင့် ‘ CARBON FABRIC’ ဖြင့် ပြုလုပ်သော အပူခံလက်အိတ်များ ထုတ်လုပ်သည့် အခြားအသေးစားနှင့်အလတ်စားလုပ်ငန်းကုမ္ပဏီတစ်ခုမှ ငွေတံဆိပ်တစ်ခုရရှိခဲ့ပါသည်။

ပြိုင်ပွဲတွင် ဆုရရှိသည့်ကုမ္ပဏီသုံးခုအား အမေရိကန်၌ကျင်းပသော Silicon Valley International Invention Festival 2018 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စေမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် အမေရိကန်၊ တောင်ကိုရီးယား၊ ပိုလန်၊ တရုတ်၊ အီရန်၊ အီရတ်၊ အာရတ်အီးမရိတ်၊ UAE၊ ခရိုအေရှား၊ အန်ဂိုလာ၊ ရိုမားနီးယား၊ စီလန်ဂါနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ကြောင်း၊ ဆုရရှိခြင်းမရှိခဲ့သည့် Super Star ဖြစ်အောင်တည်ဆောက်မည်ဟု ကြွေးကြော်ခဲ့သည့် ကုမ္ပဏီနှစ်ခုမှာ ဆုရရှိခဲ့ခြင်းမရှိသော်လည်း ၎င်းတို့ပြသခဲ့သည့် စားသောက်ကုန်များမှာပြပွဲ၌ စံပြထုတ်ကုန်များအဖြစ် ဂုဏ်ယူစွာတင်ပြနိုင်ခဲ့ခြင်းကြောင့် အနာဂတ်တွင်အခြား SMEs ထုတ်ကုန်များအတွက် စုပေါင်းလုပ်ဆောင်ခြင်းနှင့် ဝန်ဆောင်မှုအခြေခံကောင်းများအား စံပြဖြစ်အောင်ဆောင်ရွက်ပေးနိုင်ခဲ့ရာ နောင်တွင် SMEs အဆင့်တိုင်း၌ အများနှင့်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး လျင်မြန်စွာ တိုးတက်နိုင်မည့် အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

**သန်းသန်းနိုင်**၊ Source : **ထိုင်းရတ်သတင်းစာ**

**စာမျက်နှာ (၆) စပါးသီးနှံပိုးမွှားရောဂါ . . . . . . မှအဆက်**

ဤရောဂါသည် စပါးပင်ကြီးထွားမှု သက်တမ်းတစ်လျှောက်တွေ့ရှိရပြီး အဆင့်တိုင်းတွင် ရောဂါလက္ခဏာကို တွေ့ရှိရသည်။ ဤရောဂါသည် ရောဂါအဆင့် ၃ ဆင့်ရှိသည်။ (၁) ပင်ညှိုး၊ (၂) ရွက်ခြောက်၊ (၃) အဝါဖျော့ ရောင်အဆင့်တို့ ဖြစ်ကြသည်။ ပင်ညှိုးအဆင့်ကို စိုက်ပျိုးပြီးတစ်လ အတွင်းတွေ့ရှိရသည်။ ရွက်ခြောက်အဆင့်ကို အပင်ပွားစည်းချိန် နောက်ပိုင်းတွင် တွေ့ရသည်။ အဝါရောင်အဆင့် ကို အပင်ကြီးထွားချိန်နောက်ပိုင်း တစ်ပင်လုံးအဝါဖျော့ရောင်ဖြစ်နေသည်ကို တွေ့ရှိ ရသည်။

စပါးဘက်တီးရီးယားရွက်ခြောက်ရောဂါသည် ရိုးပြတ်များ၊ ကောက်ရိုးများ၊ အလေ့ကျစပါးပင်များ၊ မျိုးစေ့များတွင်ခိုအောင်း နေလေ့ရှိပါသည်။ ၎င်းမှတစ်ဆင့် ကူးစက်ပျံ့နှံ့သည်။ လေအောင်းဖြင့်၊ အရွက်ပွတ်တိုက်ဒဏ်ရာဖြင့် တစ်ပင်မှတစ်ပင်၊ တစ်ခင်းမှတစ်ခင်းသို့ ကူးစက်နိုင်ပါသည်။ ဤရောဂါကာကွယ်နှိမ်နင်းရာမှာ ရောဂါဒဏ်ခံနိုင်ရည်ရှိမျိုးကို စိုက်ပျိုးပါ။ ယူရီးယားမြေသြဇာလျှော့သုံးပြီး ပိုတက်ရှ်မြေသြဇာပိုသုံးရန် စီမံသင့်ပါသည်။ ကောက်ကွက်စိပ်စိပ် စိုက်ပျိုးခြင်းကို ရှောင်သင့်ပါသည်။ ရိုးပြတ်၊ ကောက်ရိုး၊ အလေ့ကျပင်၊ အစေ့များကို စုစည်းပြီးမီးရှို့ပစ်ပါ။ ပိုတက်ရှ်မြေသြဇာကို အပင်ပွားချိန်၊ မှိုကပ်ချိန်၊ အနှံထွက်ချိန်သုံးကြိမ်ခွဲ၍ သုံးစွဲရန်ဖြစ်ပါသည်။

စပါးသီးနှံတွင်နောက် အရေးကြီးသောရောဂါ တစ်မျိုးမှာ ရွက်ဖုံးပုပ်ရောဂါဖြစ်ပါသည်။ မှိုကြောင့်ဖြစ်သောရောဂါ ဖြစ်သည်။ ရာသီဥတုစွတ်စိုထိုင်းမှိုင်းလျှင် ပိုဖြစ်လေ့ရှိသည်။ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီနှင့် မန္တလေး၊ စစ်ကိုင်း၊ မွန်၊ ကရင်ဒေသတို့တွင် ဖြစ်လေ့ရှိပါသည်။ နိုက်ထရိုဂျင်မြေသြဇာများပြီး ပိုတက်ရှ်မြေသြဇာအသုံး နည်းပါကပို၍ဖြစ်စေသည်။ စပါးပင်၏ ရွက်ဖုံးပေါ်တွင် ရောဂါဖြစ်စေသည်။ မှိုမျှင်များပွားများပြီး ရွက်ဖုံးတစ်ခုလုံးပုပ်သွားစေပါသည်။ ဤရောဂါကာကွယ်နှိမ်နင်းရန်အတွက် မှိုသတ်ဆေးတစ်မျိုးမျိုးကို အသုံးပြုပက်ဖျန်းရန် လိုပါသည်။ ရောဂါကျရောက်မှုဆိုးရွားပြီးမှဆိုလျှင် ကာကွယ်နှိမ်နင်းရန် မလွယ်၊ ပြန်ကောင်းရန်မလွယ်ကူပါ။ ကြိုတင်သတိပြုရန် လိုအပ်ပါသည်။ အပင်စိပ်စိပ် စိုက်ပျိုးခြင်းကို ရှောင်ရှားသင့်ပါသည်။

စပါးသီးနှံကို နောက်ထပ်ဒုက္ခပေးသည့်ရောဂါမှာ မှိုသီးရောဂါ ဖြစ်ပါသည်။ မှိုကြောင့်ဖြစ်ပွားခြင်းဖြစ်ပါသည်။ စပါးပန်းပွင့်ချိန် နောက်မိုးဆက်တိုက်ရွာသွန်းနေပါက ပန်းပွင့်အတွင်းရေငွေ့ဝင်၍ ဖြစ်ခြင်းဖြစ်ပါသည်။ ပန်းပွင့်အဂ်ါတွင် အစေ့အဆန်မဖြစ်တော့ဘဲ ၎င်းနေရာတွင် မှိုရောဂါစွဲကပ်၍ စားတော်ပဲစေ့လုံးကြီးအရွယ် မှိုသီးများသာဖြစ်စေပါသည်။ ပန်းပွင့်ချိန်နောက်မိုးကောင်းနေပြီဆိုလျှင် သတိပြုပါ။ မှိုသတ်ဆေးတစ်မျိုးမျိုးကြိုတင်ပက်ဖျန်းထားရန် လိုပါသည်။ သို့ပါ၍ တောင်သူလယ်သမားကြီးများအနေဖြင့် စပါးသီးနှံဖျက်သောပိုးမွှားရောဂါများကို ထိထိရောက်ရောက်ကာကွယ်နှိမ်နင်းကြရန် နှိုးဆော်လိုက်ရပါသည်။

# နိုင်ငံတကာ သတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်ပါ ပြင်ဆင်ဆောင်ရွက်ရမည့် မြန်မာ့ E-Commerce အပိုင်း(၂)




**(ယခင်တစ်ပတ်မှအဆက်)**

မြန်မာနိုင်ငံရဲ့ Ecommerce readiness အခြေအနေကို ပြန်ကြည့်ရင် ၂၀၁၁ ခုနှစ် ဒီမိုကရေစီစနစ်နဲ့ ပြုပြင်ပြောင်းလဲရေးတွေ စတင်ပြီးနောက်ပိုင်း မှာ နိုင်ငံရဲ့ ICT ကဏ္ဍပါ တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ အထူးသဖြင့် ၂၀၁၂-၂၀၁၃ တယ်လီကွန်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်ပြောင်းလဲမှုဟာ မြန်မာလူထုအတွက် ဆက်သွယ်ရေးနည်းပညာနဲ့ ပိုမိုနီးစပ်စေခဲ့သလို အင်တာနက်အသုံးပြုပြီး လူမှုကွန်ရက်ဆက်သွယ်မှုတွေ အသုံးပြုနိုင်မှုအခြေအနေ များပြားလာခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအတွက် E Commerce ဖွံ့ဖြိုးစေဖို့များစွာအထောက်အကူဖြစ်စေခဲ့ပါတယ်။ ကွန်ရက်ဆက်သွယ်မှုအတွက် ADSL၊ WiMax၊ FTTx၊ Mc Well၊ Metro IP Star၊ Broadband စတဲ့ ဝန်ဆောင်မှုတွေဟာ မြန်မာနိုင်ငံအနေနဲ့ နည်းပညာ၊ နေရာ၊ ဈေးနှုန်း စတဲ့ ကန့်သတ်ချက်တွေ ရှိနေသေးတဲ့အတွက် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံနိုင်တဲ့ အနေအထားမရှိသေးပေမဲ့လည်း တယ်လီကွန်းဝန်ဆောင်မှုအနေနဲ့ လူတိုင်းအသုံးပြုနိုင်အောင် လက်လှမ်းမီတဲ့ ဝန်ဆောင်မှုတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ MPT၊ Tele nor၊ Ooredoo စတဲ့ ပြည်တွင်း၊ ပြည်ပ တယ်လီကွန်းကုမ္ပဏီသုံးခုနဲ့ ၂၀၁၈ ခုနှစ်မှာ Mytel အပါအဝင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီလေးခု တယ်လီကွန်းဝန်ဆောင်မှုလုပ်ငန်းများကို ပြောင်းလဲဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇ နှစ်ကုန် စာရင်းများအရ National Fiber Backbone ၅၅၄၉၅ ကီလိုမီတာ Fix Phone သုံးစွဲနိုင်မှု သုည ဒသမ ၅၂ သန်း၊ မိုဘိုင်းဖုန်း သုံးစွဲနိုင်မှု ၅၅ ဒသမ ၆၁သန်း၊ ပေါင်း ၅၆ ဒသမ ၁၃ သန်းရှိပြီဖြစ်ပါတယ်။ Telephone density အနေနဲ့ ၁၀၈ ဒသမ ၅၆ ရာခိုင်နှုန်း၊ အင်တာနက်သုံးစွဲနိုင်မှု ၄၆ ဒသမ ၃၉ သန်းအထိရှိပြီး 4G network ထိ အသုံးပြုနိုင်တာဖြစ်ပါတယ်။ မိုဘိုင်းဖုန်း သုံးစွဲနိုင်မှု အရေအတွက်များပြားပြီး ၈၀ ရာခိုင်နှုန်းကျော် Smart phone အသုံးပြုနိုင်လာတဲ့အတွက် မြန်မာနိုင်ငံဟာ E Commerce ကနေ M Com merce ဆိုတဲ့ မိုဘိုင်းကောမက်ကို (leapfrogged) ခုန်သွားနိုင်တဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ လက်ရှိမှာတော့ F Commerce ဆိုတဲ့ Facebook Commerce အဆင့်တစ်ခုကနေ ကျော်လွှားရမှာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် UNCTAD B2C E-commerce Index မှ နိုင်ငံများရဲ့ Online Commerce တိုးတက်မှုကို ညွှန်းကိန်း (၄)ခုဖြစ်တဲ့ အင်တာနက် အသုံးပြုမှု၊ လုံခြုံသော ကွန်ရက်သုံးစွဲမှု၊ credit card အသုံးပြုမှု၊ စာတိုက်များအပေါ် ယုံကြည်စိတ်ချစွာအသုံးပြုနိုင်မှု အခြေခံတိုင်းတာခဲ့ရာ အဆင့် ၁၄၄ တွင် ၁၂၃ အဆင့်အတန်းကိုရောက်ရှိနေပြီး International Telecommunication Union – ITU) ICT ဖွံ့ဖြိုးမှုညွှန်းကိန်း(ICT Develop ment Index IDI)တွင် မြန်မာနိုင်ငံသည် အဆင့် ၁၇၅ တွင် ၁၃၅ ကို ရောက်ရှိနေခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် Telecommunication Sector မှာ အိမ်နီးချင်းနိုင်ငံအချို့ထက် တိုးတက်မှုရှိနေသော်လည်း B2C E Commerce ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ အရှိန်အဟုန်နဲ့ဆက်လက်ကြိုးစားဖို့ လိုအပ်နေဦးမှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ICT ဖွံ့ဖြိုးမှုအညွှန်းကိန်း**

| နိုင်ငံ | ITU IDI အဆင့် | UNCTAD B2C E-commerce Index |
|---|---|---|
| ထိုင်း | ၇၈ | ၄၉ |
| တရုတ် | ၈၀ | ၆၅ |
| ကမ္ဘောဒီးယား | ၁၂၈ | ၁၁၅ |
| အိန္ဒိယ | ၁၃၄ | ၈၃ |
| မြန်မာ | ၁၃၅ | ၁၂၃ |
| လာအို | ၁၃၈ | ၉၂ |
| ဘင်္ဂလားဒေ့ရှ် | ၁၄၇ | ၁၀၃ |

**အရင်းအမြစ်- ITU (IDI ၂၀၁၇ report), UNCTAD (၂၀၁၇ B2C E-commerce Index)**

မြန်မာနိုင်ငံ၏ E Commerce စနစ် ဖွံ့ဖြိုးတိုးတက်စေရန် ခိုင်မာတဲ့ အခြေခံလိုအပ်ချက်များရှိနေသေး သော်လည်း နည်းပညာအခြေခံသည့် စက်မှုလက်မှုလုပ်ငန်းများ၊ စွန့်ဦးတီထွင်ဆောင်ရွက်လိုသူများ၏ အာရုံကို ဆွဲဆောင်လျက်ရှိပါတယ်။ ရေရှည် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်တဲ့ ecosystem ကို ဖန်တီးနိုင်ရေး အစိုးရနှင့် ပုဂ္ဂလိကအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း

**မျိုးကောင်း**


ဆောင်ရွက်လျက်ရှိပါတယ်။

နောက်ထပ် E Commerce လုပ်ငန်းစဉ်တွေထဲက အရေးကြီးဆုံးတစ်ခုဖြစ်တဲ့ လုံခြုံစိတ်ချမှုရှိတဲ့ အီလက်ထရောနစ် ငွေပေးချေမှု (E Payment) စနစ်တွေရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ လက်ရှိ Payment Gateway များအနေနဲ့ MyanPay၊ Ypay၊ 2C2P စတဲ့ gateway များရှိသော်လည်း ငွေပေးချေမှုအများစုက MPU, Visa, Master, JCB တို့နဲ့ချိတ်ဆက်ပေးနိုင်သော 2C2P payment များကို အများဆုံးအသုံးပြုနေပါတယ်။ လက်ရှိတွင် MPU(Myanmar Payment Union) ဟာ ပြည်တွင်းမှာ ကွန်ရက် ချိတ်ဆက်မှုနဲ့ သုံးစွဲမှုအများဆုံး စနစ်တစ်ခုဖြစ်ပါတယ်။ လက်ရှိမှာ ပြည်တွင်းဘဏ် ၂၄ ခုနဲ့ချိတ်ဆက်ထားပြီး Online Payment ပါ website ၇၀ ခန့်နဲ့လည်း ချိတ်ဆက်ထားနိုင်တာတွေ့ရပါတယ်။ wave money၊ ok dollar၊ true money၊ 663 mobile money တို့ကဲ့သို့ mobile payment စနစ်မျိုးဖြင့် ကျေးလက်ဒေသများတွင်ပါ အသုံးပြုနိုင်သလို ဗဟိုဘဏ်မှ JICA နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ CBM-NET စနစ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းမှာ လက်ရှိ ATM Card အသုံးပြုသူဦးရေ ၂ သန်းကျော်ရှိပြီး အများစုက ငွေလွှဲ၊ ငွေထုတ်ကိစ္စရပ်များကိုသာ အဓိကဆောင်ရွက်လျက်ရှိပါတယ်။ Online မှ ငွေပေးချေမှုအနေဖြင့် ၂ ရာခိုင်နှုန်းလောက်သာ မိုဘိုင်းမှ ငွေပေးချေကြပြီး COD (Cash On Delivery) စနစ်ကို အများဆုံးအသုံးပြုနေကြပါတယ်။ Online Payment စနစ်ခိုင်မာမှုမရှိဘဲ E Commerce ကို သွားဖို့မလွယ်ပါဘူး။ လက်ရှိမှာတော့ payment transactions တွေအနေနဲ့ POS (Point Of Sale) နဲ့ အများဆုံးအသုံးပြုနေပြီး E Commerce online transaction ပိုင်းမှာအတော် လေးနည်းနေတာတွေ့ရပါတယ်။ အခုနောက်ပိုင်း ပြည်တွင်း ပုဂ္ဂလိကဘဏ် အချို့ရဲ့ online banking ဝန်ဆောင်မှုတွေမှာ မော်တော်ကားလက်မှတ်ဝယ်ယူမှု၊ မီတာဘေလ်နဲ့ ဖုန်းဘေလ်ကြိုတင်ထည့်သွင်းမှု၊ တက္ကစီအငှားငွေပေးချေမှု စတာတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ကြတာ တွေ့ရပါတယ်။ ငွေကြေးစနစ်ပိုင်းမှာလည်း Cash စနစ် မှသည် Bank Card စနစ်၊ Cardless စနစ်တွေကို အဆင့်လိုက်ကူးပြောင်းဆောင်ရွက်ဖို့လိုမှာ ဖြစ်ပါတယ်။

E Commerce လုပ်ငန်းဆိုတာ အင်တာနက်အသုံးပြုပြီး အွန်လိုင်းကနေ ရောင်းဝယ်မှုဆောင်ရွက်ကြတာ ဖြစ်တဲ့အတွက် ရောင်းသူနဲ့ ဝယ်သူကြားမှာ ယုံကြည်မှု (Trust) တစ်ခုရှိဖို့က အရေးကြီးပါတယ်။ နိုင်ငံတကာမှာတော့ အဲဒီလို Trust တစ်ခုရရှိစေဖို့ အစိုးရကခိုင်မာတဲ့ ဥပဒေတွေ၊ ပေါ်လစီမူဝါဒတွေ ချမှတ်ပေးထားတယ်။ အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်လာ မယ်ဆိုလည်း အဆိုပါဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့ အညီဖြေရှင်းပေးရမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ အွန်လိုင်းက ဈေးရောင်းချမဲ့သူတွေအတွက် အစိုးရက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများအတိုင်း မှတ်ပုံတင်ပေးခြင်း၊ Online Shopping လုပ်မဲ့ website ကို တရားဝင် Domain Name မှတ်ပုံတင်ပြီးမှသာခွင့်ပြုခြင်း၊ သတ်မှတ်လုပ်ငန်းပမာဏပေါ် မူတည်ပြီး Deposit ပေးဆောင်စေခြင်း၊ ဝယ်ယူသူထံ ၎င်းမှာယူတဲ့ ကုန်ပစ္စည်းရောက်ရှိပြီး ဝယ်ယူသူကျေနပ်မှုရှိကြောင်းစနစ်မှာ နောက်ဆုံးအတည်ပြုပြီးမှသာ သက်ဆိုင်ရာရောင်းချသူရဲ့ ဘဏ်စာရင်းသို့ လွှဲပြောင်းစေခြင်း၊ ပြည်ပမှ မှာယူရောင်းချမှုများအတွက် ကုန်သွယ်မှုလုပ်ထုံးလုပ်နည်း ဥပဒေများအတိုင်း အခွန်အခပေးဆောင်စေခြင်းများကို လိုက်နာဆောင်ရွက်ရတာဖြစ်ပါတယ်။

နိုင်ငံတကာစံနှုန်းတွေအရတော့ နိုင်ငံအများစုက E Commerce လုပ်ငန်းစဉ်တွေမှာ Electronic Transaction Law ၊ E Commerce law၊ Privacy Law၊ Cybercrime ၊ Consumer Protection ၊Content Regulation၊ Domain Name စတဲ့ ဥပဒေတွေကို ပြဋ္ဌာန်းဆောင်ရွက်ထားကြတာ တွေ့ရပါတယ်။ ကိုယ့်နိုင်ငံရဲ့ လိုအပ်ချက်ပေါ် မူတည်ပြီး ဆက်စပ်တဲ့လုပ်ငန်းတွေအတွက် လိုအပ်တဲ့ဥပဒေတွေ ထပ်မံပြဋ္ဌာန်း ထုတ်ပြန်တာမျိုးတွေလည်း တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာတော့ ဥပဒေပိုင်းအနေနဲ့ Electronic Transaction Law 2014 amend ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ E-Commerce law ဆိုပြီး သီးသန့်မရှိပေမဲ့ အများစုက ဒီဥပဒေထဲမှာ အထိုက်အလျောက်ပါဝင်တာ တွေ့ ရပါတယ်။ ဒါပေမဲ့လည်း Sector တစ်ခု လုံးလွှမ်းခြုံနိုင်တဲ့အနေအထားတော့ မရှိသေးပါဘူး။ နိုင်ငံသားများ၏လူ့ဂုဏ်သိက္ခာ ... 




**ရင်းမြစ်- E Trade Readiness Assessment**

လက်ရှိ E-Commerce လုပ်ငန်းတွေအတွက် တိကျတဲ့ မူဝါဒ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်တွေကို ဦးစားပေး အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒီလို ခိုင်မာတဲ့လုပ်ငန်းစဉ် မူဝါဒတွေရှိမှသာ ရောင်းသူဝယ်သူအကြား ယုံကြည်မှု တစ်ခုဖြစ်ပေါ်လာမှာဖြစ်သလို အငြင်းပွားမှုကိစ္စတွေမှာ ဥပဒေကြောင်းအရ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းရှင်တွေအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ သတိပြုရမှာလည်း ဖြစ်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

CONSTRUCTION, POWER & MINING Myanmar 2018

INTERMACH MYANMAR

MTA MYANMAR

SUBCON MYANMAR Industrial Subcontracting Exhibition

MYANMARWATER

RENEWABLE ENERGY RE MYANMAR

# A MEGA INDUSTRIAL & INFRASTRUCTURE EVENT FOR MYANMAR!

A unique combination of 4 special shows at 1 location featuring technologies and equipment covering a variety of industries including Industrial Machinery, Subcontracting & Sourcing, Construction, Mining, Water & Wastewater Management, Power and Renewable Energy.

**15 National Pavilions from 8 countries**
e.g. Singapore, Thailand, China, Taiwan, Korea, Japan, Malaysia and India

**500 Companies representing 1000 of Brands**

**Comprehensive Technical Seminars** and Activities related to all the industries

## 11-13 OCTOBER 2018

**Yangon Convention Centre (YCC)**
*Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.*

NEW VENUE

**9.00-17.00 hrs.**




**Pre-register at**
reg.ubmmyanmar.com

Supported by:

MCEA

REAM

Yangon Electricity Supply Corporation

Organised by:

UBM

For more informationplease contact UBM Myanmar

+95 1378 975

# GOLDEN BULK MARINE CREWING CO,LDT
# @OMI MARINE




Address : No.(1st Floor), Kyan Khin St,
Sanchaung Township,Yangon.
Phone : +95 9 421076377, +95 9 780756094,
+95 9 790241466
Email : info@omimarine.com
Skype : omimarinecrewingagency
Website : www.omimarine.com









(ယခင်တစ်ပတ်မှအဆက်)



















စာမျက်နှာ (၂၁)သို့ ➤➤➤

# အလုပ်သမား အရည်အသွေးပြည့်ဝရေး၊ အလုပ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အလုပ်သမားရေးရာစီးပွားရေးစကားဝိုင်း



| မောင်လွင်ပြင် |

အလုပ်သမားရေးရာဆိုင်ရာ စီးပွားရေးစကားဝိုင်းကို ဩဂုတ် ၂၁ ရက်က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျင်းပခဲ့သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံအတွင်း ကဏ္ဍစုံတွင် လုပ်ကိုင်နေကြသည့် လုပ်သားအရင်းအမြစ်များ အားကောင်းပြီး အရည်အသွေးပြည့်ဝသည့် လုပ်သားများ ပေါ်ထွက်မှသာ စီးပွားရေး ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်မည်။ ထို့ကြောင့် လုပ်သားအရင်းအမြစ် အားကောင်းရေး၊ အရည်အသွေးပြည့်ဝသည့်လုပ်သားများ ပေါ်ထွက်ရေး တို့ကို ဦးတည် ရည်ရွယ်ပြီး စီးပွားရေးစကားဝိုင်း ကျင်းပရခြင်းဖြစ်သည်။

ယင်းစကားဝိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ်မှ ဦးထွန်းထွန်း၊ မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင်အေဂျင်စီများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပီတာညွန့်မောင်တို့က ဆွေးနွေးခဲ့ကြသည်။ ယင်းစကားဝိုင်းတွင် ပြောကြားဆွေးနွေးကြသောအချက်အများစုသည် ပြည်သူ အများသိရှိနားလည်ထားသင့်သည်ဟု ယူဆသည်။ ထို့ကြောင့် စိတ်ဝင်စားဖွယ် မှတ်သားစရာအချက်များကို ကောက် နုတ်တင်ပြချင်ပါသည်။

စကားဝိုင်းတွင် အစီအစဉ်မှူးက 'ရန်ကုန်တိုင်းဒေသကြီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ အများကြီးရှိသည်ဟု သိထားကြောင်း၊ ယင်းအပေါ်တွင် အလုပ်သမား အများဆုံးနှင့် အလုပ်အကိုင် အများဆုံးရှိနေသည့် ထုတ်ကုန်များမည်သို့ တိုးတက်အောင် ဆောင်ရွက်နေသလဲဆိုသည်ကို ဆွေးနွေးစေလိုကြောင်း' ပြောကြားသည်။ ယင်းသို့ ပြောကြားမှုကို ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ယခုလိုဆွေးနွေးခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်း စက်မှုဇုန် ၂၉ ဇုန်ရှိကြောင်း၊ အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်တစ်ခုရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ လူဦးရေ ၅၃ သန်းကျော်၏ ၁၄ ရာခိုင်နှုန်းသည် ရန် ကုန်တိုင်းဒေသကြီးတွင် နေထိုင်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေ အထူထပ်ဆုံးဖြစ်ကြောင်း၊ အလုပ်အကိုင်ရှားပါးသည့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများကအလုပ်သမားများ ရန်ကုန်တိုင်းဒေသကြီးသို့ ရွှေ့ပြောင်းအလုပ်သမား (Migrant Workers) အဖြစ် ရောက်ရှိလာကြကြောင်း၊ ၎င်းရွှေ့ပြောင်းအလုပ် သမားများသည် အထူးသဖြင့် စက်မှုဇုန်များတွင် အလုပ်လုပ်ကိုင်ကြကြောင်း၊ ၂၀၁၅ ခုနှစ် အစိုးရသစ်တက်လာချိန်တွင် တစ်နိုင်ငံလုံး၌ စက်ရုံပေါင်း ၄၄၄၃၉ ရုံရှိကြောင်း၊ ယခုလက်ရှိအချိန်တွင် စက်ရုံပေါင်း ၅၀၀၈၃ ရုံအထိတိုးပွားလာကြောင်း၊ မိမိတို့နိုင်ငံတွင် အရည်အသွေးရှိသည့် အလုပ်သမားများ အမြဲတမ်းလိုအပ်နေကြောင်း၊ အချို့က စက်ရုံများပိတ်သိမ်းရခြင်းများရှိကြောင်း၊ စက်ရုံအချို့ ပိတ်သိမ်းရခြင်းသည် အကြောင်းရင်းမျိုးစုံရှိကြောင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်းကြောင့်လည်း ပိတ်သိမ်းရခြင်းများရှိကြောင်း၊ ကုန် သွယ်မှုအဆက်အသွယ် အားနည်းမှုကြောင့်ပိတ်သိမ်းရခြင်းများလည်း ရှိကြောင်း၊ ပိတ်သိမ်းရသည့် စက်ရုံနှင့် တိုးတက်လာသည့် စက်ရုံအရေအတွက် ကိုနှိုင်းယှဉ်ကြည့်လျှင် တိုးလာသည့် စက်ရုံအရေအတွက်က ပိုပြီးများကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယခင်အစိုးရလက်ထက် သက်တမ်းနှစ်နှစ်နှင့် လေးလအတွင်း စက်ရုံ ၆၈၉၅ ရုံ သာရှိကြောင်း၊ ၂၀၁၅ ခုနှစ် မတ်လအထိ စက်ရုံပေါင်း ၆၁၆၄ ရုံရှိလာကြောင်း၊ စက်ရုံ ၇၃၁ ရုံတိုးလာကြောင်း၊ ယင်းအထဲတွင် အထည်ချုပ်စက်ရုံများပါဝင်ကြောင်း၊ ယင်းသို့ အထည်ချုပ်စက်ရုံများ တိုးလာခြင်းမှာ GSP ကင်းလွတ်ခွင့်ရခြင်းကြောင့်လည်း ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံကချုပ်သည့် အထည်များ ဥရောပသို့တင်ပို့လျှင် အချို့ဆို အကောက်ခွန်လုံးဝ ကင်းလွတ်ခွင့်ရကြောင်း၊ အချို့ဆိုလျှင် အတိုင်းအတာ တစ်ခုအထိ လျော့နည်းကြောင်း၊ ယင်းသို့ လျော့နည်းသဖြင့် ဈေးလျှော့ရောင်းနိုင်သည့်အတွက် အထည်ချုပ်စက်ရုံများ တိုးပွားလာခြင်းဖြစ်ကြောင်း၊ သို့ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးတွင် အလုပ်သမားနှင့် ပတ်သက်ပြီး အခွင့်အလမ်းများ အများကြီးရှိနေကြောင်းများကို ပြောကြားဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး အလုပ်သမားကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းပေးမှုများကိုလည်း ပြောကြားပါသေးသည်။ ၂၀၁၂ ခုနှစ် မတိုင်မီက ရန်ကုန်မြို့ ကျောက်ကုန်းတွင် သင်တန်းကျောင်း အသေးပဲရှိသည်။ တစ်နှစ်မှ အလုပ်သမား ၂၀၀ သာလေ့ကျင့်သင်ကြားပေး နိုင်ခဲ့သည်။ ယခု ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး သုဝဏ္ဏမြို့တွင် လက်သမားသင်တန်း၊ ပန်းရန်သင်တန်း၊ သံချည်သံကွေးသင်တန်းနှင့် လျှပ်စစ်သင်တန်းအပါအဝင် အခြားသင်တန်းများကို ဒုတိယညွှန်ကြားရေးမှူးတစ်ဦးက ဦးစီးပြီး သင်ကြားပေးနေသည်။ ထို့ပြင် ပြင်ပကျွမ်းကျင်ဆရာများ ငှားရမ်းပြီး သင်ကြားပေးနေခြင်းများရှိ သည်။ တစ်နှစ်ကို ဦးရေ ၄၀၀ လောက် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်နိုင်သည်။ ယခု ရန်ကုန်မြို့ အင်းစိန်ဂျီတီအိုင်ကျောင်းမှာလည်း သင်တန်းပေးနိုင်အောင် စီစဉ်နေသည်။ ထို့ပြင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ သင်တန်းကျောင်းတွင်လည်း စင်ကာပူနိုင်ငံနှင့် ပူးပေါင်းပြီး နိုင်ငံတကာဆရာများခေါ်ယူပြီး သံချည်သံကွေးသင်တန်း၊ စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်း စသည့် သင်တန်းများပေးလျက်ရှိသည်ဟု ဆွေးနွေးသွားသည်။

အစီအစဉ်မှူးက "ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် မည်သို့ဆောင်ရွက်ပေးနေသည်ကို ဆွေးနွေးစေလိုကြောင်း" ပြောသည်။ ယင်းအချက်အား အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြည်လည်ဆွေးနွေးပေးသည်။ ပြည်ပအလုပ်အကိုင်အခွင့်အလမ်း မြင့်မားစေဖို့ မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်ကို ဝန်ကြီးဌာန ကြီးကြပ်မှုနှင့် ဖွဲ့စည်းခွင့်ပြုခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်ကစပြီး ယခုအချိန်အထိ ပြည်ပသို့ တရားဝင်စေလွှတ်ထားသည့် မြန်မာအလုပ်သမား ရှစ်သိန်းကျော်ရှိကြောင်း၊ ထိုင်း၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံများနှင့် MOU ရေးထိုးပြီး ပြည်ပရောက် မြန်မာအလုပ်သမားများ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရအောင် ညှိနှိုင်း ဆောင်ရွက်ပေးနေကြောင်း၊ ထိုင်းနိုင်ငံတွင် အလုပ်သမားသံအရာရှိ ငါးဦး၊ မလေးရှားနိုင်ငံတွင်နှစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံတွင် တစ်ဦး၊ စုစုပေါင်း ရှစ်ဦး ခန့်ထားပြီး မြန်မာအလုပ်သမားအရေး ပိုမိုကာကွယ်စောင့်ရှောက်ပေးနေကြောင်း၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အထောက်အထားမဲ့ အလုပ်သမားများ အများအပြားရှိကြောင်း၊ သို့ကြောင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး မိမိတို့ဆီက CI စခန်းကိုးခု၊ Mobile Team သုံးခု ဖွင့်လှစ်ခဲ့ကာ မြန်မာအလုပ်သမား တစ်သန်းကျော်ကို မည်သူမည်ဝါဖြစ်ကြောင်း၊ သက်သေခံ လက်မှတ်နှင့် ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြား Smart Card များ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယင်းတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုဖြစ်ကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံ၌ မြန်မာ အလုပ်သမား သုံးသန်းခန့်ရှိပြီး၊ မလေးရှားနိုင်ငံတွင် နှစ်သိန်းခန့် အလုပ်လုပ်နေကြကြောင်း၊ ထူးခြားဖြစ်စဉ်အနေဖြင့် ထိုင်းနိုင်ငံတွင် ယခု မတ်လနှင့် ဧပြီလများအတွင်းက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့၍ သေဆုံးဒဏ်ရာရသူများအတွက် ခံစားခွင့်ငွေကျပ် သိန်းပေါင်း ၅၈၀၀ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အခြားလျော်ကြေးကိစ္စများလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းများကို ပြောကြားဆွေးနွေးခဲ့သည်။ ထို့နောက် ဆက်လက်ပြီး ပြည်ပသွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများ၏ အခွင့်အရေးများကို ဝန်ကြီးဌာနက ဆောင်ရွက်ပေးထားသည်များကိုလည်း ပြောကြားခဲ့ပါသေးသည်။

ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် အေဂျင်စီများ အဖွဲ့ချုပ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာတွင် ဖွဲ့စည်းခွင့်ပြုခဲ့ကြောင်းကို ယင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပီတာညွန့်မောင်က ပြောကြားပြီး ၎င်းကပင် ဆက်လက်ဆွေးနွေးခဲ့သည်။ အဖွဲ့ချုပ်သည် ပြည်ပသို့ တရားမဝင်ပို့ဆောင်သည့်ကိစ္စ၊ လူကုန်ကူးမှု ကိစ္စနှင့် ပြည်ပကို ထွက်ခွာသည့် မြန်မာအလုပ်သမားများ ပြည်ပတွင် ကောင်း မွန်သည့် အလုပ်အကိုင်ရရှိရေးကိစ္စများ ဆောင်ရွက်နေကြောင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အဖွဲ့ချုပ်၏ Call Center ဖွင့်ထားကြောင်း၊ အလုပ်သမားအရေးပြဿနာများကို မြန်မာသံအမတ် ကြီး၏ ဦးဆောင်မှု၊ အလုပ်သမားသံအရာရှိများ၏ ပူးပေါင်းမှုများဖြင့် ပေါင်းစပ်ဖြေရှင်းပေးနေကြောင်း၊ အဖွဲ့ချုပ်သည် အိုင်အယ်လ်အိုနှင့် ပူးပေါင်းပြီး Code of Conduct ကို ကုမ္ပဏီပေါင်း ၂၅၀ ကျော်ထဲက ကုမ္ပဏီ ၁၉၁ ခုက ပါဝင် လက်မှတ်ရေးထိုးလိုက်နာ ဆောင်ရွက်နိုင်အောင် ကြိုးစားအားထုတ်ခဲ့ကြောင်း၊ ကျန်ရှိသည့် ကုမ္ပဏီများလည်း လက်မှတ်ရေးထိုးရန် ပြင်ဆင်နေပြီဖြစ်ကြောင်းနှင့် အဖွဲ့ချုပ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အသစ်ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်၍ ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အလုပ်သမားတော်တော်များများ မသိနားမလည်ဘဲ ပွဲစားများ လိမ်လည်ခံထားရသည့် အမှုများကိုလည်း ဖြေရှင်းပေးနေကြောင်း၊ ရသင့်ရထိုက်သည့် ငွေကြေးများလည်း ပြန်လည်ရရှိသွားပြီ ဖြစ်ကြောင်းများကို ပြောကြားဆွေးနွေးခဲ့ကြပါကြောင်း ကောက်နုတ်တင်ပြလိုက်ရပါသည်။

**စာရေးသူ၏အာဘော်သာဖြစ်သည်။**

စာမျက်နှာ (၂၀) မှန်ကန်သောလမ်း ...... မှအဆက်



# ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး- မူဆယ် ကုန်သယ်ယူခများ

၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း မန္တလေးမှ မူဆယ်သို့ ကုန်သယ်ယူခများ မှာ ပို့ကုန်တွင် ပြောင်းနဲ့ဆန် တစ်ပိဿာ သယ်ယူခ ၆၆ ကျပ်၊ ပဲတီစိမ်းနဲ့ နှမ်း တစ်ပိဿာ သယ်ယူခ ၆၅ ကျပ်၊ ရော်ဘာတစ်ပိဿာ ကျပ် ၇၀ ဖြင့် ဩဂုတ်လ တစ်လလုံး ပြောင်းလဲမှုမရှိဘဲ သွင်းကုန် မြေဆီသယ်ယူခမှာလည်း ၃၀-၃၅ ကျပ်ဖြင့် ပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ၊ ကောက်ညှင်းဆန်၊ သကြား၊ ကွဲ/ နွားအရှင်၊ ပြောင်း၊ ရော်ဘာ၊ သီဟိုဠ်စေ့၊ ပလပ်စတစ်ဖြတ်စ၊ ကြက်သွန်နီ၊ ငါးမျိုးစုံ၊ ကဏန်း၊ ငါးရှဉ့်၊ နန္ဒင်း၊ လက်ဖက်ခြောက်နဲ့ ပရဆေး ကုန်ကြမ်းများ တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှလည်း ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ အိမ်ဆောက်ပစ္စည်း အမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ ဓာတုဗေဒပစ္စည်းများ၊ ချည်ထည်များ၊ ယာဉ်နှင့် ယာဉ် အပိုပစ္စည်းများ၊ ဆိုင်ကယ်နှင့် ဆိုင်ကယ် အပိုပစ္စည်းများနှင့် သုံးဘီးဆိုင်ကယ်များ တင်သွင်းခဲ့ပါတယ်။

**မော်မော်အောင်**

# နတ်မောက်မြို့နယ်ရှိ ကျေးလက်များတွင် ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် ဆိတ်မွေးမြူရေးလုပ်ကိုင်သူများ ဆိတ်ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများတွင်ဆိတ်ကိုမွေးမြူကြရာ ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားကြောင့် ဆိတ်ဈေးမြင့်တက်နေပြီး ဆိတ်မွေးမြူရေးလုပ်ကိုင်သူများ တွက်ခြေကိုက်နေကြောင်း သိရသည်။

"ကျွန်တော် အရင်ငါးနှစ်လောက်ကတော့ တောင်သူကြီးဖြစ်ပြီး ယာမြေဆယ်ဧကရှိပါတယ်။ သားသမီးတွေ အလုပ်ကိုယ်စီရတော့ ယာမလုပ်တော့ဘဲ ဆိတ်မွေးပါတယ်။ နေ့စဉ်ဆိတ်တွေကို တောထဲမှာ ကျောင်းရပါတယ်။ ယခင်နှစ်ကာလတုန်းမှာ ဆိတ်တစ်ကောင် ကျပ် ၅၀၀၀၀ ပဲရတယ်။ ယခုနှစ် ဩဂုတ်လမှာတော့ဆိတ်တစ်ကောင်ကို ကျပ် ၇၀၀၀၀ ရောင်းရတယ်။ တွက်ခြေကိုက်တယ်" ဟု ရေနံချောင်းမြို့နယ်က ဆိတ်မွေးမြူရေး လုပ်ကိုင်သူက ပြောပါသည်။

နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာကဒေသခံတစ်ဦးက "ယခင်ကတော့ ဆိတ်ဝယ်သူမရှိဘူး။ ဆိတ်ဈေးကလည်း ဆိတ်တစ်ကောင် ကျပ် ၅၀၀၀၀ပဲ ရတယ်။ ယခုတော့ ဆိတ်ဝယ်သူကလည်း တစ်ပတ်ကို ဆယ်ယောက်အထိ ရှိတယ်။ ပြည်ပပို့တယ်လို့ ပြောတယ်။ဆိတ်အကောင်နှစ်ဆယ်ကို ထုတ်ရောင်းတာ ကျပ် ၁၆ သိန်းရတယ်" ဟုပြောသည်။

"ဆိတ်အသားဈေးကလည်း ယခင်နှစ်ကာလတုန်းမှာဆိတ်အသားတစ်ပိဿာ ကျပ် ၁၂၀၀၀ ရှိတယ်။ ရုံဖန်ရုံခါမှာတော့ ဆိတ်သားတစ်ပိဿာကျပ် ၈၀၀၀ အထိ ကျသွားတယ်။ ဒီတော့လည်း ဆိတ်အရှင်ဈေးကျပ် ၄၀၀၀၀ ကနေ ကျပ် ၅၀၀၀၀ ဖြစ်သွားပါတယ်။ ယခုနှစ် ဩဂုတ်လ တတိယပတ်မှာ ဆိတ်တစ်ကောင် ကျပ် ၈၀၀၀၀ နှင့် အသားဈေး တစ်ပိဿာ ကျပ် ၁၅၀၀၀ ထိရှိလာတာ။ ဒါကြောင့် ဈေးမြင့်တာ" ဟု နတ်မောက်မြို့နယ်ဆိတ်ပွဲစားတစ်ဦးက ပြောသည်။ နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့တွင် ဆိတ်ကို လွှတ်ကျောင်းစနစ်နှင့် မွေးမြူကြပြီး စရိတ်စက နည်းပါးသည့်အပြင် တစ်နှစ်လျှင် ဆိတ်မမှ နှစ်သားပေါက်၍ တိုးပွားကာ အကျိုးအမြတ်ရနေကြောင်း သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**

# ဩဂုတ်လအတွင်း ရော်ဘာတန်ချိန်ရှစ်ထောင်ကျော်တင်ပို့

ဩဂုတ် နောက်ဆုံးပတ်ဖြစ်တဲ့ ၂၅ ရက်မှ ၃၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၁ သန်းတန်ဖိုးရှိ ရော်ဘာ ၈၆၉ တန်ကျော် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား တန်ချိန် ၄၀၀ နဲ့ RSS-5 အမျိုးအစား ၁၆ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber အမျိုးအစား၁၈ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၂၁၀၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှMSR-20 အမျိုးအစား ၄၅ တန်နဲ့ MSR-50 အမျိုးအစား တန်ချိန် ၃၀ တင်ပို့ခဲ့ပြီး၊ မြန်မာ-ထိုင်း နယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းမှ MSR-20 အမျိုးအစားတန်ချိန် ၁၅၀ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ဩဂုတ်လ တစ်လလုံးအတွင်းမှာ မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်းနယ်စပ်မှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၉၄ သန်း တန်ဖိုးရှိ



ရော်ဘာ၅၅၁၉ တန် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဇူလိုင်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၉၈ တန် ပိုမိုတင်ပို့နိုင်ကြောင်း သတင်းရရှိပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၇ ဒသမ ၁၃၆ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်လျှင် ၂၂၃၅၂ ကျပ် ဈေးတက်ကြောင်း သိရပါတယ်။

ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၄၆ သန်းတန်ဖိုးရှိ ရော်ဘာ ၅၉၅ တန်ကျော်တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၁၉၅ တန်၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၉၈ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၁၀၁ တန်နဲ့ တရုတ်နိုင်ငံသို့Synthetic Rubber ၂၀၁ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဩဂုတ်လ တစ်လလုံးအတွင်းမှာ အမေရိကန် ဒေါ်လာ ၃ ဒသမ ၈၀၅ သန်းတန်ဖိုးရှိ ရော်ဘာ ၂၉၄၆ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇူလိုင်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ ၁၄၁၉ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ဩဂုတ်လအတွင်း ရော်ဘာတင်ပို့မှု စုစုပေါင်းမှာ ၈၄၆၅ တန်နဲ့ တန်ဖိုး ၁၀ ဒသမ ၇၉၉ သန်းရှိကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# ပြည်ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၅/ ၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၅/ ၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ဩဂုတ် ၂၈ ရက်က ပြည်ခရိုင်၊အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များနှင့်အတူ ပြည်ခရိုင်ရုံးဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် အဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ စားသုံးသူရေးရာ ဦးစီးဌာန ပြည်ခရိုင် ဦးစီးမှူး ဦးဌေးမြင့် က ယခင်လ (၄/ ၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်မြို့၊ အောင်မင်္ဂလာဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် ဈေးအတွင်း ရောင်းချနေသော အမဲသား/ အမဲခြောက်နှင့် ဆိတ်သားများတွင် ဖော်မလင် သုံးစွဲထားခြင်း ရှိ/ မရှိ စမ်းသပ် စစ်ဆေးကွင်းဆင်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး၊ အဖွဲ့၏ယခုကျင်းပသည့် အစည်းအဝေးတွင် မှတ်တမ်းတင် အတည်ပြုနိုင်ရေး ဆွေးနွေးကာ မိမိတို့ ဌာနအနေဖြင့် ဩဂုတ်လအတွင်း မြို့နယ်အားလုံးရှိ စည်ပင်ဈေး၊ ကျောင်း၊ ရပ်ကွက်နှင့်ကျေးရွာများသို့ စားသုံးသူ အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်နိုင်ခဲ့မှုများကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ဆက်လက်၍ ပူးပေါင်းအဖွဲ့စုံ ဖြင့် စည်ပင်ဈေးများသို့ ရှေ့လာမည့် လများတွင်လည်း ကွင်းဆင်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်သည့်အတွက် လိုအပ်သည်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များမှ ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စများအား သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

# မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်အရောင်းပြပွဲကျင်းပ၊ ကုမ္ပဏီများမှ စက်ဆီချောဆီ၊ တာယာနှင့် ယာဉ်အပိုပစ္စည်းများရောင်းချ

WINNER Economics Enterprise Service Co.,Ltd. မှ ကြီးမှူးကျင်းပသည့် Mandalay Motor Car & Cycle Show မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် အရောင်းပြပွဲကို စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ မန္တလေးမြို့တော်ခန်းမတွင်ကျင်းပရာ KIA & PEUGEOT Brand New Car များ၊ အမေရိကန်နိုင်ငံလုပ် FORD မော်တော်ယာဉ်အသစ်များ၊ ဂျပန်နိုင်ငံ ထုတ် SUZUKI မော်တော်ယာဉ်သစ်များ၊ NISSAN ယာဉ်များ၊ ကိုရီးယားနိုင်ငံထုတ် HYUNDAI မော်တော်ယာဉ်များအား ဘဏ်များဖြင့်ချိတ် ဆက်၍ အရစ်ကျစနစ်ဖြင့်လည်းကောင်း၊ အီတလီ၊ ဂျပန်၊ ထိုင်း၊ အိန္ဒိယ တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များလည်း စက်ရုံများမှ တိုက်ရိုက်လာရောက်၍ အထူးနှုန်းဖြင့် လာရောက်ရောင်းချပေးလျက်ရှိသည်။ ကုမ္ပဏီများမှလည်းစက်ဆီချောဆီများ၊ တာယာများ၊ ကားအလှဆင်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများအား အထူးနှုန်းဖြင့် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ရောင်းချပေးရာ လာရောက်လေ့လာသူ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဆွစ် (၂၀၁၁) | M | ၁၇၅ သိန်း | 1.3 ၊ နယ်လိုင်စင် |
| ၂။ | ဒီမီယို (၂၀၁၄) | ယာယီ | ၂၄၅ သိန်း | 1.3 ၊ နယ်လိုင်စင် |
| ၃။ | အာဗီအာ (၂၀၁၈) | I | ၃၆၈ သိန်း | 1.8 ၊ နယ်လိုင်စင် |
| ၄။ | ဗဇ် (၂၀၁၁) | L | ၁၈၀ သိန်း | 1.3 ၊ နယ်လိုင်စင် |
| ၅။ | ဝှစ်ရှ် (၂၀၁၁) | ယာယီ | ၄၀၅ သိန်း | 1.8 ၊ ရန်ကုန် |
| ၆။ | ကလူဂါ (၂၀၀၃) | G | ၃၆၈ သိန်း | 2.4 ၊ ရန်ကုန် |
| ၇။ | ဟိုက်ဂျက် (၂၀၁၄) | ယာယီ | ၁၂၀ သိန်း | 0.6 ၊ နယ်လိုင်စင် |
| ၈။ | ခရောင်း (၂၀၀၉) | L | ၆၅၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် (နက်) |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၁၂၀ သိန်း | |

# ပြည်ကြီးတံခွန်မြို့နယ် လူဦးရေ ၇၀ ရာခိုင်နှုန်း ရေပေးဝေခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေး

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ပြည်ကြီးတံခွန်မြို့နယ် လူဦးရေ၏ ၇၀ရာခိုင်နှုန်းအတွက် ရေပေးဝေခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်သာလန်နိုင်ငံ Ballast Nedam ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ Authentic ကုမ္ပဏီတို့ ပူးပေါင်း ကျင်းပသည့် အလုပ်ရုံ ဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး ၆ ထပ်ဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် တက်ရောက်နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆွေးနွေးပွဲသို့ ဒုတိယမြို့တော်ဝန် ဦးရဲမွန်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ ပြည်ကြီးတံခွန်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ မြို့တော်စည်ပင် ရေနှင့်သန့်ရှင်းမှုဌာန အင်ဂျင်နီယာများ တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် နယ်သာလန်နိုင်ငံမှ စီမံချက် ဒါရိုက်တာ Mr.Johan Verhagerနှင့် မန်နေဂျာ Mr. Erain Jansenတို့ကလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ ကော်မတီဝင် ဒေါ်မြင့်မြင့်သန်းနှင့် တက်ရောက်လာသူများက ငွေကြေးသုံးစွဲမှုဆိုင်ရာနှင့် နည်းပညာဆိုင်ရာများ ဆွေးနွေးကြသည်။ အဆိုပါစီမံကိန်းမှာ ဒုဋ္ဌဝတီမြစ်ရေကို ရယူ၍ အမရပူရမြို့နယ် တလင်းကြီးကျေးရွာအနီးတွင် ရေကို သန့်ပြီး ဖြန့်ဝေနိုင်ရန် အလှူငွေ ၅၀ ရာခိုင်နှုန်း၊ ချေးငွေ ၅၀ ရာခိုင်နှုန်းဖြင့် ယူရို သန်း ၆၀ အကုန်အကျခံ ဆောင်ရွက်မည့် စီမံကိန်းဖြစ်ပြီး မန္တလေးမြို့တော်စည်ပင်နှင့် နယ်သာလန်ကုမ္ပဏီတို့ ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

**မောင်ပြည်သူ(မန္တလေး)**

## ဟုမ္မလင်းမြို့နယ်၏ ရော်ဘာစိုက်ပျိုးထွက်ရှိမှုအခြေအနေ

ဟုမ္မလင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ ရော်ဘာပင်များကိုစတင်စိုက်ပျိုးခဲ့ပြီး ဟုမ္မလင်း တစ်မြို့နယ် လုံး၏ လျာထားစိုက်ဧကမှာ ၈၇၇၄ ဧကဖြစ်၍ အမှန်စိုက်ဧကမှာ ၈၁၄၄ ဧကဖြစ်ကြောင်း သိရသည်။ အစေးများ ထုတ်ယူရရှိမှုမှာ ၄၅၂ ဧက ဖြစ်ကြောင်း၊ တစ်ဧကတွင် ၁၅ ပေ ×၁၅ပေ စိုက်ပျိုး ထားပြီး တစ်ဧကဝင်ဆံ့အပင်မှာပျမ်းမျှအားဖြင့် ၂၀၀ ပင်ခန့် စိုက်ပျိုးထားကြောင်းသိရသည်။ တစ်ဧကကုန်ကျစရိတ်မှာ ပထမနှစ်တွင် ကျပ် ၅၀၀၀၀၀ ဖြစ်ပြီး နှစ်နှစ်မှ ခုနစ်နှစ်တွင် တစ်နှစ်လျှင် ကျပ် ၁၅၀၀၀၀ ခန့်ကုန်ကျကာ ရော်ဘာပင် ခြောက်နှစ်မှခုနစ်နှစ်သားအထိ ကုန်ကျငွေ စုစုပေါင်း ကျပ် ၁၄၀၀၀၀၀ သိန်းဖြစ်သည်။ မျိုးစေ့ကောင်းပြီး လိုအပ်သည့်အပင်၊ မြေသြဇာနိုင်အောင် ထည့်နိုင်လျှင် ခုနစ်နှစ်သားမှစ၍ အစေးထုတ်ယူ ရရှိပါသည်။ တစ်ဧက အထွက်နှုန်းမှာ ပေါင် ၇၀၀ ထွက်ရှိပြီး လုပ်သားအင်အား သုံးစွဲမှု အခြေအနေမှာ ပထမ စစိုက်သည့်နှစ်တွင် တစ်ဧက ၃၁ ယောက် စစိုက်ပြီး နောက် ခြောက်နှစ်သားအတွင်း ၁၇ ယောက် ငှားရမ်းသုံးစွဲရသဖြင့် ရော်ဘာများ စိုက်ပျိုးသည့်အတွက် အလုပ်သမားများ အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိပါသည်။ နည်းပညာများကို စက်မှုသီးနှံဌာနမှ ရော်ဘာစိုက်ပျိုး ထုတ်လုပ်ခြင်း၊ ရော်ဘာအစေးလှီးခြင်း၊ ကြိတ်ခွဲခြင်း၊ ကွင်းဆင်းသရုပ်ပြ၍ နည်းပညာပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ရောင်းဝယ်ဖောက်ကားသည့် ဈေးကွက်အခြေအနေမှာ ရော်ဘာပြားတစ်ပေါင်ကို ယခုလက်ရှိပေါက်ဈေးမှာ ကျပ် ၇၀၀ ဖြစ်ပြီး ဈေးနှုန်းအနေဖြင့် ဈေးနှုန်းအတက်အကျရှိကြောင်း၊ ရော်ဘာပြားများကို ရော်ဘာအသင်း ဥက္ကဋ္ဌ ဦးကျော်စွာလွင်ထံ ရောင်းချလျှင် တစ်ပေါင် ကျပ် ၇၀၀ နှုန်းဖြင့် ရောင်းချရပြီး မုံရွာ၊ မန္တလေးမြို့များသို့ သွားရောက် ရောင်းချပါက တစ်ပေါင်လျှင် ကျပ် ၇၈၀ ရရှိကြောင်း သိရှိရပါသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် ကုန်ကျငွေနှင့် အကျိုးအမြတ်ငွေ တွက်ခြေကိုက်မှုအခြေအနေမှာ ယခု လက်ရှိအချိန်တွင် တစ်ဧက ကျပ် နှစ်သိန်းခန့်အမြတ်ငွေရရှိကြောင်း ရော်ဘာအသင်း ဥက္ကဋ္ဌ ဦးကျော်စွာလွင်၏ ပြောကြားချက်များအရ သိရှိခဲ့ရသည်။

**ခင်စန်းဝင်း (ဟုမ္မလင်း)**

## ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့ အ.ထ.က တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ကချင်ပြည်နယ် ၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း(Shi–it) တို့ပူးပေါင်း၍ ဩဂုတ် ၂၇ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲနှင့် စားသုံးသူ အသိပညာပေးပြခန်းများ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် ကာမိုင်းမြို့ အ. ထ. က ကျောင်းမှ တာဝန်ခံ ကျောင်းအုပ် ဦးစိုးတင့်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကချင်ပြည်နယ် စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးကိုကိုစိုးမှ စားသုံးသူ၏ အခိပ္ပါယ်ဖွင့်ဆိုချက် ၊ ဌာန၏ မျှော်မှန်းချက် ၊ ရည်မှန်းချက်နှင့် ဆောင်ရွက်နေမှုအခြေအနေများ၊ စားသုံးသူ အခွင့်အရေးနှင့် လုပ်ငန်းတာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ ထိခိုက်နစ်နာမှုများအတွက် တိုင်ကြားနိုင်သည့်ကိစ္စရပ်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိထားသင့်သည့် အချက်များ၊ တားမြစ်ဓာတုဆိုးဆေးများအကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ပါသည်။ ဆက်လက်၍(Shi–it) တာဝန်ခံ ဒေါ်တုံဖန်မှ ကျောင်းသား/ကျောင်းသူများ နေ့စဉ်ကြုံတွေ့နေရသည့် ဘေးအန္တရာယ်ဖြစ်စေသော အစားအသောက်များ ၊ ရွေးချယ်စားသုံးရန်၊ ဆောင်ရန်/ရှောင်ရန်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများကို အုပ်စုခွဲ၍ စားသုံးသူ အသိပညာပေးပြခန်းတွင် ဗီနိုင်းပိုစတာများ၊ နမူနာပစ္စည်းများဖြင့် လက်တွေ့ပြသခြင်းများဆောင်ရွက်ခဲ့ပြီး တာဝန်ခံကျောင်းအုပ်ဆရာ၊ ဆရာမများနှင့် အတူ ကျောင်းမုန့်ဈေးဆိုင်များအား သွားရောက်စစ်ဆေး ပညာပေးခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲနှင့်ပြခန်းသို့ဆရာဆရာမ ၄၇ ဦး ၊ ကျောင်းသား/ကျောင်းသူ ၁၀၀၇ ဦး စုစုပေါင်း ၁၀၅၄ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ကိုကိုစိုး (ကချင်)**

## ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်(A bank)မန္တလေးဘဏ်ခွဲဖွင့်လှစ်

ဧရာဝတီ တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် (A bank) မန္တလေးဘဏ်ခွဲ (၁) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက်က ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ အဆိုပါဘဏ်ခွဲတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေး မြို့တော်ဝန် ဒေါက်တာရဲလွင်တို့ တက်ရောက်အားပေးသည်။ အခမ်းအနားတွင် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးဇာနည်အောင်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့် Abank ဘဏ် အစုရှယ်ယာရှင် ဦးစိုင်းကိုကိုအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေး မြို့တော်ဝန်တို့က Abank ဘဏ် ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက်Abankဘဏ် တာဝန်ရှိသူများက မဟာမုနိဘုရားကြီး၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်ဘက်စုံပြုပြင်ရေး၊ ဖြဟ္မစိုရ်လူမှု ကူညီရေးအသင်း၊ ထာဝရ မန္တလေးဖောင်ဒေးရှင်း၊ ကြင်တော်ယန် အမျိုးသမီး ပရဟိတအဖွဲ့များသို့ ငွေကျပ် ငါးသိန်းစီလှူဒါန်းသည်။

A bank မန္တလေးဘဏ်ခွဲသည် A bank ဘဏ်၏ န၀မမြောက်ဘဏ်ဖြစ်ပြီး ပြည်တွင်းဧရာဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ် ၊ ကမ္ဘော့ဇရတနာဘဏ်နှင့် ချိတ်ဆက်ထားပြီး ပြည်တွင်း ငွေလွှဲလုပ်ငန်း၊ နိုင်ငံတကာ ငွေလွှဲဆိုင်ရာနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ၊ ငွေလွှဲစာတမ်း ဆိုင်ရာနှင့် ဘဏ်အာမခံဆိုင်ရာများ ငွေအပ်နှံမှုများကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၀-၉-၂၀၁၈ မှ ၁၆-၉-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းဆောင်တာများကို အနစ်နာခံ၍ ကူညီတတ်သည်။ စီးပွားရေးတွင် သိုးမွေးထည်၊ ဆေးဆိုး၊ ဆေးဖော်၍ ရောင်းသော လုပ်ငန်းများဖြင့် အကျိုးပေးအားကောင်းတတ်ပါသည်။ ပညာရေးတွင် ဉာဏ်ပညာကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ စိတ်ပျော်ရွှင်မှုများ ရှိနေတတ်ပါသည်။ကျန်းမာရေး အနေဖြင့် သည်းခြေမှ ဖြစ်သောရောဂါ၊ အပူကြီးသော ရောဂါတို့ဖြစ်တတ်ပါသည်။ **ယတြာ။ ။ဘုရားတွင်ရွှေထီးလှူပါ။**



**တနင်္လာသားသမီးများအတွက်** မျက်နှာမလိုက် သမာသမတ်ရှိနေမည်။ စိတ်ကိုတည်တည်ငြိမ်ငြိမ် မထားဘဲ ပြောင်းလဲမြန်သော သဘောရှိနေတတ်သည်။ စီးပွားရေးတွင် မွေးမြူရေးလုပ်ငန်း၊ လယ်ယာကိုင်းကျွန်းလုပ်ငန်း၊ အထည်အလိပ် ထုတ်လုပ်ခြင်း လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နိုင်စွမ်းရှိပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် ဒွိဟဖြစ်မှုများ ရှိနေမည်။ အိမ်ထောင်ရေးသာယာမှု ရှိသည်။ ကျန်းမာရေးအနေဖြင့် မျက်စိနှင့် ပတ်သက်သော ရောဂါ၊ ခွဲစိတ်ကုသမှု ခံယူရတတ်သည်။ **ယတြာ။ ။ဘုရားတွင် ရေသပ္ပါယ်ပါ။**



**အင်္ဂါသားသမီးများအတွက်** မည်သည့်အလုပ်ကိစ္စတွင်မဆို ဇွဲ သတ္တိရှိစွာဖြင့် လုပ်ကိုင်တတ်သည်။ စီးပွားရေးတွင် မြေနှင့် ပတ်သက်သော လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ လက်ဖက် ထုတ်လုပ်ရောင်းဝယ်ခြင်း လုပ်ငန်းတို့ အကျိုးပေးကောင်းနေတတ်ပါသည်။ ပညာရေးတွင် လေးလံထိုင်းမှိုင်းမှု ရှိနေမည်။ အချစ်ရေးကံကောင်းနေမည်။ အိမ်ထောင်ရေး အေးဆေးတည်တည်ငြိမ်ငြိမ်ရှိနေမည်။ ကျန်းမာရေးတွင် ခါးနာ၊ ခါးကိုက်ဝေဒနာ ခံစားရတတ်သည်။ သစ်သား ၊ ကျောက်ခဲတို့ကြောင့် အနာဖြစ်တတ်သည်။ **ယတြာ။ ။ အမွှေးနံ့သာလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်လုပ်ရာတွင် တက်တက်ကြွကြွနှင့် မြင့်မားသော စူးစမ်းမှုရှိမည်။ စာပေရေးသားခြင်း၊ သတင်းထောက်၊ အယ်ဒီတာ၊ ထုတ်ဝေခြင်း လုပ်ငန်းများအကျိုးဖြစ်ထွန်းမှု အားကောင်းတတ်ပါသည်။ ပညာဉာဏ်ရည်ထက်မြက်မှုရှိနေမည်။ အချစ်ရေးကောင်းမည်။ အိမ်ထောင်ရေးတွင် အခြေအတင် ရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်း သောဝေဒနာ ဖြစ်တတ်သည်။ သည်းခြေ၊ လေ၊ သလိပ်တို့ အားကြီးတတ်သည်။
**ယတြာ။ ။ဆေးဝါးလှူဒါန်းမှု ပြုပါ။**



**ကြာသပတေးသားသမီးများအတွက်** ရည်ရွယ်ချက်မြင့်မား၍ ဘဝတွင် အေးအေးဆေးဆေးနေလိုသော သဘောရှိသည်။ သူတစ်ပါးတို့အပေါ် ယုံကြည်လွယ်နေတတ်သည်။ စီးပွားရေး လုပ်ငန်းများတွင် ငွေချေးခြင်း၊ ဘဏ်လုပ်ငန်းများ အကျိုးပေးကောင်းလိမ့်မည်။ ဉာဏ်ရည်ဖွံ့ဖြိုးသည့်အတွက် ပညာတတ်ဖြစ်မည်။ အချစ်ရေးတွင် စိတ်ဝင်စားမှု အားနည်းနေလိမ့်မည်။ အိမ်ထောင်ရေး ပဋိပက္ခလေးများ ဖြစ်နေတတ်ပါသည်။ ကျန်းမာရေး အနေဖြင့် နှလုံးအားနည်းခြင်း ဝေဒနာ ခံစားရမှု ရှိလိမ့်မည်။
**ယတြာ။ ။မိမိအိမ်မှဘုရားတွင် စိန်တစ်လုံးကို နဖူးသင်းကျစ်တော်၌ လှူဒါန်း၍ လိုရာဆုတောင်းပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အဆိုအက၊ အတီးအမှုတ် ဂီတသုခုမပညာနှင့် ပတ်သက်သော လုပ်ငန်း ဝါသနာပါရှိပြီး လုပ်ကိုင်ပါက အောင်မြင်ဖြစ်ထွန်းပါလိမ့်မည်။ ပညာဉာဏ်ကောင်းသည်။ အချစ်ရေးတွင် စွဲလန်းမှုရှိနေတတ်သည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးတွင် ထုံကျင်၊ ကိုက်ခဲသော ဝေဒနာခံစား ရတတ်သည်။ အားအင်ချိနဲ့၍ဖျော့သော ဝေဒနာဖြစ်တတ်သည်။
**ယတြာ။ ။ ဘုရား၊ ကျောင်း၊ ဇရပ်တို့တွင် တံမြက်စည်းလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းဆောင်တာများကို ဦးစီးလုပ်ဆောင်ပေးရတတ်သည်။ စီးပွားရေးတွင် အိမ်ထောင်ပရိဘောဂလုပ်ငန်း၊ ကန်တရိုက်လုပ်ငန်းများ အကျိုးပေးမည်။ ပညာဉာဏ် ထိုင်းမှိုင်းခြင်း ရှိတတ်သည်။ ဇဝနဉာဏ်အားကောင်းလိမ့်မည်။ အချစ်ရေးတွင် တစ်ဇွတ်ထိုး၊ တစ်ယူသန် စိတ်ရှိနေမည်။ အိမ်ထောင်ရေး ညှိနှိုင်းဆွေးနွေးနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် အကြော၊ လေရောဂါ ဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။ နာနတ်သီးလှူပါ။**

# ပခုက္ကူမြို့နယ်ရှိ ဈေးကွက်ဝင် ဒန့်သလွန်

ပခုက္ကူမြို့နယ်၊ ဘဲကြီးအုပ်စု၊ နံ့ဂါတ်ကျေးရွာ၊ မိုးနတ်ကုန်းကွင်း၊ ကွင်းအမှတ် ၄၀၄၊ ဦးပိုင်အမှတ် ၂၃၅ တွင်စိုက်ပျိုးထားသော ဒန့်သလွန်စိုက်ခင်းကို ခရိုင်ဦးစီးမှူးနှင့်အဖွဲ့မှ သွားရောက်လေ့လာခဲ့ရာ ဒန့်သလွန်ပင်များသည် အိန္ဒိယနှင့် ဗီယက်နမ်မျိုးစပ်ပြီး စိုက်ပျိုးထားသည်ကို တွေ့ရပါတယ်။ စိုက်ဧကရဲ့အကျယ်အဝန်းမှာ ၂၅ ဧကခန့်ရှိပြီး အပင်ရေ ၆၀၀၀ ကျော် စိုက်ပျိုးထားသည်ကို တွေ့ရပါတယ်။ စိုက်ပျိုးပြီး ၈ လခန့်အကြာမှာ အသီးသီး၊ အပွင့်ပွင့်တယ်ဟု ဆိုပါတယ်။ ဒန့်သလွန်သီးအသေးဆုံးရဲ့ အရှည်မှာ ၁ တောင်ခန့်ရှိပြီး အကြီးဆုံးအသီးရဲ့အရှည်မှာ ၂ တောင်ခန့်ရှိသည်ကိုတွေ့မြင်ခဲ့ရပါတယ်။ ဒန့်သလွန်ရွက်ကို နေရိပ်ထဲ၌ လှန်း၍ အမှုန့်ကြိတ်ပြီး ရရှိလာသည့် အမှုန့်ကို ရောင်းချလျှင် 1 kg လျှင် မြန်မာကျပ်ငွေ တစ်သိန်းရရှိပါတယ်။ အစေ့အား အခြောက်လှန်း၍ အဆီထုတ်ရောင်းလျှင် တစ်လီတာကို ထိုင်းဘတ်ငွေ ၄၈၀/၅၀၀ ခန့် မြန်မာကျပ်ငွေ ငါးသိန်းခန့် ရရှိသည်ဟု သိရတယ်။ ဒန့်သလွန်ပင်မှ ရရှိသည့် အကျိုးကျေးဇူးများမှာ မုံလာဥနီထက် ဗီတာမင်အေဓာတ် ၂ ဆ၊ နို့ထက် ကယ်လစီယမ်ဓာတ် ၁၄ ဆ၊ ကွေကာအုတ်ထက် အမျှင်ဓာတ် ၄ ဆ၊ ငှက်ပျောသီးထက် ပိုတက်ဆီယမ်ဓာတ် ၄ ဆ၊ ဟင်းနုနွယ်ထက် သံဓာတ် ၉ ဆ၊ အာဟာရ ၉၂ မျိုး၊ Intioxident ဓာတ် ၉၆ မျိုး၊ Amino Acid ဓာတ် ၁၈ မျိုး ပါဝင်သည်ဟု သိရှိရပါတယ်။ ကမ္ဘာ့အမျိုးသားသစ်သီးဝလံများတွင် ဒန့်သလွန်ပင်လည်း တစ်ခု အပါအဝင်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**လှိုင်ဥမ္မာဦး**

# ပုပ္ပါးဒေသထွက် နဂါးမောက်သီးများ ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ပုပ္ပါးဒေသမှ နဂါးမောက်သီးများကို ဆွတ်ခူးရောင်း ချပြီး ဝင်ငွေရနေကြောင်း စိုက်ပျိုးသူများထံက သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးဒေသတွင် စိန်တလုံးနှင့် နဂါးမောက်ကို သီးခြားစိုက်ပျိုး၍ လုပ်ကိုင်ကြသော်လည်း ယခုအခါ ၎င်းတို့ကို တွဲဖက်စိုက်ပျိုးကြကြောင်း၊ သရက်က ဝင်ငွေရ သည့်အပြင် နဂါးမောက်မှ လည်းဝင်ငွေရနေကြောင်း သိရသည်။

"ယခုနဂါးမောက်သီး အသီးတစ် ရာလျှင်ကျပ် ၇၀၀၀၀ နှင့် ကျပ် ၉၀၀၀၀ ကြားရရှိနေကြောင်း၊ ယခင်ကကာလတူတွင်အသီးတစ်ရာလျှင် ကျပ်၅၀၀၀၀ ကျော်ရရှိပြီး ယခင်ကထက် တွက်ခြေကိုက်ကြောင်း" စိုက်ပျိုးသူတစ်ဦးက ပြောသည်။

အဆိုပါဒေသတွင်နဂါးမောက်ကိုခြံဝင်းများ၌ အနည်းဆုံး အပင်သုံးဆယ်မှ တစ်ရာအတွင်း စိုက်ပျိုးကြကာ နဂါးမောက်ကို ပုပ္ပားဈေးနှင့်သစ်သီးဝလံဈေးကွက်သို့ တင်ပို့ကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်ထွက်နဂါးမောက်သီးများကို မန္တလေး၊ နေပြည်တော်နှင့် ပခုက္ကူ၊ ညောင်ဦး၊ မြင်းခြံ၊ မိတ္ထီလာ၊ မကွေး၊ ရေနံချောင်း စသည့်မြို့နယ် သုံးဆယ်ကျော်သို့ တင်ပို့နေပြီး အပြင်ဈေးကွက်၌ ယခင်နှစ်က အသီးတစ်ရာလျှင် ကျပ် ၅၀၀၀၀ ကနေ ၇၀၀၀၀ အထိသာရကြောင်း၊ ယခုနှစ် အသီးတစ်ရာလျှင် ကျပ် ၇၀၀၀၀ ကနေ ၉၀၀၀၀ အထိ ရနေကြောင်း သိရသည်။ **ရွှေဇင်**



# ပခုက္ကူခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၈/၂၀၁၈) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ပခုက္ကူခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၈/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၄ ရက်က ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒု-ခရိုင် အုပ်ချုပ်ရေးမှူးရုံးခန်း၌ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များအားလုံးနှင့်အတူ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပခုက္ကူခရိုင်၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းအရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒု-ခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး၊ ဦးသန်းဦး က ယခင်လဆောင်ရွက်ခဲ့သော ၇/၂၀၁၈ ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် အရ အထက(၁)နှင့် အမက (၁၇) စာသင်ကျောင်းများတွင် မီးရှို့ဖျက်ဆီးပွဲကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့တွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးကြောင်း၊ ဇူလိုင်လတွင် ဆောင်ရွက်ပြီး စီးခဲ့သော လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး အဖွဲ့စုံဖြင့် ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်သည့်အခါ စီးကရက်ပုံစံချိုချဉ်တောင့်များကို ဆက်လက်တွေ့ရှိနေသေးကြောင်း၊ မြို့ပေါ်တွင် စစ်ဆေးသိမ်းဆည်းသည့်အခါ ကျေးရွာများတွင် ရောက်ရှိနေသည်ကို တွေ့ရကြောင်း၊ မိမိတို့ ဟောပြောပွဲ ဆောင်ရွက်သည့်အခါ ကျေးရွာအတွင်းရှိ ဈေးဆိုင်များကိုခေါ်ယူခဲ့ရာ တက်ရောက်မှု အားနည်းကြောင်း၊ တက်ရောက်လာလျှင်လည်း သက်ကြီးရွယ်အိုများကိုသာ စေလွှတ်သည်ကို တွေ့ရကြောင်း၊ သွားရောက်စစ်ဆေးသည့်အခါ မိမိတို့မသိဟုပြောသည်ကို တွေ့ရကြောင်း၊ ယခု စားသုံးသူအကာအကွယ် ပေးရေးဗဟိုကော်မတီမှ စီးပွားရေးလုပ်ငန်းရှင်များကို သတိပေးထားကြောင်း၊ ထုတ်ကုန်များအပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်တွဲလျက် အခြားဘာသာဖြင့်ဖြစ်စေ ထည့်သွင်းရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ချိန်ခြောက်လ စောင့်ဆိုင်းမည်ဖြစ်၍ သတ်မှတ်ချိန်ထက်ကျော်လွန်ပါက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ အပြစ်ပေးအရေးယူသွားမည်ဟု ဇူလိုင်လ ၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ကြေညာပြီးဖြစ်ကြောင်း၊ အစည်းအဝေး တက်ရောက်လာသော ဌာနဆိုင်ရာများမှလည်း ဝိုင်းဝန်းပူးပေါင်းအကြံပေး ဆွေးနွေးစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာများမှ သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် ဆွေးနွေးခဲ့ကြောင်းသိရသည်။

**သူဇာ (ပခုက္ကူ)**

(ယခင်တစ်ပတ်မှအဆက်)

# စွန့်စားရမည့် စီးပွားရေး

**မျိုးသူ(ကုန်သွယ်မြှင့်)**

### နည်းပညာဆိုင်ရာအချက်အလက်များ

နည်းပညာဆိုင်ရာအချက်အလက်များတွင် ခေတ်နှင့်အညီ အိုင်တီ နည်းပညာများသည် မမျှော်မှန်းနိုင်အောင်ပင် အရေးပါသော အချက်အလက်များ ဖြစ်လာပါသည်။ ယခင်က ကုန်သွယ်မှုပြုရာတွင် ရောင်းဝယ်သော ကုန်စည်များကို သိုလှောင်မှု၊ အရောင်းအဝယ် အတွက်တွေ့ဆုံရမှု၊ ငွေကြေးပေးရမှု စသည့်အချက်များသည် ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါအိုင်တီနည်းပညာ ပြောင်းလဲတိုးတက်မှုကြီးကြောင့် ကြီးစွာသော စွန့်စားရမှုများလျော့နည်းခြင်း ဖြစ်လာသကဲ့သို့ အခြားနည်းလမ်းများဖြင့် စွန့်စားရမှုများသည်လည်း ပြောင်းလဲများပြားလာပြန်ကြောင်း တွေ့ရပါသည်။ မိမိ၏ စီးပွားရေး လုပ်ငန်းများ၏ အင်တာနက်ဆက်ကြောင်းများအား Cyber Attack လုပ်ခံရခြင်းမျိုး ကြုံရနိုင်ခြင်းမျိုးသည်လည်း စွန့်စားရခြင်းတစ်မျိုးဖြစ်ပါသည်။ ထို့အပြင် နည်းပညာပိုင်းတွင်ပါဝင်သော Electronic and Electrical ပစ္စည်းများနှင့်ပတ်သက်သည့် အမှားအယွင်းများသည်လည်း စွန့်စားရသည့်အချက်ထဲတွင် ပါဝင်လာပါသည်။ ငွေကြေးပိုင်းဆိုင်ရာတွင် နည်းပညာပိုင်းများဖြင့် ငွေလွှဲရခြင်းများဖြင့် မှားယွင်းမှုများဖြစ်ပါက ပိုမိုခက်ခဲတတ်သဖြင့် စွန့်စားရမှုပိုမိုများ ပြားလာသည်ကိုလည်းတွေ့ကြုံလာရပါသည်။ ထို့အပြင် အခြေခံအဆောက်အဦများဖြင့် ဆက်နွှယ်လုပ်ကိုင်ရသည့် စီးပွားရေးလုပ်ငန်းများသည် အဆိုပါ အခြေခံအဆောက်အဦများ ပျက်စီးမှု၊ ခေတ်နှင့် မလျော်ညီတော့မှု၊ မှားယွင်းမှုများကြောင့် စွန့်စားရမှုကြီးမား လာရသည်များလည်း ရှိလာနိုင်သည်ကို တွေ့ရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေသည်အရေးကြီးကြောင်း အထက်တွင်ဖော်ပြခဲ့ပါသည်။ အဆိုပါ စိုက်ပျိုးရေရရှိရေးအတွက် ဆည်များ၊ မြောင်းများသည် စိုက်ပျိုးရေးအတွက် အခြေခံအဆောက်အဦများဖြစ်ပြီး ယင်းဆည်များ၊ မြောင်းများသည် ရေမပေးနိုင်ခြင်း၊ ရေမထိန်းနိုင်ခြင်း စသည့် အမှားအယွင်းများဖြစ်ပေါ်လာသည့်အခါ စီးပွားရေးဆိုင်ရာ စွန့်စားရမှုများ ဖြစ်ပေါ်လာပါသည်။ အဆိုပါကိစ္စများသည် နည်းပညာနှင့်ဆက်နွှယ်သည့် စွန့်စားရသည့်အချက်အလက်များ ဖြစ်ပါသည်။

### စွန့်စားမှုကိုစီမံကွပ်ကဲခြင်း

အထက်ဖော်ပြပါ စွန့်စားမှုများဖြစ်ပေါ်စေသည့် အချက်အလက်များသည် အမျိုးမျိုးရှိနိုင်ပါသည်။ သို့ရာတွင် မည်သို့သော စွန့်စားမှုများရှိစေကာမူ အဆိုပါစွန့်စားမှုများကို ကျော်လွှားနိုင်လျှင် ပြန်လည်ရရှိမှုသည်လည်း ရှိလာမည်ဖြစ်ပါသည်။ စွန့်စားရမှုများလေလေ၊ ပြန်လည်ရရှိမှုလည်း များလေလေ High Risk, High Return ဟု စီးပွားရေးသမားတိုင်း နားလည်ကြပါသည်။ သို့သော် စွန့်စားရမှုများပြားသည်ဆိုလျှင် ပြန်လည်ရရှိမှုများပြားနိုင်သကဲ့သို့ အန္တရာယ်လည်း များပြားတတ်ပါသည်။ High Risk, High Return, but High Dangerous. ဆိုသည်ကို စီးပွားရေးသမားအများစု နားလည်ကြပါသည်။ စွန့်စားရမှုများကို သိရှိနားလည်ထားခြင်းဖြင့် မိမိရင်ဆိုင်ရနိုင်သည့် စီးပွားရေးဆိုင်ရာ ချွတ်ယွင်းချက်များ Diagnosis ကို ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ခြင်း၊ Forecast လုပ်နိုင်ခြင်းများကြောင့် အကျိုးကျေးဇူးကောင်းစွာရရှိနိုင်ပါသည်။ အဖြေရှာရန်လွယ်ကူလျှင် စွန့်စားရခြင်းကို ထိန်းကျောင်းနိုင်လျှင် ကောင်းမွန်သော အကျိုးကျေးဇူးရရှိမည်မှာသေချာနေပါသည်။ ထိုသို့ဖြစ်သဖြင့်စွန့်စားရသည့် အကြောင်းအချက်များကို သဘောပေါက်နားလည်ပြီးပါက အနာရှိလျှင်ဆေးရှိသည်ဆိုသကဲ့သို့ စွန့်စားရမှုများကို စီမံကွပ်ကဲပြီး လုပ်ငန်းအတွက် အကျိုးရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စွန့်စားရမှုများကို သိရှိပြီးသည့်အခါ စွန့်စားရမှုကို သုံးသပ်ခြင်းလေ့လာစိစစ်ခြင်းကို ဦးစွာပြုလုပ်ရပါမည်။ ထို့နောက်တွင် အဆိုပါစွန့်စားရခြင်းကို တန်ဖိုးဖြတ်နိုင်ရမည်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် စွန့်စားရခြင်းကို ကြုံတွေ့ရလျှင် မည်သို့ကျော်လွှားမည်၊ ဆုံးရှုံးနိုင်ခြေ မည်မျှရှိသည်။ မည်မျှ ဆယ်တင်နိုင်အောင် မည်သို့လုပ်မည်။ ကုန်ကျစရိတ်မည်မျှ တိုးလာနိုင်သည်ကို မှန်းဆထားရမည်။ ဆုံးရှုံးမှုများမှ ကောင်းမွန်သော အကျိုးကျေးဇူးများ မည်သို့ရနိုင်မည် စသည်ဖြင့် အသေးစိတ်တွက်ချက်ကြည့်ထားရန် လိုအပ်ပါသည်။ နောက်ဆုံးတွင် စွန့်စားရမည့်ကိစ္စအား မည်သို့ကိုင်တွယ်ဖြေရှင်းမည်၊ ကုသမည်ကို ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ဥပမာ-အသေးဆုံးအနေဖြင့် အတိုးပေးသူများသည် အပေါင်ပစ္စည်း တစ်စုံတစ်ရာမယူဘဲ ငွေချေးသည်နှင့် တစ်ပြိုင်နက် အတိုးနှုန်းကို နည်းနည်းမယူဘဲ များစွာ ယူတတ်ကြသည်မှာ စွန့်စားရမှု နည်းစေရန် Risk Management လုပ်ခြင်းပင်ဖြစ်ပါသည်။ ဆုံးရှုံးနိုင်သည်ဟု မျှော်လင့်ထားသည့် ရာခိုင်နှုန်းအထိ မရောက်ရှိတတ်သဖြင့် အမြတ်အစွန်းများပြားသော လုပ်ငန်းတစ်ခုအဖြစ်တွင်ကျယ်လာခြင်းဖြစ်ပါသည်။ ဘဏ်လုပ်ငန်းများကိုကြည့်လျှင် စွန့်စားမှုမလုပ်သော လုပ်ငန်းအမျိုးအစား သို့မဟုတ် စွန့်စားရမှုနည်းပါးသော လုပ်ငန်းများဟု ထင်တတ်ကြပါသည်။ အမှန်မှာ ဘဏ်လုပ်ငန်းများသည် စွန့်စားမှုပါသော၊ စွန့်စားမှုဖြင့် လုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစားသာ ဖြစ်ပါသည်။ စွန့်စားရမည့်ကိစ္စအတွက် ဆိုင်ရာမူဝါဒချမှတ်ထားခြင်း၊ မဟာဗျူဟာလုပ်ငန်းများ ချမှတ်ထားခြင်း၊ အကောင်အထည်ဖော်မည့် နည်းလမ်းများ ရှာကြံထားခြင်း၊ ဖြစ်ပေါ်ပြီးလျှင် ကုစားမည့်နည်းလမ်းများပါ ထည့်သွင်းထားခြင်းများ ပြုလုပ်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ရေရှည်ရှင်သန်နိုင်ကြပါသည်။ ငွေကြေးတန်ဖိုး အတက်အကျများပြားသော အချိန်များတွင် Forecast လုပ်နိုင်ရန်၊ Risk Management လုပ်နိုင်ရန် အထူးလိုအပ်ပါသဖြင့် မိမိလုပ်ငန်းများနှင့် စွန့်စားရမှုများကို ကြိုတင်တွက်ဆပြီး မှန်မှန်ကန်ကန် အကောင်အထည်ဖော်၍ အကျိုးအမြတ်များရစေကြောင်း ဆုတောင်းလိုက်ရပါသည်။

# ဂျပန်နိုင်ငံ စီးပွားရေးတိုးတက်ရန် အလားအလာ ကောင်းလာခြင်းနှင့် လက်လီရောင်းချမှု မြင့်တက်လာခြင်း

လောင်စာဆီများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ သုံးစွဲမှုနှုန်း တိုးတက်လာသောကြောင့် ၂၀၁၈ ခုနှစ် ဇွန်လတွင် ဂျပန်နိုင်ငံ၏ လက်လီရောင်းချမှုသည် မျှော်မှန်းထားသည်ထက် ပို၍တိုးတက်မှုရှိခဲ့သည်။ ပြည်သူများအနေဖြင့် စီးပွားရေးအပေါ် ပိုမိုယုံကြည်မှုရှိလာခြင်းသည် ကောင်းသောလက္ခဏာများ ဖြစ်ပါသည်။

လက်လီ ရောင်းချမှုအတွက် နှစ်စဉ် ခန့်မှန်းရာတွင် ဇွန်လအတွင်း ၁ဒသမ ၆ ရာခိုင်နှုန်း ရရှိရန် ခန့်မှန်းထားသော်လည်း ၁ ဒသမ ၈ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်ခဲ့ပါသည်။ ဇွန်လအတွက် လက်လီရောင်းချမှု တိုးမြှင့်ခြင်းသည် ရှစ်လဆက်တိုက် တိုးတက်လာခြင်း ဖြစ်ပါသည်။

ကုန်သွယ်ရေး ဝန်ကြီးဌာန၏ ဩဂုတ် ၃၀ ရက်နေ့ ဖော်ပြချက်အရ လက်လီရောင်းချမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် မေလတွင် ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ဇွန်လတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရပါသည်။ ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ပထမသုံးလပတ်ကာလ (ဧပြီ-ဇွန်လ)အတွင်း ပြန်လည် တိုးတက်ကောင်းမွန်လာမည်ဟု မျှော်မှန်းထားသည်။

သို့ရာတွင် လက်လီရောင်းချမှု တိုးတက်လာခြင်းသည် ငွေကြေးဖောင်းပွမှုနှုန်း နည်းခြင်းနှင့် ငွေကြေးထိန်းချုပ်ရေးဆိုင်ရာ အခြေခံအစီအစဉ်များ၏ ဘေးထွက်ဆိုးကျိုးများနှင့် ရင်ဆိုင်နေရသော ဂျပန်နိုင်ငံဘဏ် (BOJ) အတွက် အထောက်အပံ့များစွာဖြစ်စေနိုင်သည့် အလားအလာ မရှိနိုင်သေးချေ။

"အလုပ်အကိုင် ရရှိနိုင်မှု ခိုင်မာလာခြင်း (တစ်နည်းအားဖြင့် အလုပ်အကိုင်ရရှိမှု လွယ်ကူခြင်း) ရှိလာပြီး၊ အလုပ်သမားများအနေဖြင့် နွေရာသီအပိုဆုကြေးများ ရရှိခြင်းတို့ကြောင့် စားသုံးသူများ၏ သုံးစွဲမှု နှုန်းထားသည် တဖြည်းဖြည်း မြင့်တက်လာသည်"ဟု Mitsubishi UFJ Morgan Stanley Securities မှ ဈေးကွက်စီးပွားရေး ပညာရှင် Shuji Tonochi က ပြောကြားခဲ့ပါသည်။ "အချိန်ပိုင်း အလုပ်သမားများ အများအပြား ရှိနေသောကြောင့် ၎င်းအနေဖြင့် သုံးစွဲမှုနှင့်ပတ်သက်၍ စိုးရိမ်နေဆဲဖြစ်ကြောင်း၊ ဈေးနှုန်းမြင့်တက်ခြင်း မရှိသေးသောကြောင့် ဂျပန်နိုင်ငံဘဏ်သည် မူဝါဒနှင့် ပတ်သက်၍ ၎င်း၏အစီအစဉ်ကို ပြောင်းလဲရန် ကြိုးစားနိုင်ကြောင်း" ပြောကြားခဲ့ပါသည်။

အသက် ၂၅ နှစ်အောက် အလုပ်လက်မဲ့ နှုန်းသည် ၂ဒသမ၂ ရာခိုင်နှုန်းရှိပြီး၊ လုပ်ခများတိုးမြှင့် ပေးခြင်းဖြင့် စားသုံးသူများ၏ သုံးစွဲမှုနှုန်းထားကို ထောက်ပံ့ပေးသင့်သည်ဟု စီးပွားရေးပညာရှင်များက ပြောကြားကြပါသည်။

အကယ်၍ ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒ ထိန်းချုပ်မှုများတွင် ပိတ်မိခဲ့ပါက စားသုံးသူများကို ထိခိုက်အားနည်းစေနိုင်သည့် အန္တရာယ်များ ရှိလာနိုင်ပါသည်။

ဝါရှင်တန်သည် တရုတ်၏ ကုန်သွယ်မှု ပိုငွေကိစ္စအပေါ် တရုတ်နှင့် အရေးတကြီး စေ့စပ်ညှိနှိုင်းလျက်ရှိပြီး၊ အမေရိကန်သမ္မတ Donald Trump အစိုးရအနေဖြင့် ဂျပန်၏ကုန်သွယ်မှု ပိုငွေကိုလျှော့ချနိုင်ရေးအတွက် ခိုင်မာသောခြေလှမ်းများဖြင့် စတင်ဆောင်ရွက်ရန် ဂျပန်နိုင်ငံကိုလည်း ဆွေးနွေးလာနိုင်ပါသည်။

ဇူလိုင် ၃၁ရက် အစည်း အဝေးတွင် BOJ သည် ၎င်း၏ငွေကြေးဖောင်းပွမှု ခန့်မှန်းချက်ကို လျှော့ချဖွယ်ရှိပြီး၊ ၎င်း၏ ငွေကြေးမူဝါဒကို ပိုမိုရေရှည်တည်တံ့စေရန် ကြီးမားသော ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကိုဆွဲ ညှိနိုင်ခြေရှိသည်ဟု ပြောကြားခဲ့သည်။

**MNK**

**စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း . . . . . . မှအဆက်**

အမေရိကန်ဒေါ်လာ ၄၁၀-၄၁၇၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၄၂-၅၉၅ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၁၅ဖြစ်ပြီး၊ မြန်မာ - တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလပထမပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၈၅ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၂ ပေါက်ဈေးရှိသောကြောင့်တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၃၄ ဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၀ ဝန်းကျင်ခန့် ရှိ ကြောင်းလေ့လာသိရှိရပါသည်။

ထို့ အပြင်ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြား ပေါက်ဈေးများကို လေ့လာရာတွင် ရန်ကုန်မြို့နှင့်ဟားခါးမြို့တို့တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economic Website တွင်ဖော်ပြချက်အရ ၂၀၁၈ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ကမ္ဘာ့သကြား ဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၁ ဒသမ ၂၈ ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ပထမပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာ ပြောင်းလဲမှု မရှိကြောင်း တွေ့ရှိရပါသည်။

# ပြည်ပရင်းနှီးမြှုပ်နှံသူထံမှ ထပ်မံရရှိသည့် ရင်းနှီးမြှုပ်နှံငွေဖြင့် ပြည်တွင်းရှိ အမျိုးသမီးငယ်များအား အသိပညာပြည့်ဝသည့် စွမ်းဆောင်ရှင်များဖြစ်လာစေရန် လုပ်ဆောင်သွားမည်

မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အမျိုးသမီးများအခွင့်အရေးအတွက် လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော For Her Myanmar အနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူတစ်ဦးထံမှ ကဏန်းခြောက်လုံးပမာဏရှိသည့် ရင်းနှီးမြှုပ်နှံငွေကို ထပ်မံရရှိခဲ့ကြောင်း သိရသည်။

For Her Myanmar အနေဖြင့် ထပ်မံရရှိသည့် ရင်းနှီးမြှုပ်နှံငွေဖြင့် ပြည်တွင်းရှိ အမျိုးသမီးငယ်များအား အသိပညာပြည့်ဝသည့် စွမ်းဆောင်ရှင်များ ဖြစ်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာအမျိုးသမီးငယ်လေးတွေရဲ့ အခွင့်အလမ်းရရှိလာဖို့အတွက် ကျွန်မတို့ရဲ့ကြိုးပမ်းမှုကို ယုံကြည်စွာနဲ့ ကူညီ ထောက်ပံ့ပေးတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ကျေးဇူးတင်ပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုကိုလည်း ကျွန်မတို့ရဲ့ အွန်လိုင်းပလက်ဖောင်း ပိုကောင်းလာဖို့နဲ့ For Her Myanmar အဖွဲ့ကို အကျိုးပြုနိုင်ဖို့တိုး ချဲ့လုပ်ကိုင်တဲ့နေရာမှာ သုံးစွဲသွားမှာပါ”ဟု For Her Myanmar ၏ Co-Founderဖြစ်သူမနီလာမြင့်က ပြောသည်။

သူကပဲဆက်ပြီး “နောက်တစ်ဆင့်အနေနဲ့ ကျွန်မတို့ပလက်ဖောင်းကနေ အသင်းဝင်တွေအတွက် စိတ်ဝင်စားစရာကောင်းတဲ့ အစီအစဉ်တွေကို ပြုလုပ်ပေးမယ်။ ဝက်ဘ်ဆိုဒ်နဲ့ ဖေ့ဘွတ်ခ်ပေ့ချ်တွေကနေလည်း အမျိုးသမီးတွေအတွက် အကျိုးပြုစေမယ့်စာတွေကို ပိုရေးသား ဖော်ပြသွားမှာပါ”ဟုပြောသည်။

For Her Myanmar သည် မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် အသိပညာဗဟုသုတနှင့် စိတ်ခဓာတ်ခွန်အားရရှိစေမည့်စာများကို ရေးသားဖော်ပြလျက်ရှိပြီး အမျိုးသမီးများ၏ ကျန်းမာရေး၊ အလုပ်အကိုင်၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ အနုပညာ၊ ခရီးသွားနှင့် လူမှုဘဝဆိုင်ရာခေါင်းစဉ်များအောက်တွင် ပွင့်လင်းစွာဆွေးနွေးစေရန်အတွက် တိုက်တွန်းအားပေးနေသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။

အဆိုပါအဖွဲ့အစည်းကို ၂၀၁၆ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး လွန်ခဲ့သည့် ၂နှစ်အတွင်း ဆောင်းပါးပေါင်း ၃၀၀၀ ကျော်ကိုရေးသားဖော်ပြခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **ချောစု**

# International Tourism Expo Myanmar (ITEM) 2018ပြပွဲကျင်းပမည်




International Tourism Expo Myanmar ITEM 2018 ပြပွဲကို ရန်ကုန်မြို့ရှိတပ်မတော်ခန်းမတွင် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်နေ့အထိ ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကျင်းပရခြင်းမှာ နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်တွင်းခရီးသွားကဏ္ဍများ တိုးတက်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး ယခုနှစ်ပြပွဲအတွက် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

“တရုတ်နိုင်ငံကိုသွားရင် တရုတ်ကလူတွေက မြန်မာနိုင်ငံက ဘယ်နားမှန်း မသိကြဘူး။ နောက်ပြီး သတင်းအချက်အလက်နဲ့ပတ်သက်ရင်လည်း Late of Information ဖြစ်နေတယ်။ အဲဒါတွေကြောင့် တရုတ်ကို ဦးစားပေးပြီး ဖိတ်ထားတာပါ။ ဒီနှစ်မှာလည်း တရုတ် - မြန်မာ ချစ်ကြည်ရေးအသင်းကပါတနာအဖြစ်ပါထားတော့ ပိုအဆင်ပြေသွားတယ်။ နောက်နှစ်တွေမှာလည်း တခြားနိုင်ငံတွေကို ထပ်ဖိတ်သွားမှာပါ”ဟု Myanmar Tourism Federation မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းထင်က ပြောသည်။

အဆိုပါပြပွဲတွင် ပြည်တွင်း ပြည်ပမှ လေကြောင်းလိုင်းများ၊ ဘဏ်နှင့် အာမခံလုပ်ငန်းများ၊ ဟိုတယ်များ၊ အပျော်စီးသင်္ဘော ကုမ္ပဏီများ၊ ပြည်တွင်းပြည်ပ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားဆက်စပ်ပစ္စည်းရောင်းချသောကုမ္ပဏီများ၊ ကားဝန်ဆောင်မှုကုမ္ပဏီများ၊ တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီများ စသည့် လုပ်ငန်းများမှ ၎င်းတို့၏ဝန်ဆောင်မှုများကို ဝင်ရောက်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ခရီးသွားဝန်ဆောင်မှု ပြပွဲများ လုပ်ဆောင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေသလို နိုင်ငံခြားဝင်ငွေလည်း တိုးပွားလာနိုင်ကြောင်း၊ ထို့အပြင် ခရီးသွားနှင့် ဆက်စပ်ဒေသများ၏ တိုးတက်မှုကိုအထောက်အကူဖြစ်စေသလို မြန်မာ့ရေမြေ သဘာဝအလှအပများ၊ မြန်မာ့ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကိုပါ နိုင်ငံတကာမှ ပိုမိုသိရှိလာနိုင်ကြောင်း သိရသည်။ **ချောစု**

# ပဉ္စမအကြိမ်မြောက် Myanmar Build and Decor 2018 ပြပွဲတွင် နိုင်ငံပေါင်း ၈ နိုင်ငံမှ ပါဝင်ပြသမည်

ပဉ္စမအကြိမ်မြောက် Myanmar Build and Decor 2018 ပြပွဲတွင် နိုင်ငံပေါင်း ၈ နိုင်ငံမှ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း (MES) တို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲအစီအစဉ်များပါ ထည့်သွင်းထားကြောင်း သိရသည်။

“ဒီပြပွဲမှာ ပြည်တွင်းပြည်ပက ပစ္စည်းအရင်းအမြစ် အမျိုးမျိုးကို ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးသူများနဲ့ တိုက်ရိုက်ထိတွေ့နိုင်တာကြောင့် အခွင့်အလမ်းတွေ ရရှိနိုင်တဲ့ ပွဲလည်းဖြစ်ပါတယ်။ ဒီပြပွဲကတစ်ဆင့် ပညာရပ်ပိုင်းဆိုင်ရာ အသိပညာဗဟုသုတမျှဝေပေးခြင်းနဲ့ ချိတ်ဆက်မှုတွေဆောင်ရွက်နိုင်မယ့် နေရာတစ်ခုဖြစ်လာဖို့လည်း မျှော်လင့်ပါတယ်”ဟု ICVeX မှ အထွေထွေမန်နေဂျာ Mr. Chinakit Viphavakit က ပြောသည်။

ပြပွဲတွင် ပြည်တွင်းဆောက်လုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ A.G.T.I အသင်း၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်အသင်းတို့မှ ပညာရှင်များဦးဆောင်၍ Yangon City Urban Plannign, Architecture Fore Peopel, Green Architecture, Bagan Inventory Result, ဆောက်လုပ်ရေးဆိုင်ရာ ခွင့်ပြုချက်နှင့် လမ်းညွှန်များအကြောင်းကို ဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးနှင့် အလှဆင် ခြင်းဆိုင်ရာပြပွဲကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ Myanmar Event Park (MEP) တွင် ကျင်းပမည်ဖြစ်ပြီး ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ထိုင်ဝမ်၊ ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ် စသည့် နိုင်ငံ ၈ နိုင်ငံနှင့်အတူ ပြည်တွင်းမှလုပ်ငန်းရှင်များမှလည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# တတိယအကြိမ်မြောက် e-Government Conference & ICT Exhibition 2018 ပွဲ ကျင်းပမည်

တတိယအကြိမ်မြောက်e-Government Conference & ICT Exhibition 2018 ပြပွဲကို နေပြည်တော်ရှိ MICC 2 တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းတို့ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး VIP Discussion Panel, နည်းပညာနှင့် ပတ်သက်သည့် Panel များဖြင့် ပြပွဲကို နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် e-Government မှာ ပြီးခဲ့တဲ့ဇန်နဝါရီတုန်းက အသစ်ဖွဲ့စည်းထားတဲ့ e-Government ဦးဆောင်ကော်မတီလည်း ပါဝင်လာသလို အဲဒီကော်မတီကလည်း ဦးဆောင်ကျင်းပပေး မှာပါ။ Discussion Panel တွေ၊ Exhibitor တွေ ပြပွဲရက်အတွင်း ပြသရေးနဲ့ သွားရေးလာရေးတွေ အဆင်ပြေအောင်လို့လည်း MCIA က လုပ်ပေးသွားမှာပါ” ဟု မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းမှ ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ပြောသည်။

သူကပဲဆက်ပြီး “ဒီပြပွဲစလုပ်ချိန် (၂၀၁၆ ခုနှစ်)တုန်းက e-Government ကို စိတ်မဝင်စားခဲ့ကြပေမယ့် ပြီးခဲ့တဲ့နှစ်မှာ ဆို ဝန်ကြီးဌာတွေကပါ ပါဝင်လုပ်ဆောင်လာကြတယ်။ ဒီနှစ်မှာဆို ဦးဆောင်ကော်မတီကိုပါ ဖွဲ့ဖြစ်ခဲ့ပြီ။ အဲဒီရဲ့ အကျိုးကျေးဇူးကတော့ awareness တွေရရှိသွားကြပါပြီ။ နောက်ပြီး နိုင်ငံတော်အတွက်အရေးကြီးတဲ့ အညွှန်းကိန်းတွေမှာလည်း အပေါင်းလက္ခဏာပြလာစေဖို့ရည်ရွယ်ပြီး ကျင်းပတာပါ” ဟု ပြောသည်။

ယခုနှစ် e-Government ပြပွဲတွင် ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ လုပ်ငန်းသုံးစနစ်များ၊ အစိုးရနှင့် အများပြည်သူသုံးစနစ်များ စသည့် ပြခန်းပေါင်း ၉၀ ကျော်တို့ကို ပါဝင်ပြသသွားမည်ဖြစ်ပြီး နောက်ဆုံးပေါ် နည်းစနစ်များ၏ လုပ်ဆောင်နိုင်မှုကိုလည်း ရှင်းလင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

e-Government Conference & ICT Exhibition 2018 ပြပွဲကို လာမည့် နိုဝင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး e-Government အကောင်အထည်ဖော်နေသည့် လုပ်ငန်း စဉ်များ၊ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်မည့် ပုံစံတို့ပါဝင်သည့် နည်းပညာ ဆွေးနွေးပွဲများကို ထည့်သွင်းကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# Food Safety လုပ်ငန်းစဉ်များတွင် IFC နှင့် မြန်မာနိုင်ငံကုန်သည်စက်မှု အသင်းချုပ် ပူးပေါင်းဆောင်ရွက်မည်

ကမ္ဘာ့ဘဏ် အုပ်စုအဖွဲ့ဝင်ဖြစ်သော International Finance Coporation (IFC)နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ စားနပ်ရိက္ခာ ဘေးကင်းလုံခြုံစိတ်ချရသည့် Food Safety လုပ်ငန်းစဉ်များတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရန် သဘောတူညီမှု စာချွန်လွှာကို စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

စားနပ်ရိက္ခာများအား အရည်အသွေးကောင်းရုံသာမက၊ ရေရှည်ဈေးကွက်ဝင်အောင် ထိန်းထားနိုင်စေရန် ရည်ရွယ်ပြီး ပြည်ပသို့တင်ပို့သည့် ပို့ကုန်များအနက် လယ်ယာသားငါးထွက်ကုန်သည် ပြည်ပသို့အများဆုံးတင်ပို့နေသည့်အတွက် စားနပ်ရိက္ခာဘေးကင်းစိတ်ချရတဲ့ Food Safety နှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန် လိုအပ်လျက်ရှိကြောင်း၊ ယခုပူးပေါင်းဆောင်ရွက်မှုအတွက် ၂၀၁၇ ခုနှစ်နိုဝင်ဘာလမှ စတင်ကာ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့တိုင်းပြည်မှာ စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးနဲ့ ပတ်သက်တဲ့သင်တန်းတွေ၊ ပညာပေးတဲ့အစီအစဉ်တွေ၊ လက်တွေ့သင်ကြားပြသတဲ့အပိုင်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ကုန်သည်စက်မှုအသင်းချုပ်အနေနဲ့ IFC နဲ့လက်မှတ်ရေးထိုးခဲ့တာပါ။ Food Safety နဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီ ပူးပေါင်းဆောင်ရွက်သွားမှာပါ”ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

အဆိုပါ သဘောတူညီမှုစာချွန်လွှာကို ကုန်သည်စက်မှု အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် IFC ၏ Director for East Asia and the Pacific ဖြစ်သူ Mr. Vivek Pathak တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

**သန်းထိုက်အောင်**

# ပြောင်းလဲစိုက်ပျိုးရန် အချိန်တန်ပြီ

နိုင်ဦး(DOCA)

ကျွန်တော်၏မိဘများသည် တောရွာတွင်နေထိုင်ကြသည်။ လယ်ယာလုပ်ငန်းများဖြင့် အသက်မွေးကြသည်။ စပါးဈေး၊ ပဲဈေးဘယ်လောက်ကျဆင်းနေပါစေ၊ တွက်ခြေမကိုက်ဘဲ ရှုံးနေပါစေ နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးရာသီရောက်လျှင်တော့ ရှိရင်းစွဲလုပ်နေကြအတိုင်း ထုတ်လုပ်နေဆဲ၊ စိုက်ပျိုးနေဆဲပင်ဖြစ်သည်။ ရှေ့လူကြီးများပြောခဲ့သလို နွံ့တစ်ပိဿာဗိုက်ထဲဝင်မှ နေသာထိုင်သာ ရှိကြသူများဖြစ်ကြသည်။ အဲဒီလိုရာသီအမီ စိုက်လိုက်ရမှ စိုက်ပျိုးထားသော စပါးသီးနှံ၊ ပဲသီးနှံများကို သားသမီးအရင်းကဲ့သို့နေ့စဉ်ကြည့်ရှု၍ ရေလောက်ငမှု ရှိ၊ မရှိ၊ ပေါင်းမြက်များ ရှင်းလင်းမှု ရှိ၊ မရှိ၊ ဘယ်သြဇာကျွေးရမည့် အချိန်ရောက်၊ မရောက် နေ့စဉ်လိုလို ကြည့်ရှုနေကြရသည်။ နည်းနည်းနောနော သံယောဇဉ် မဟုတ်ပေ။ မိရိုးဖလာ အသက်မွေးမှုထက်သံယောဇဉ် တရားက ပိုမိုသည်ဟု ထင်မိသည်။ စိုက်ပျိုးရေးနည်းပညာများကိုသိပါလျက် မိရိုးဖလာနည်းလမ်းများကိုသာ ဖက်တွယ်၍ လုပ်ကိုင်နေကြဆဲ ဖြစ်သည်။

အလားတူပင် ဈေးကွက်ဝင်ပဲမျိုးစုံ စိုက်ပျိုးရာတွင်လည်း အရင်းအနှီး မြောက်မြားစွာ သုံးစွဲကုန်ကျသော်လည်း ရရှိသည့် အကျိုးအမြတ်မှာ နည်းပါးလွန်းလှသည်။ တချို့ဆို အမြတ်မရသည့်အပြင် ဆုံးရှုံးသွားခြင်းများလည်း ကြုံတွေ့နေသည့် တောင်သူများ ဒုနဲ့ဒေး ဖြစ်နေသည်ကို စိတ်မကောင်းဖွယ် တွေ့ရှိကြားသိနေရသည်။ ဒီကြားထဲ သဘာဝဘေးအန္တရာယ်များကြောင့် ဘေးဒုက္ခကြုံတွေ့နေရသည့် လယ်သမားများ၊ သည်မြေမှ ထွက်ရှိမည့် လယ်ယာထွက်ကုန် သီးနှံများဖြစ်သည့် စပါးနှင့် ပဲမျိုးစုံကို မျှော်ကိုး၍လုပ်ကာမှ အရှုံးပေါ်သဖြင့် ရင်ထဲမျက်ရည်သွင်သွင်ကျဆင်းနေမည့် တောင်သူလယ်သမားများ ဘာမှသက်ဆိုင်မှုမရှိဟု ထင်ရသော်လည်း ထိုလယ်သမားများ၏ ရင်သွေးငယ်များ၏ အနာဂတ် မျှော်လင့်ချက် ပျောက်ဆုံးမှုများ အစိုးရ ကြွေး၊ ပုဂ္ဂလိကကြွေးနွံများထဲတွင် နစ်နေရသည့် လယ်သမားများစသည်ဖြင့် ကြိုးစား၍ လယ်ယာ လုပ်ကိုင်နေသော်လည်း အဆိုပါ အခက်အခဲများကြားမှ ရုန်းမထွက်နိုင်ကြသေးပေ။

လယ်ယာထွက်ကုန်သီးနှံများကို အခြားစက်ပစ္စည်းများကဲ့ သို့ လိုအပ်ချက်အရ အချိန်တိုအတွင်းလိုအပ်သော အရေအတွက်အတိုင်း ထုတ်လုပ်နိုင်သည် မဟုတ်ပေ။ အချိန်အခါ ရာသီဥတုအလိုက်လယ်သမားများ၏ချွေး စက်များ၊ ကျွဲ၊ နွား၊ စက်ပစ္စည်းများဖြင့် စိုက်ပျိုးထုတ်လုပ်ရသည်။ သီးနှံမပေါ်မချင်း အရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက်ရသည်။ လိုအပ်သော အာဟာရကျွေးခြင်း၊ အချိန်ကိုက် ရိတ်သိမ်းခြွေလှေ့၊ သိုလှောင်၊ ကြိတ်ခွဲ၊ ရောင်းဝယ်ကြရသည်။ အဆင့်များစွာကို ဖြတ်ကျော်ပြီးမှသာ ထိုက်သင့်သော အဖိုးအခကိုရရှိသည်။ ရရှိသော ငွေကြေးကို အရင်းပြု၍ လုပ်ငန်းစရသည်။ ပိုလျှံငွေကြေးများကို စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်တို့တွင် ပြန်အသုံးပြုသည်။ ထိုကဲ့သို့ပင် လယ်သမားတို့၏ ဘဝသည် သံသရာလည်နေတော့သည်။

တောင်သူများသည် ပြောင်းလဲလာသော ခေတ်စနစ် အနေအထား၊ ဈေးကွက်အားပြိုင်မှု၊ ဈေးနှုန်းပြောင်းလဲမှုများအရ ယခင်မိရိုးဖလာ စပါးပြီး စပါး၊ ပဲပြီးပဲအစား ပြောင်းလဲစိုက်ပျိုးရန် အချိန်အခါသို့ ဆိုက်ရောက်လာပြီဖြစ်ကြောင်း သတိချပ်သင့်ပါသည်။ မိမိရင်းနှီးကုန်ကျမည့် ငွေကြေး၊ ရရှိလာမည့် အကျိုးအမြတ် စသည်တို့ကို တွက်ချက်၍စိုက်ပျိုးသင့်သည့် အချိန်သို့ရောက်နေပါပြီ။ မိမိဒေသ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက်တွင် မျက်နှာပန်းလှမည့် လယ်ယာထွက်ကုန် သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ပါသည်။ သို့မှသာ မိမိအတွက်လည်း ဝင်ငွေတိုး၊ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးကိုလည်း အထောက်အကူပြုရာ ရောက်ပေမည်။

လယ်ယာထွက်ကုန်သီးနှံဆိုင်ရာ ဈေးကွက်အခြေအနေ၊ ဈေးနှုန်းသတင်းများနှင့်ပတ်သက်၍ တီဗွီချယ်နယ်များ၊ သတင်းစာ၊ ဂျာနယ်များစသည့် မီဒီယာ နည်းလမ်းပေါင်းစုံတွင် လည်းကောင်း၊ ဆွေးနွေးပွဲများ၊ ပညာပေးခြင်းများ၊ စံပြ စိုက်ကွက်များတွင် လက်တွေ့ပြုလုပ်ဆောင်ရွက်ချက်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးမှုများ၊ သတင်းအချက်အလက်ဖြန့်ဝေပေးမှုများအား ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ တောင်သူလယ်သမားများ မရှင်းလင်းသည့် အချက်အလက်များ၊ မသိသေးသည့်အချက်အလက်များနှင့် ပတ်သက်၍လည်း ပြန်ကြားပေးသည့် ဖြေကြားပေးသည့် ကောစင်တာများလည်း မြန်မာနိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်ပေးထားပြီးဖြစ်၍ တောင်သူလယ်သမားများ ယခင်ကကဲ့သို့ မျက်စိပိတ် နားပိတ်ကာ မိရိုးဖလာ စိုက်ပျိုးနည်းများသုံး၍ သံယောဇဉ်ပိုးကြောင့် ပုံမှန်စိုက်ပျိုးထုတ်လုပ်၍ အကြွေးနွံ သံသရာမှ မရုန်းထွက်နိုင်ဖြစ်နေမည့်အစား၊ မိမိအတွက် အကျိုးအမြတ်များ၍တွက်ခြေကိုက်မည့် လယ်ယာထွက်ကုန်သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် အချိန်တန်နေပြီဖြစ်သည်။

ယနေ့ကာလသည် မိမိစိတ်ကြိုက်လယ်ယာထွက်ကုန် သီးနှံများကို မိမိသဘောကျ စိုက်ပျိုးထုတ်လုပ်၍ မိမိ စိတ်တိုင်းကျ ရောင်းဝယ်နိုင်သောကာလဖြစ်သည်။ မိမိလယ်ယာမြေမှ ထွက်ရှိမည့် သီးနှံများ ဈေးကောင်းရရှိရေး၊ အကျိုးအမြတ်ရရှိရေးတို့အတွက် ချိန်ထိုး ဆောင်ရွက်နိုင်ရန်မှာမူ မိမိကိုယ်တိုင်သီးနှံ ဈေးကွက်သတင်းအချက်အလက်များကို ရယူကာဆုံးဖြတ်စိုက်ပျိုး ထုတ်လုပ်ကြရန် အထူးလိုအပ်ပါသည်။ ထိုသို့ မဟုတ်ပါက ကြိုးသာကုန် မောင်ပုံစောင်းမတတ်ဆို သကဲ့သို့ ငွေကုန်၊ လူပန်း အကျိုးမရှိဖြစ်မှာ စိုးရိမ်ရပါသည်။

ယနေ့ကမ္ဘာသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံအချင်းချင်းသည် စီးပွားရေးစစ်ပွဲများကို အပြိုင်အဆိုင် ဆင်နွှဲနေသည့်ကာလ ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်၍ အခြားနိုင်ငံများကို အလဲထိုးနိုင်ရေးအတွက် ကြိုးစားနေကြသည်။ အခြားနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများကို အလဲထိုးနိုင်ရန် ကြိုးစားနေသည့်အခါ သမယ ဖြစ်နေသည်။ အခြားနိုင်ငံမှ တင်သွင်းလာသည့် ကုန်စည်များကို အခွန်များစွာ ကောက်သည်။ အလုံးအရင်းနှင့် တင်သွင်းလာမှုမရှိအောင် တားဆီးပိတ်ပင်သည့် နည်းလမ်းပေါင်းစုံကို အသုံးပြုသည်။ မိမိနိုင်ငံမှ အခြားနိုင်ငံများသို့ တင်ပို့သော ပစ္စည်းများနှင့် ပတ်သက်၍မူ တရားဝင် နည်းလမ်း၊ တရားမဝင်နည်းလမ်းပေါင်းစုံကို အသုံးပြု၍ မြန်မြန်ရောင်းထွက်ရေး၊ အကျိုးအမြတ်များများ ရရှိရေးအတွက် အသုံးပြုနေသည်ကိုတွေ့ရှိရပါသည်။

မကြာမီက ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ သံ၊ သတ္တုပစ္စည်းများနှင့် ပတ်သက်၍ အခွန်တိုးမြှင့်၍ အပြိုင်အဆိုင်ကောက်ခံရာမှ အခြားနိုင်ငံများသို့ပါ ကူးစက်ပျံ့နှံ့ကာ ကုန်သွယ်မှုစစ်ပွဲအသွင်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသည်လည်း အဆိုပါ အကျိုးဆက်ကို ခံစားကြရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ပဲမျိုးစုံကို အဓိကဝယ်ယူနေသော နိုင်ငံကြီးတစ်နိုင်ငံမှ ၎င်းတို့နိုင်ငံရှိ လယ်သမားများ အကျိုးစီးပွားကို ကာကွယ်နိုင်ရေးအတွက် ပဲမျိုးစုံဝယ်ယူမှုကို ရပ်ဆိုင်းလိုက်သောအခါ မြန်မာနိုင်ငံအတွင်းရှိ ပဲစိုက်တောင်သူများ၊ ကုန်သည်များနစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ခဲ့ရသလို နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကိုပါ ထိခိုက်ခဲ့ခြင်းများက လက်တွေ့ပင်ဖြစ်သည်။

စာမျက်နှာ (၃၁)သို့

## ၂၀၁၈ ခုနှစ်တွင် ဗန်ကောက်၌ ၂၀၁၁ ခုနှစ်က အဖြစ်မျိုး မကြုံတွေ့နိုင်

စက်တင်ဘာ ၅ ရက်နေ့ညက ဗန်ကောက်မြို့မှာ အမျိုးသမီးတစ်ဦး ရေနစ် သေဆုံးခဲ့သည်။ ရာသီအလိုက် ရေလွှမ်းမိုးမှုများ မြို့တော်နှင့် နီးကပ်လာပြီဖြစ်သော်လည်း ယခုရေနစ် သေဆုံးမှုက မြို့တော်အတွင်း ရေလွှမ်းမိုးမှုနှင့် ကြုံမည့်သဘောလက္ခဏာ နှင့်ဆက်စပ်မှု မရှိကြောင်းနှင့် ယခုနှစ်တွင် ရေလွှမ်းမိုးမှုမှ ကင်းလွတ်မည့် အခြေအနေရှိကြောင်း စက်တင်ဘာ ၆ ရက်တွင် ကျွမ်းကျင်သူတို့က ပြောသည်။

ဗန်ကောက်မြို့ အရှေ့ပိုင်းလမ်း တစ်ခုပေါ်တွင် စက်တင်ဘာ ၅ ရက်ညက ရုတ်တရက် ရေလွှမ်းမိုးမှုကြောင့် အသက် ၄၁ နှစ်အရွယ်ရှိ ဖာနုမာဆယ်တေးသည် မြေနိမ့်ပိုင်းရှိ ကားလမ်းမပေါ်တွင် ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့တွင် ဇူလိုင် အတွင်းက မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခံရသည့် နေရာများ တဖြည်းဖြည်းကျယ်ပြန့်လာခဲ့ရာ စက်တင်ဘာ ၆ ရက်နေ့တွင် ဗန်ကောက် ၏အရှေ့ဘက်ကားဖြင့် နှစ်နာရီခန့်သွားရသော ပရာချင်ဘူရီမြို့အထိ ရောက်ရှိခဲ့သည်။

မိုးရာသီရောက်ပါက ရေလွှမ်းမိုး တတ်သောနေရာများတွင် ယခုနှစ် ရေလွှမ်းမိုးတတ်သော အခြေအနေမှာ ယခင်နှစ်များက ရောက်ရှိခဲ့သော အဆင့်အောက် ကျဆင်းသည်ကို တွေ့ရကြောင်း တော်ဝင် ရေသွင်းစိုက်ပျိုးရေးဌာနမှ ဇလဗေဒပညာရှင် ယူရင်ဆို တေးယိုနင်းက ပြောသည်။ ယင်းအခြေအနေကိုကြည့်ပါက ဗန်ကောက်မြို့တွင် ရေလွှမ်းမိုးမှု ဖြစ်ပွားနိုင်သည့် လက္ခဏာနည်းသည့်သဘောဖြစ်ကြောင်း သူက ပြောသည်။

"၂၀၁၅ နဲ့ ၂၀၁၇ ခုနှစ်က ဖက်ချာဘူရီမှာ ရေလွှမ်းမိုးမှုဖြစ်ခဲ့တဲ့ ကိန်းဂဏန်းတွေလည်း ပြန်စစ်ပြီး ဒေသခံတွေကိုပါ လှည့်လည် မေးကြည့်တဲ့အခါ ဒီနှစ်ရေ လွှမ်းမိုးတာက အရင်နှစ်တွေက လောက် မရှိဘူးလို့ သိရပါတယ်။ အရင်တုန်းက မီတာအမြင့်ထိ ရေကြီးခဲ့ပေမယ့် ဒီနှစ်မှာစင်တီမီတာ ၃၀- ၄၀ ပဲရေတက်ပါတယ်"ဟု ယူရင်က ပြောသည်။

ပရာချင်ဘူရီ၏ ကာဘင်ဘူရီ ခရိုင်ရှိနေရာများတွင် ယခုနှစ် ရေလွှမ်းမိုးမှုက ပုံမှန်ဖြစ်နေကျ အခြေအနေ၏ သုံးပုံတစ်ပုံသာ ရှိကြောင်း သူက ပြောသည်။

**စံမီအောင်**

## ဟာရီကိန်းမုန်တိုင်း ဖလောရင့် အင်အားကြီးနေဦးမည်

အမေရိကန် ပြည်ထောင်စုမှာ ဖြစ်ပေါ်နေသော ဟာရီကိန်း မုန်တိုင်းဖလောရင့်က အင်အားနည်းပါးပြီး အဆင့် ၃ ဟာရီကိန်း မုန်တိုင်းအဖြစ် ရောက်ရှိသွားသော်လည်း နောက်ထပ်ရက်ပေါင်း အနည်းငယ်အထိ ဆက်လက် အားကောင်းနေဦးမည်ဟု အမေရိကန်ပြည်ထောင်စု အမျိုးသား ဟာရီကိန်းစင်တာက စက်တင်ဘာ၅ရက်က ပြောကြားသည်။

ဟာရီကိန်းမုန်တိုင်းသည် ဘာမြူဒါဒေသ၏ အရှေ့-အရှေ့တောင်ဘက် ကီလိုမီတာ ၁၉၉၀ အကွာ၊ မြောက်ပိုင်းဒေသ လီဝပ်ကျွန်းစု၏အရှေ့ အရှေ့တောင်ဘက် ကီလိုမီတာ ၁၄၅၀ အကွာတွင် တည်ရှိနေပြီး အမြင့်ဆုံး လေတိုက်ခတ်နှုန်းမှာ တစ်နာရီကို ၂၀၅ ကီလိုမီတာနှုန်းသို့ ရောက်ရှိနိုင်ကြောင်း မီယာမီ အခြေစိုက် ရာသီဥတုခန့်မှန်းရေး အေဂျင်စီက ပြောသည်။

မုန်တိုင်းသည် နောက်ထပ် ၄၈ နာရီ အတွင်းတဖြည်းဖြည်း အားနည်းသွားနိုင်သော်လည်း ရက်သတ္တပတ် အကုန်ထိ ဆက်လက်တည်ရှိနေမည်ဟု ခန့်မှန်းထားသည်။ ကမ်းရိုးတန်းဒေသ များနှင့်ပတ်သက်၍ သတိပေးချက် ထုတ်ပြန်ခြင်း မရှိဘူးလို့ သိရသည်။

အတ္တလန္တိတ် ဒေသမုန်တိုင်းရာသီမှာ ပထမဆုံးမုန်တိုင်းကြီး ဖြစ်ခဲ့သော ဖလောရင့်ကို စောစောပိုင်းက အဆင့်၄ မုန်တိုင်းအဖြစ်သတ်မှတ်ခဲ့ပြီး လေတိုက်ခတ်နှုန်းမှာ တစ်နာရီကို ၂၁၅ ကီလိုမီတာနှုန်းအထိ ရှိခဲ့သည်။ ယခုနှစ်အတွင်း ဖြစ်ပေါ်တဲ့ မုန်တိုင်းများအနက် ဖလောရင့်က ခြောက်ခု မြောက်မုန်တိုင်းဖြစ်သည်။

ပင်လယ်တွင်းမှာ ဖြစ်ပေါ်နေသော အခြေအနေများနှင့် လေထုအတွင်း ဖြစ်ပေါ်နေသော အခြေအနေများကြောင့် မုန်တိုင်းအပြင်းထန်ဆုံး ဖြစ်ပေါ်မည့်ကာလသို့ရောက်ရှိခဲ့ပြီး အတ္တလန္တိတ်မုန်တိုင်း ရာသီသည် ပြင်းပြင်းထန်ထန် ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု မိုးလေဝသ ခန့်မှန်းသူတို့က ခန့်မှန်းထားသည်။

ဒေသတွင်း၌ မုန်တိုင်းကိုးခုမှ ၁၃ ခုအထိ ဖြစ်ပေါ်ပြီး လေတိုက်ခတ်နှုန်းက တစ်နာရီကို ၆၂ ကီလိုမီတာ ရှိမည်ဟု ခန့်မှန်းထားသည်။ ခန့်မှန်းထားသည့် မုန်တိုင်းများအနက် လေးခုမှာ ဟာရီကိန်းမုန်တိုင်းအဖြစ် ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

**စံမီအောင်**

## ထားဝယ်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှဒု-တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးရီနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တိုင်းတာဝန်ခံနှင့် ဝန်ထမ်းများပူးပေါင်း ပါဝင်သောအဖွဲ့သည် ဩဂုတ် ၂၇ ရက်က ထားဝယ်မြို့၊အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဦးစီးမှူး ဦးကျော်မင်းမှ စားသုံးသူသိမှတ်ဖွယ်ရာများကို ဆွေးနွေးခဲ့ပြီး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒု-ကြီးကြပ်ရေးမှူး ဦးဟိန်းစည်သူက တိုင်း/ခရိုင်/မြို့နယ်များတွင် ဖွဲ့စည်းထားသောဆေးဝါးကော်မတီမှ အရေးယူပိုင်ခွင့်နှင့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းကိရိယာများကို ပြည်သူများ ဘေးဥပဒ်မဖြစ်စေရေးအတွက် သိမှတ်ဖွယ်ရာများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒု-ကြီးကြပ်ရေးမှူး ဒေါ်ချိုဇင်သူတို့က ဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးများအကြောင်းကိုလည်းကောင်း၊ အစားအသောက်များတွင် သုံးစွဲရန်မသင့်သော တာရှည်ခံဆေး(၄)မျိုးရှိပါကြောင်း၊ ထုတ်လုပ်သူ လုပ်ငန်းရှင်များမှ သဘာဝတာရှည်ခံသော ရေခဲ၊ ဆားတို့အစား အကုန်အကျသက်သာသော၊ သုံးစွဲရန်မသင့်သော ဓာတုတာရှည်ခံပစ္စည်းများကို အသုံးပြုလာကြသည့်အတွက် စားသုံးသူပြည်သူများအနေဖြင့် ကျန်းမာရေးထိခိုက်ပြီး ရေရှည်စားသုံးပါက ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်ကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ကျောင်းသား/သူ၊ ဆရာ/ဆရာမများ၊ ကျောင်းမုန့်ဈေးတန်းရောင်းချနေသူများ၊ စုစုပေါင်း (၅၂၀)ဦး တက်ရောက်ခဲ့ပြီးနောက် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများသည် ကျောင်းမုန့်ဈေးတန်းတွင် ကျောင်းသား/သူများ စားသုံးရန်မသင့်သော မုန့်များ ရောင်းချမှုရှိ/မရှိကို သက်ဆိုင်ရာ ကျောင်းကော်မတီနှင့်အတူ စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## မအူပင်ခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးဇော်မင်းက (၂၀)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများနှင့် အထက်ဌာနများ၏ လမ်းညွှန်ချက်များကို တင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးမှ (၂၀)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ် ချက်များ၏ အကောင်အထည်ဖော်မှုများ၏ လုပ်ငန်းအခြေအနေကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး စာသင်ကျောင်းများ၊ ကျေးရွာလုပ်သားပြည်သူများ၊ ဈေး/ဈေးတန်းများကို အသိပညာပေး ဆောင်ရွက်ပေးမှု၏ အောင်မြင်မှု ရရှိသည့် အခြေအနေများကို အသေးစိတ်တင်ပြခဲ့ပါသည်။

မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်မှ ရှေ့လုပ်ငန်းစဉ်များကို ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ **Consumer-MT**

## ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၈/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အရှေ့ပိုင်းခရိုင်၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၈/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးအား ဩဂုတ်လ ၂၉ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်မာချိုမှ ဈေးကွက်အတွင်းရှိ ခွင့်ပြုချက်များနှင့် မကိုက်ညီသော အစားအသောက်များအား စစ်ဆေးဆောင်ရွက်သွားရန် ပြောကြားခဲ့ပြီး အတွင်းရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်မှ (၈/၂၀၁၈) လအတွင်း တိုင်ကြားမှုများဖြစ်သည့် ရေသန့်အတွင်းပိုးလောက်လန်းပါဝင်၍ တိုင်ကြားခြင်း၊ Online Shopping မှ ငွေသားသွင်းပြီး ပစ္စည်းလက်ခံရရှိမှုမရှိခြင်း၊ သံသယရှိစားသုံးဆီများအား ဈေးကွက်အတွင်းမှ နမူနာရယူ၍ FDA သို့ ဈေးကွက်နမူနာပေးပို့ထားခြင်း ကိစ္စများအား ဆွေးနွေးတင်ပြခဲ့သည်။ ထို့နောက် တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုးကြည်**

## (၈/၂၀၁၈)ကြိမ်မြောက် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အစည်းအဝေးနှင့် (၄/၂၀၁၈)ကြိမ်မြောက် မင်းဘူးခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အစည်းအဝေးများ ကျင်းပ

မကွေးတိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ (၈/၂၀၁၈)ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အစည်းအဝေးကို ဩဂုတ် ၃၀ ရက်တွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း နှင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ လုပ်ငန်း ကော်မတီနှစ်ရပ်မှ ပုဂ္ဂိုလ်များ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ဆီကုန်သည်များအသင်းမှ တာဝန်ရှိသူများ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ အစည်းအဝေးတွင် မန္တလေးအခြေစိုက် လယ်ယာသုံးစက်ကိရိယာ ရောင်းချရေးကုမ္ပဏီမှ ဝယ်ယူခဲ့သည့် စပါးရိတ်သိမ်းစက်နှင့် ပတ်သက်၍ တိုင်ကြားထားမှုအား ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်ဝန်ဆောင်မှုအားနည်းချက်အတွက် နစ်နာကြေးပေးရန် ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး နိုင်ငံပိုင်သတင်းစာများ၌ လုပ်ငန်းရှင်များသို့ သုံးစွဲပုံနှင့် ပတ်သက်သည့် သတင်းအချက်အလက်နှင့် ညွှန်ကြားချက်များကို မြန်မာစာသားဖြင့် ဖော်ပြရန်၊ ဗဟိုကော်မတီ၏ ကြိုတင်အသိပေးထားမှုအား တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များနှင့် လက်ကားရောင်းချသည့်ဆိုင်များသို့ အသိပေး ဆောင်ရွက်သွားရန်၊ ဆောင်ရွက်မည့်အစီအမံများ၊ တိုင်းဒေသကြီးအတွင်း ဈေးကွက်တွင်ရောင်းချလျက်ရှိသည့် စားသုံးဆီနှင့် ပတ်သက်၍ စားသုံးသူအား လိမ်လည်လှည့်ဖြားခြင်းမရှိစေဘဲ တိကျမှန်ကန်သည့် အချိုးအစားဖော်ပြ၍ ရောင်းချရေးကို ဆီစက်လုပ်ငန်းရှင်များ၊ ဆီကုန်သည်များနှင့် ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် တိုင်းဒေသကြီးအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းဝင်းမှ ၂၀၁၈ခုနှစ် ဩဂုတ်လအတွင်း စားသုံးသူ အကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းတင်ပြပြီး ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း သက်တမ်းလွန်ပစ္စည်း ၁၂၀ မျိုး၊ အရေအတွက်(၁၈၀၂)ခု၊ ခန့်မှန်းတန်ဖိုးကျပ် ၃၇၉၉၂၅ သိမ်းယူ ခဲ့မှုအား မှတ်တမ်းတင်ခြင်း၊ ၇/၂၀၁၈ ကြိမ်မြောက်အစည်းအဝေးမှ ဆုံးဖြတ်ရန် အချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် (၈/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ်ရန် အချက်များအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အလားတူ မင်းဘူးခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကိုလည်း နံနက် ၁၀း၀၀ နာရီတွင် ကျင်းပခဲ့ရာ အဖွဲ့ဝင် ၂၂ ဦး တက်ရောက်ခဲ့ပြီး၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်မည့်အစီအမံများအား ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## လွိုင်ကော်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၇/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ် လွိုင်ကော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်က ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၇/၂၀၁၈)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစန်းဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြို့ရီက ယခင်(၆/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ 4TV ရုပ်သံလိုင်းများကို Canal+ ရုပ်သံလိုင်းများဖြင့် ပြောင်းလဲပြသခြင်းအပေါ် စိတ်ကျေနပ်မှုမရှိ၍ စက်တန်ဖိုးနှင့် ကြည့်ရှုခငွေ ပြန်လည်ရရှိလိုသူတစ်ဦးမှ ကယား (CICC)သို့ တိုင်ကြားလာသဖြင့် Forever Group Co.,Ltd နှင့် ချိတ်ဆက်ဖြေရှင်းပေးခြင်း၊ Canal+ စက်အသစ်နှင့် လဲလှယ်လိုသူ ၉၈ ဦးကို Techno world လျှပ်စစ်ပစ္စည်းဆိုင်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှု အခြေအနေများကိုတင်ပြပြီး အသိပညာပေး လုပ်ငန်းများနှင့် ကလေးကစားစရာပစ္စည်း အရောင်းဆိုင်များ၊ အိမ်သုံးကုန်/လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းဆိုင်များတွင် ဈေးကွက်စုံစမ်း ထောက်လှမ်းလေ့လာဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ လွိုင်ကော်မြို့နယ်အတွင်းရှိ သောက်ရေသန့်စက်ရုံများ၌ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးမှု အခြေအနေများကိုလည်းကောင်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အကြံပြုလိုတဲ့ အချက်များကို တက်ရောက်လာသော အဖွဲ့ဝင်များမှ အကြံပြုဆွေးနွေးပေးစေလိုကြောင်း တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသောအဖွဲ့ဝင်များမှလည်း အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

**မိုင်သီဂီလင်း (ကယား)**

## တန့်ဆည်မြို့နယ်အတွင်းရှိ ဆေးဆိုင်များအား စံမညီဆေးဝါးများ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် စက်တင်ဘာ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ မီးသတ်ဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပါဝင်သော အဖွဲ့ဝင် ၁၁ ဦးဖြင့် တန့်ဆည်မြို့ပေါ်ရှိ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဝါးမှတ်ပုံတင်ရုပ်သိမ်းထားသော စံမညီဆေးဝါး များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးရာ ရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး နောင်တွင်လည်း ထပ်မံရောင်းချခြင်း မရှိစေရေးအတွက် စံမညီဆေးဝါးများစာရင်းအား ဖြန့်ဖြူးပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ထား (တန့်ဆည်)**

# ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဇဟိုသောက်ရေသန့် လုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် သောက်ရေသန့်အစုအဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေး

လွိုင်ကော်မြို့၊ စားသုံးသူရေးရာဦးစီးဌာန ကန္ဒရဝတီခန်းမတွင် ဇဟိုသောက်ရေသန့် လုပ်ငန်းရှင်များ အသင်းနှင့် ကယားပြည်နယ် သောက်ရေသန့် လုပ်ငန်းရှင်များ အစုအဖွဲ့တို့ တွေ့ဆုံခြင်း အခမ်းအနားကို ဩဂုတ်လ ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဇဟို သောက်ရေသန့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကယားပြည်နယ်သောက်ရေသန့်လုပ်ငန်းရှင်များ အစုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ ဝင်များ စုစုပေါင်း ၂၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးမှ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ကွင်းဆင်းစစ်ဆေးမှုများတွင် ကယားပြည်နယ်အတွင်း သောက်ရေသန့်ထုတ်လုပ်မှုလုပ်ငန်းများတွင် လိုအပ်ချက်များ ရှိနေသေးကြောင်း၊ ကယားပြည်နယ် သောက်ရေသန့် လုပ်ငန်းရှင်များ အစုအဖွဲ့အနေဖြင့် သောက်ရေသန့် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် စပ်လျဉ်းပြီး ဇဟိုသောက်ရေသန့် လုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ကြောင်း၊ မိမိတို့ဌာနအနေဖြင့်လည်း စားသုံးသူပြည်သူများသို့ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းရှင်များကိုလည်း အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးနေကြောင်း၊ ထို့အပြင် အစုအဖွဲ့များ စုဖွဲ့ခြင်း၏ အကျိုးကျေးဇူးများ၊ အားသာချက်များကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဇဟိုသောက်ရေသန့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌမှ လက်ရှိအနေအထားများအရ သောက်ရေသန့် ထုတ်လုပ်မှုများမှာ GMP စနစ်နှင့်အညီ ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထုတ်လုပ်ရေးတာဝန်ရှိသူများအနေဖြင့်လည်း ဝန်ထမ်းများအား လိုအပ်သော အကာအကွယ်ပစ္စည်း အစုံအလင်ဝတ်ဆင်လုပ်ကိုင်စေရန် စည်းကမ်းချက်များ သတ်မှတ်ပေးရန်လိုအပ်ကြောင်း၊ လိုအပ်ပါက ဇဟိုအနေဖြင့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း၊ FDA မှ ပြဌာန်းထားသော လုပ်ငန်းအဆင့်ဆင့် သတ်မှတ်ချက်များကို လိုက်နာသွားရန် လိုအပ်ကြောင်း၊ အနာဂတ်ကာလတွင် ဇဟိုသောက်ရေသန့်လုပ်ငန်းရှင်များအနေဖြင့် FDA ၊ သက်ဆိုင်ရာဌာနတို့ဖြင့် ပူးပေါင်းပြီး တရားမဝင် သောက်ရေသန့် ထုတ်လုပ်နေမှုများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သောက်ရေသန့် လုပ်ငန်းသည် ကုသိုလ်လည်းရ ဝမ်းလည်းဝသောလုပ်ငန်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထိုနောက် တက်ရောက်လာသူများမှ လက်ရှိအနေအထားအရ သောက်ရေသန့်အပိုစက်ပစ္စည်းများမှာ ဈေးမြင့်တက်နေပါကြောင်း၊ မိမိတို့သောက်ရေသန့်စက်ရုံများသည် FDAမှ ထုတ်ပြန်ထားသော ပြဌာန်းချက်ဖြစ်သည့် GMP စနစ်နှင့်အညီ ထုတ်လုပ်နေကြောင်း၊ အသင်းအဖွဲ့အနေဖြင့် မိမိတို့၏လှုပ်ရှားဆောင်ရွက်ချက်များကို အသင်းဝင်အချင်းချင်း အဆက်သွယ်မပြတ် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အသင်းအဖွဲ့စိတ်ဓာတ်ခိုင်မာလာပြီး စည်းလုံး ညီညွတ်မှုရှိလာနိုင်ခြင်း၊ သောက်ရေသန့် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တွင် တွေ့ကြုံရသော အခက်အခဲများကို အပြန်အလှန် ဝိုင်းဝန်းဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ **ဖြိုးဝေအောင် (လွိုင်ကော်)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် ပုံမှန်ညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၉ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၃၃ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) အတွင်းရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ရာ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများအား အသိပညာပေးခြင်း၊ ဈေးကွက်အတွင်း ကွင်းဆင်း စစ်ဆေးခြင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်ခြင်း၊ စားသုံးသူ နစ်နာဆုံးရှုံးမှုများတိုင်ကြားနိုင်ရန် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) များဖွင့်လှစ်၍ ညှိနှိုင်းဖြေရှင်းပေးခြင်းစသည့်စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို မိတ်ဖက်ဌာနများဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အချိန်မှာ နိုင်ငံနဲ့အဝန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူများ၏ နေထိုင်စားသောက်မှုပုံစံများသည် ခေတ်နှင့်အညီ လျင်မြန်စွာပြောင်းလဲလာပါကြောင်း၊ တိုးတက်ပြောင်းလဲလာတာနှင့်အမျှ လုံခြုံစိတ်ချရမှုမရှိတဲ့ အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများ ပေါ်များလာပါကြောင်း၊ စားသုံးသူများအနေဖြင့် မိမိတို့၏ အခွင့်အရေးကို သိရှိပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းသည့် ကုန်စည်/ဝန် ဆောင်မှုများကို ရွေးချယ်ဝယ်ယူတတ်ဖို့လိုအပ်ပါကြောင်း၊ သို့ပါ၍ စားသုံးသူပြည်သူများ အခွင့်အရေး အပြည့်အဝရရှိစေရေး၊ လုံခြုံ စိတ်ချရမှုမရှိသော ကုန်စည်များ/ တာဝန်ယူမှုမရှိသော ဝန်ဆောင်မှုများ လျော့နည်းပပျောက်သွားစေရန် မိမိတို့အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသောအဖွဲ့ဝင်များနှင့် မိတ်ဖက်ဌာနများကမိမိတို့ဌာနအနေဖြင့် စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ တင်ပြခြင်းနှင့် အကြံပြုဆွေးနွေးချက်များ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သင်းသင်းအေး (မုံရွာ)**

# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်က ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်(၄)ထပ် စာသင်ကျောင်းဆောင် LRC ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဆရာ/ဆရာမများ၊ ဘာသာရပ်အလိုက် ပညာသင်ကြားနေသည့် ကျောင်းသား/ကျောင်းသူများ စုစုပေါင်း (၈၇)ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ကြည်ရွှင်က နေရာတိုင်းတွင် စားသုံးသူအခွင့်အရေးကို ရယူနိုင်ရန်အတွက် ဟောပြောခဲ့သည့် အကြောင်းအရာများကို သေချာစွာ လေ့လာမှတ်သားကြရန် တိုက်တွန်းအမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအနေဖြင့် ကုန်စည်၊ ဝန်ဆောင်မှုများကို ဝယ်ယူ၊ စားသုံး၊ သုံးစွဲရာတွင် နစ်နာမှုရှိပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)ရုံးများတွင် တိုင်ကြားနိုင်သည့်အခြေအနေ၊ ဌာနအနေဖြင့် တစ်နှစ်ထက်တစ်နှစ်တိုး၍ စားသုံးသူများ၏ တိုင်ကြားလာမှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့်အခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဌာန်းချက်ပါ စားသုံးသူ၏အခွင့်အရေး၊ တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်၊ တားမြစ်ချက်များ မလိုက်နာလျှင် အရေးယူခံရနိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၏ အခြေအနေများကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

ထို့နောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဒေါက်တာ အောင်လှိုင်ဦးက အစားအသောက်များတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးအသုံးပြုပါက ရရှိနိုင်မည့် ကောင်းကျိုး/ဆိုးကျိုး၊ အန္တရာယ်ကင်းသော အစားအသောက် ဖြစ်ပေါ်ရေးအတွက် အဓိကဆောင်ရွက်ရမည့်အချက် (၅)ချက်၊ ဆေးဝါးအမျိုးအစားများနှင့် ဆေးဝါးမှတ်ပုံတင်ကြည့်ရှုစစ်ဆေးနိုင်သည့် နည်းလမ်းများ၊ အလှကုန်ပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရမည့် အခြေအနေများကိုလည်းကောင်း၊ အနောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးသန့်က အစားအသောက်များတွင် ရောဂါပိုးများနှင့် ဓာတုပစ္စည်းများ ပါဝင်မှုကြောင့် အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်မည့်အခြေအနေများကို ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ **အေးအေးခိုင် (စားသုံးသူ)ရန်ကုန်**

# ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂၄ ရက်က ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ မိတ်ဘက် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ဟင်္သာတခရိုင်စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူပြည်သူများကိုသာမက ထုတ်လုပ်သူများကိုပါ အသိပညာပေးပြီး လိုက်နာဆောင်ရွက်နိုင်အောင် တွန်းအားပေးဆောင်ရွက်ရန် ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဟင်္သာတခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်ဟန်က ဆွေးနွေး ဆုံးဖြတ်ရမည့်အချက်များ၊ ယခုလအတွင်း စားသုံးသူ အကာအကွယ်ပေးရေး ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ တက်ရောက်လာသူများမှလည်း ဆွေးနွေးကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်က ဈေးစားသုံးသူရေးရာအဖွဲ့များ ပိုမိုတက်ကြွဆောင်ရွက်နိုင်ရေး၊ ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာညီညီလွင်မှလည်း စားသုံးသူများသို့ စားသုံးရန်မသင့်သည့် ကုန်စည်များနှင့်ပတ်သက်၍ သတင်းများကို အချိန်မီအသိပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## မီယာမီသို့ ဒေးဗစ်ဘက်ခမ်း ခေါ်ယူမည့် ကစားသမားများထဲတွင် စီရိုနယ်ဒိုနှင့် ဝိန်းရွှန်နီတို့ပါဝင်နေ

အင်္ဂလန်ဘောလုံး ဝှေကြယ်ပွင့်တစ်ဦးဖြစ်သူ ဒေးဗစ်ဘက်ခမ်း အစုရှယ်ယာပိုင်ဆိုင်မှုရှိထားသည့် အမေရိကန် မေဂျာလိဂ်ကလပ် မီယာမီအသင်းသည် လာမည့်ရာသီ အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် စီရိုနယ်ဒိုနှင့် ဝိန်းရွှန်နီတို့ကို ခေါ်ယူနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဒေးဗစ်ဘက်ခမ်းက 'ကျွန်တော့်မှာ အသင်းအတွက် စိတ်ကူးအိပ်မက်တွေ အများကြီးရှိနေပါတယ်။ အသင်းကို အတောင့်တင်းဆုံးပုံစံ မဟုတ်ရင်တောင်မှ အကောင်းဆုံး ကစားသမားတွေ၊ ကမ္ဘာကျော် ကစားသမားတွေ စုဖွဲ့နေတဲ့ အသင်းတစ်သင်းအဖြစ် တည်ဆောက်ချင်ပါတယ်။ ကျွန်တော် ပထမဦးဆုံးခေါ်ယူမယ့် ကစားသမားက စီရိုနယ်ဒိုပေါ့။ သူ့ကို အရင်ဦးဆုံး ခေါ်ယူသွားမယ်လို့ ရည်မှန်းထားပါတယ်။ ဒါ့အပြင် အမေရိကန်မြေကိုရောက်နေတဲ့ ဝိန်းရွှန်နီကိုလည်း ခေါ်ယူသွားဖို့ရှိပါတယ်'ဟု ပြောကြားခဲ့သည်။



ထို့ပြင် ဒေးဗစ်ဘက်ခမ်းက ကိုလံဘီယာနိုင်ငံသားများဖြစ်သည့် ဖယ်လ်ကာအိုနှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့မှာလည်း မိမိခေါ်ယူမည့် ကစားသမားများထဲတွင် ပါဝင်နေကြောင်းနှင့် မိမိအသင်းမှာ အောင်မြင်မှုမရရှိသည့်တိုင် ပရိသတ်ကို ဖျော်ဖြေမှုအပြည့်အဝ ပေးနိုင်သည့်အသင်း တစ်သင်းဖြစ်လိုကြောင်း ထပ်မံပြောကြားသည်။ ဒေးဗစ်ဘက်ခမ်းသည် မီယာမီအသင်း၏ အစုရှယ်ယာ ၇၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသူဖြစ်သည်။




## ဂျော်ဂျင်ဟို ချယ်လ်ဆီးသို့မရောက်မီ မန်စီးတီးသို့ ပြောင်းရန် သဘောတူညီခဲ့ဖူးဟု အေးဂျင့်ဖြစ်သူပြော

ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက နာပိုလီအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၅၂ သန်းဖြင့် ရောက်ရှိလာသည့် ဂျော်ဂျင်ဟိုသည် ချယ်လ်ဆီးအသင်းသို့ မပြောင်းရွှေ့မီ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန် အလွတ်သဘောတူညီမှု ရရှိခဲ့ဖူးကြောင်း အေးဂျင့်ဖြစ်သူက ထုတ်ဖော်ပြောကြားလိုက်သည်။

ဂျော်ဂျင်ဟို၏ အေးဂျင့်ဖြစ်သူက 'ဂျော်ဂျင်ဟိုဟာ ကနဦးက မန်စီးတီးအသင်းကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ချက်ချခဲ့ပြီး အလွတ်သဘောတူညီမှု ရယူထားခဲ့ပါတယ်။ ဒါပေမဲ့ ချယ်လ်ဆီးအသင်းကို ဆာရီကိုင်တွယ်တော့မယ်ဆိုတော့ သူ့စိတ်တွေ ပြောင်းလဲသွားတယ်။ ဆာရီကလည်း ဂျော်ဂျင်ဟိုကို ချယ်လ်ဆီးမှာကစားဖို့ခေါ်တော့ မန်စီးတီးအသင်းနဲ့ သဘောတူထားတာကို ဖျက်လိုက်ပြီး ချယ်လ်ဆီးကို ရွေးချယ်လိုက်တာပါပဲ' ဟု ပြောကြားလိုက်သည်။

ဂျော်ဂျင်ဟိုက မိမိအနေဖြင့် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန် စဉ်းစားခဲ့ဖူးကြောင်း၊ သို့သော် လက်ရှိအချိန်တွင် မိမိ၏ဆရာရင်းဖြစ်သူ ဆာရီလက်အောက်တွင် ကစားနေရသည်မှာ ပျော်ရွှင်မှုရှိနေကြောင်း၊ လက်ရှိကစားနေသည့် ချယ်လ်ဆီးအသင်းမှာ ထိပ်တန်းအသင်းကြီး တစ်သင်းဖြစ်ကြောင်းနှင့် အသင်းသားများအားလုံးက မိမိကို နွေးထွေးစွာကြိုဆိုကြောင်း၊ ချယ်လ်ဆီးအသင်းတွင် လျင်မြန်စွာ အထိုင်ကျပြီး ခြေစွမ်းပြနိုင်ခြင်းကို များစွာကျေနပ်မိကြောင်း ပြောကြားလိုက်သည်။

## မက္ကဆီကို ဒုတိယတန်းကလပ် ဆီနာလိုအာအသင်း မာရာဒိုနာကို နည်းပြအဖြစ်ခန့်အပ်

အာဂျင်တီးနား ဂန္ထဝင်ကစားသမားမာရာဒိုနာသည် ဘောလုံးကစားသမားဘဝမှ အနားယူပြီးနောက် ၁၉၉၄ ခုနှစ်မှစ၍ နည်းပြလောကထဲသို့ ဝင်ရောက်ခဲ့သူဖြစ်သည်။

ယခုအချိန်တွင် မာရာဒိုနာသည် မက္ကဆီကို ဒုတိယတန်းကလပ် ဒိုရာဒို့စ်ဒီဆီနာလိုအာ အသင်းကို နည်းပြအဖြစ် ကိုင်တွယ်ရန် စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။ လက်ရှိအချိန်တွင် အသက်(၅၇)နှစ်ရှိပြီ ဖြစ်သည့် မာရာဒိုနာသည် ကစားသမားဘဝက အောင်မြင်မှုများစွာ ရရှိခဲ့သော်လည်း နည်းပြဘဝတွင် အောင်မြင်မှုမရရှိဘဲ မကြာခဏ ထုတ်ပယ်ခံရခြင်းများ ရှိနေသည်။

မာရာဒိုနာသည် နည်းပြဘဝကို စတင်ဝင်ရောက်ခဲ့သည့်နှစ်တွင် မန်ဒီယူ(၁၉၉၄)၊ ရေးဆင်း(၁၉၉၅)၊ အာဂျင်တီးနား (၂၀၀၈-၂၀၁၀)၊ အယ်လ်ဝက်စ်(၂၀၁၁-၂၀၁၂)၊ ဖူဂျာအီရက်ချ် (၂၀၁၇-၂၀၁၈)တို့ကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

လက်ရှိ မာရာဒိုနာ ပြောင်းရွှေ့ကိုင်တွယ်နေသည့် ဆီနာလိုအာအသင်းသည် မက္ကဆီကို ဒုတိယတန်းလိဂ် Ascenso MX မှ အသင်းဖြစ်ပြီး အဆိုပါလိဂ်တွင် ပြိုင်ပွဲဝင် အသင်းပေါင်း ၁၅ သင်းရှိသည်။






## အေဂျက်ကွင်းလယ်လူ ဒီဂျောင်ကို ပေါင်သန်း ၄၀ ဖြင့်ခေါ်ယူရန် စပါးအသင်းပြင်ဆင်

စပါးအသင်းသည် အသက်(၂၁)နှစ်သာရှိသေးသည့် အေဂျက်အသင်းမှ နယ်သာလန်နိုင်ငံသား ဖရန်ကီ ဒီဂျောင်ကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပေါင်သန်း ၄၀ ပေး၍ ခေါ်ယူရန် ပြင်ဆင်နေကြောင်းသိရသည်။

နယ်သာလန်လက်ရွေးစင် အသင်းတွင်ပါ ရွေးချယ်ခြင်းခံထားရသည့် ဒီဂျောင်သည် လက်ရှိအချိန်တွင် အေဂျက်အသင်း၏ ကွင်းလယ်တွင် ခြေစွမ်းပြနေသူတစ်ဦးဖြစ်သည်။ စပါးအသင်းနည်းပြ ပိုချက်တီနိုက ဒီဂျောင်ကို ခေါ်ယူရန် အလွတ်သဘောတူညီမှုများ ရရှိထားပြီဖြစ်ကြောင်းနှင့် ၎င်းကစားသမားမှာ ပါရမီရှင် ကစားသမားတစ်ဦးဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် စပါးအသင်းသည် ၂၀၁၂ ခုနှစ်က အေဂျစ်အသင်းမှပင် ခေါ်ယူထားသည့် နောက်ခံကစားသမား ဗာတွန်ဂန်ကို စာချုပ်သက်တမ်း တစ်နှစ်တိုးရန် ပြင်ဆင်နေကြောင်း သိရသည်။ ဗာတွန်ဂန်သည် ယခုအချိန်တွင် အသက်(၃၁) ရှိပြီဖြစ်သည်။

ဟန်နေသစ် စုစည်းသည်




## ဇန်နဝါရီ အပြောင်းအရွှေ့တွင် မန်ယူအသင်းမှ ပေါ့ဂ်ဘာထွက်မည်

နည်းပြ မော်ရင်ဟိုနှင့် အဆင်မပြေမှုများဖြစ်နေသည့် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် မန်ယူအသင်းကို စွန့်ခွာတော့မည်ဖြစ်ကြောင်း အတည်ပြုပြော ကြားလိုက်သည်။

လက်ရှိအချိန်တွင် မန်ယူနည်းပြ မော်ရင်ဟိုက မိမိနှင့် ပေါ့ဂ်ဘာတို့မှာ ပြေလည်မှုများ ရရှိထားပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး မကြာမီအချိန်တွင်ပင် ၎င်းကစားသမားက မန်ယူအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ချက်ချလိုက်ပြီ ဖြစ်ကြောင်း ပြောကြားလာခဲ့ခြင်းဖြစ်သည်။

"ခုချိန်မှာ ဘာမှ ရေရေရာရာ ပြောလို့မရသေးပါဘူး။ လက်ရှိအချိန်မှာ ကျွန်တော့်ရဲ့အနာဂတ်ကို မန်ယူအသင်းက ပိုင်ဆိုင်ထားပါတယ်။ အသင်းနဲ့ စာချုပ်သက်တမ်းတိုးဖို့တော့ ကျွန်တော်စောင့်နေတုန်းပါပဲ။ လာမယ့်လ အနည်းငယ်အတွင်းမှာတော့ မန်ယူနဲ့အတူ ကျွန်တော် ပျော်ရွှင်နေဦးမှာပါ"ဟု ပေါ့ဂ်ဘာက Sky Sports နှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားလိုက်သည်။

သို့သော် တခြားထွက်ပေါ်လာသည့် သတင်းများအရ နည်းပြ မော်ရင်ဟိုက ပေါ့ဂ်ဘာကို ချုပ်ချယ်ထားခြင်းမရှိဘဲ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ကြောင်းနှင့် အသင်းပြောင်းလိုက ပြောင်းနိုင်ကြောင်း ပြောကြားထားသည်ဟုဆိုသည်။ ပေါ့ဂ်ဘာသည် ပြီးခဲ့သည့် နွေရာသီအပြောင်း အရွှေ့ကာလကပင် ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ရန် ကြိုးစားခဲ့ဖူးပြီး မော်ရင်ဟိုက ၎င်းအား အသင်းမှ ထွက်ခွာခွင့်မပြုခဲ့ခြင်းကြောင့်သာ မန်ယူအသင်းတွင် ဆက်ရှိနေခြင်းဖြစ်သည်။ အခြားတစ်ဖက်တွင် မန်ယူအသင်းမှ ထုတ်ပယ်ခံရရန် နီးစပ်နေသည့် နည်းပြ မော်ရင်ဟို၏နေရာတွင် အင်္ဂလန်နှင့် ချယ်လ်ဆီးကစားသမားဟောင်း ဂျွန်တယ်ရီနှင့် အစားထိုးရန် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

# မြောက်ဒဂုံမြို့နယ်တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် မုန့်မျိုးစုံ ရောင်းချသော အိမ်ဆိုင်ကြီးများအား ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဩဂုတ် ၂၉ ရက်တွင် စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးနှင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ထုတ်ကုန်ပစ္စည်းများအား လုံခြုံစိတ်ချရမှုရှိစေရန်အတွက် အရှေ့ပိုင်းခရိုင်၊ မြောက်ဒဂုံမြို့နယ်အတွင်းရှိ စားသောက်ကုန်ပစ္စည်းများနှင့် မုန့်မျိုးစုံရောင်းချနေသော ရပ်ကွက်အိမ်ဆိုင်ကြီးများအား ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြပါသည်။

ကွင်းဆင်းစစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တားမြစ်ထား သောစားသောက်ကုန် အမှတ်တံဆိပ်များ၊ မုန့်များရောင်းချခြင်း ရှိ/မရှိ၊ မိုးရာသီတွင် ဖြစ်ပေါ်တတ်သော သတ်မှတ်ရက်ထက်ကြိုပြီး မှိုတက်နေသည့် မုန့်များကို ကြည့်ရှုစစ်ဆေးရန်၊ သက်တမ်းလွန် (expired date)နေသော မုန့်များကို ဆိုင်ပေါ်တွင် ခင်းကျင်းပြသရောင်းချခြင်းမပြုရန်၊ နေ့စဉ်စစ်ဆေးဖယ်ရှားပေးရန်၊ နောက်နောင်တွင် ကုန်ပစ္စည်းနှင့် စားသောက်ကုန်၊ မုန့်မျိုးစုံတို့တွင် ကုန်စည်ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်များအား မြန်မာဘာသာဖြင့် ရေးထားသော စာပါမှသာ ရောင်းချပေးနိုင်ရေးနှင့် စားသုံးသူပြည်သူများ မဖတ်တတ်၍ နားမလည်သောစာများဖြင့် ရေးသားထားသည့် စားသောက်ကုန်ပစ္စည်းနှင့် မုန့်မျိုးစုံများကို ရောင်းချခြင်းမပြုရန် အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ပြီး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရပါသည်။ **အေးအေးမော်**



## မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂) ရပ်တို့၏ (၄/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၄/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝဏ္ဏကျော် (ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန) က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်အောင်သွင်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း လုပ်ငန်းဆောင်ရွက်ရန်လျာထားချက်များ၊ ဩဂုတ်လအတွင်း လုပ်ငန်းဆောင်ရွက်မှုများ၊ မွန်ပြည်နယ် CICC သို့ တိုင်ကြားလာသည့် ကိစ္စရပ်များ၊ Online Shopping ကိစ္စတိုင်ကြားမှုများ၊ တိုင်ကြားလာမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်မှုများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရမည့်အချက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် မွန်ပြည်နယ် ဥပဒေအရာရှိနှင့် စားသုံးသူကိုယ်စားလှယ်တို့မှ Online Shopping ကိစ္စတိုင်ကြားမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးတွင် ဆုံးဖြတ်ရမည့် အချက်များအား တက်ရောက်လာသူများမှ အပြန်အလှန်ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

အစည်းအဝေးသို့ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီ (၂) ရပ်တို့မှအတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ကြပါသည်။ **မိုးမိုး (မွန်)**

စာမျက်နှာ (၈) ကုန်သွယ်မှုရလဒ်ကောင်းများ ဖော်ဆောင်နိုင်ခဲ့သည့် ...... မှအဆက်

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ဇွန်လအတွင်း နိုင်ငံတော်သမ္မတကြီး၏ ထိုင်းနိုင်ငံ ခရီးစဉ်တွင် ဆွေးနွေးသဘောတူခဲ့သည့် ၂၀၂၂ ခုနှစ်တွင် လက်ရှိ ကုန်သွယ်မှုထက် နှစ်ဆမြှင့်တင်နိုင်ရေးအား ဆောင်ရွက်နိုင်ရေးအတွက် WTO နှင့် ASEAN စည်းမျဉ်းစည်းကမ်းများအရ မြန်မာ့ပို့ကုန်များဖြစ်သည့် ကြက်သွန်နီပျိုးပင်ပေါက် (Shallot)၊ ကြက်သွန်နီ (Onion)၊ အာလူး၊ ပြောင်းနှင့် မြေပဲဆံ တို့အပေါ် ထိုင်းနိုင်ငံအနေဖြင့် Duty Free, Quota Free များဖြင့် ဈေးကွက်ဝင်ရောက်ခွင့်ပြုရေးတို့ကို ထိုင်းနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ရာ ထိုင်းနိုင်ငံဘက်မှလည်း သဘောတူလက်ခံခဲ့ ပါတယ်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပိုမိုတိုးမြှင့်စေရေးအတွက် အဆင့်မြှင့်တင်ရေး၊ မြန်မာ့ပို့ကုန်အသစ်ဖြစ်တဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ ဈေးကွက်ပိုမိုရရှိရေး၊ နှစ်နိုင်ငံ (Standard Operating Procedures- SOP)များ ထားရှိရေး၊ မြန်မာနိုင်ငံအနေဖြင့် Form-D အပါအဝင် အခြားအကောက်ခွန်သက်သာခွင့်ဆိုင်ရာ အခွင့်အရေးများကို အပြည့်အဝ ခံစားခွင့်ရရှိရေးတို့ကို မြန်မာနိုင်ငံမှ တောင်းဆိုခဲ့မှုများအား ထိုင်းနိုင်ငံအနေဖြင့် သဘောတူ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့ပါတယ်။

အလားတူ ကုန်သွယ်မှုနှင့် ဆက်စပ်သော ကိစ္စရပ်များအနေနဲ့ မြန်မာနိုင်ငံသို့ တင်ပို့လိုသော အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် Pest Risk Analysis (PRA) ပေးပို့ပေးရေးကိစ္စ၊ မြန်မာ့ပို့ကုန်များအား ချင်းမိုင်အစား မဲဆောက်တွင် ဓာတ်ခွဲစမ်းသပ်နိုင်ရေးတို့ကိုလည်း ညှိနှိုင်းနိုင်ခဲ့ပါတယ်။ မြန်မာ့ပို့ကုန်များကို ထိုင်းနိုင်ငံမှတစ်ဆင့်ဖြတ်သန်း၍ တတိယနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် တစ်ဆင့်သယ်ပို့စနစ် (Transit Trade)ဖြင့် တင်ပို့နိုင်ရေးအတွက်လည်း ညှိနှိုင်းဆွေးနွေးသဘောတူညီမှု ရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံသို့ တင်ပို့နေသော တတိယနိုင်ငံမှ တင်သွင်းသည့်ယာဉ်၊ ယန္တရားများနှင့် အသုံးပြုပြီး လျှပ်စစ်ပစ္စည်းအဟောင်းများအား နှစ်နိုင်ငံ လိုက်နာဆောင်ရွက်ရမည့် BASEL Convention အရ တင်ပို့ခြင်းမပြုရေးကိုလည်း ထိုင်းနိုင်ငံဘက်သို့ ညှိနှိုင်းတောင်းဆိုရာ ထိုင်းနိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လက်ခံသဘောတူညီခဲ့ပါတယ်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အန္တရာယ်ရှိသော ကုန်စည်များ၊ တားမြစ်ထားသော အရက်၊ ဘီယာ၊ ကွမ်းစားဆေး စသောကုန် စည်များအား တစ်ဆင့်ခံ ကုန်သွယ်မှုနည်းလမ်းအရဖြစ်စေ၊ နယ်စပ်ကုန်သွယ်မှု နည်းလမ်းအရဖြစ်စေ ကုန်သွယ်မှု မပြုရေး၊ နှစ်နိုင်ငံတရားဝင် သတ်မှတ်ထားသည့် နယ်စပ်ပေါက်များ ချစ်ကြည်ရေးတံတားများမှ ကုန်သွယ်မှုပြုရေး ပူးပေါင်းဆောင်ရွက်ရန်လည်း ထိုင်းနိုင်ငံဘက်မှလည်း သဘောတူညီခဲ့ပါတယ်။

ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ ဥပဒေနှင့်အညီ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ညှိနှိုင်းဆွေးနွေး သဘောတူညီခဲ့ပါတယ်။ နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ ကျင်းပသည့် ကုန်စည်ပြပွဲများနှင့် One Township One Product (OTOP) ဈေးရောင်းပွဲတော်များ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ ပြဋ္ဌာန်းချက်များအရ ကုန်စည်များ တင်သွင်း/ တင်ပို့ခြင်းအပေါ် တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ သုံးစွဲပုံနှင့်ပတ်သက်သော သတင်း အချက်အလက်(သို့မဟုတ်) ညွှန်ကြားချက်များကို ပါဝင်ပစ္စည်းများနှင့် သုံးစွဲရန် အညွှန်းတို့ကို ရေးသားဖော်ပြရန် ကိစ္စရပ်များအား ထိုင်းနိုင်ငံဘက်သို့ အသိပေးပြောကြားခဲ့ပါတယ်။

ထို့အပြင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုစာရင်းဇယားများတိကျမှန်ကန်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာ-ထိုင်းနယ်စပ် ဒေသတွင်ရှိသော ကုန်သွယ်ရေးစခန်းများဖြစ်သည့် မြဝတီ-မဲဆောက်- တာချီလိတ်- မဲဆိုင်တို့တွင် လစဉ်အလှည့်ကျ အောက်ခြေအဆင့်ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရေးနှင့် ကုန်သွယ်မှုသတင်းအချက်အလက်များ ဖလှယ်နိုင်ရေးတို့ကိုလည်း ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြပါတယ်။

မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ (JBTC) အစည်းအဝေး ကျင်းပခြင်းကြောင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေး စသည့် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေရေးတို့ကို ဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ထိုင်းနိုင်ငံသို့ လွယ်ကူချောမွေ့စွာ AEC သတ်မှတ်ချက်ပါအတိုင်း Duty Free ၊ Quota Free ဖြင့် တင်ပို့နိုင်မှာလည်း ဖြစ်ပါတယ်။ အစည်းအဝေး ဆွေးနွေးချက်အရ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍမှ နိုင်ငံတော်အတွက် အခွန်အခများ တိုးတက်ရရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ယခုလို ဆောင်ရွက်နိုင်ခြင်းကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ (JBTC) အစည်းအဝေး ကျင်းပဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ခြင်းတို့ကြောင့် မိမိတို့နိုင်ငံသားများအတွက် အကျိုးရှိသော အစည်းအဝေးတစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

စာမျက်နှာ (၂၇) ပြောင်းလဲစိုက်ပျိုးရန် ...... မှအဆက်

ထိုကြောင့်ပင် ထာဝရမိတ်ဆွေမရှိ၊ အကျိုးစီးပွားဖက်သော ဆက်ဆံရေးသာရှိသည်ဟု ဆိုကြဟန်ထင်သည်။

သက်ဆိုင်ရာဌာနများမှလည်း မြန်မာလယ်သမားများ ဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် ဈေးကွက်တင်ပို့ ရောင်းချနိုင်ရေးကြိုးစားဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာ့ပဲမျိုးစုံအား အနည်းငယ် တင်သွင်းခွင့်ပြုခဲ့ကြသည်။ အမျိုးအားဖြင့် တရားမဝင်နည်းလမ်းများ အသုံးပြု၍ မြန်မာကုန်သည်များထံမှ အဆမတန်ဈေးနှိမ်ကာ ဝယ်ယူတင်သွင်းမှုကပိုမိုများပြားခဲ့သည်။ ထို့ကြောင့်ပင် မြန်မာ့လယ်သမားများ၊ လုပ်ငန်းရှင် ကုန်သည်များစွာသည် မိအေးနစ်ခါနာ ဖြစ်ခဲ့ကြသည်။ စိုက်ချိန်ကာလလည်း ရှုံး၊ ပေါ်ပြန်တော့လည်း ဈေးနှိမ်ခံ၍ ရှုံးခဲ့ကြရသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် အခြားနိုင်ငံများ၏ ဝယ်လိုအားကို ယုံကြည်၍ ပုံမှန်သီးနှံများကို စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းဝယ်နေသည့်အစား မိမိဒေသ၊ ရာသီဥတု၊ ဈေးကွက်ဝယ်လိုအား၊ အကျိုးအမြတ် စသည်တို့နှင့် ချိန်ထိုး၍ လယ်ယာထွက်ကုန် သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ပါသည်။ မည်သည့်သီးနှံကို ပြောင်းလဲစိုက်ပါဟု မဆိုလိုပေ၊ မိမိတွင် ရှိသည့် အရင်းအနှီးကို အသုံးပြု၍ တွက်ခြေကိုက် အကျိုးအမြတ်ရရှိမည့် သီးနှံများကို ပြောင်းလဲ စိုက်ပျိုးရန် ဆိုလိုခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့မြေကြီးက ရွှေသီးဖို့အတွက် အချိန်ကုန်၊ ငွေကုန်၊ လုပ်အားကုန်ခြင်း အတူတူ၊ ဈေးကောင်းမရ၊ အကျိုးအမြတ် နည်းပါးသော သီးနှံများနေရာတွင် ဈေးကောင်းလည်းရ၊ ဈေးကွက်လည်း ရေရှည်ခိုင်မာ၊ အကျိုးအမြတ်လည်းများသော အခြား လယ်ယာထွက်ကုန်သီးနှံ များကို ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် မိမိအတွက်လည်း စီးပွားရေးပြေလည်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်ပါကြောင်း စေတနာရှေ့ထား၍ တိုက်တွန်းဖော်ပြအပ်ပါသည်။

# pm;oHk;olumuG,fa&;Oya'ESifh quf oG,fa&;Oya'rsm;ESifh nD vkdufm&rnfh quf oG,fa&;0efaqmifrIvkyfief;rsm;

**ယခင်တစ်ပတ်မှအဆက်**

| ရီလင်းထွဋ်(မုံရွာ) |

အာမခံချက်ပေးထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ပေးရန် ပျက်ကွက်ခြင်း၊ ထုတ်လုပ်သည့်နိုင်ငံ၊ အမှတ်တံဆိပ်များ မမှန်မကန်ဖော်ပြခြင်းများအတွက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားမှုပြုသည့်အနက် မိုဘိုင်းဖုန်း Hand Set အ မျိုးမျိုးရောင်းဝယ် ပြုပြင်ရေးလုပ်ငန်းများ မကြာခဏ ပါဝင်လာသည်ကို တွေ့ရသဖြင့် အဆိုပါလုပ်ငန်းများသည် ရောင်းချပြီးနောက် ပေးရမည့် ဝန်ဆောင်မှု After Sale Service တွင် အားနည်းလျက်ရှိသည်ကို တွေ့ရပါသည်။ စားသုံးသူဘက်က သတိပြုရန်မှာပစ္စည်း အသစ်ဝယ်ယူရာတွင်ဖြစ်စေ၊ ပြုပြင်အပ်နှံရာတွင်ဖြစ်စေ အာမခံသက်တမ်း၊ အာမခံကတ်၊ သဘောတူညီချက်ပါဝင်သောပြေစာ အထောက်အထားများကို လက်ဝယ်ရရှိအောင် တောင်းဆိုရမည် ဖြစ်ပါသည်။

ထိုသို့တိုင်ကြားနိုင်သော်လည်း စားသုံးသူ၏ တာဝန်များအနက် စီးပွားရေးလုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍မဟုတ်မမှန် စွပ်စွဲပြောဆိုမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ရမည်ဟု စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် စားသုံးသူ၏ အခွင့်အရေးအပြင် တာဝန်များကို သတ်မှတ်ထားရှိပါသည်။

ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ်များအား ဆက်သွယ်ရေးဥပဒေနှင့်အညီ စိစစ်၍ လိုင်စင်များ ခွင့်ပြုပေးရာ ဆက်သွယ်ရေး အော်ပရေတာများ အပါအဝင် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိထားသူများသည် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်ကိစ္စအား အဆိုပါလုပ်ငန်း လိုင်စင်များတွင် ထည့်သွင်းဖော်ပြထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များသည် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအခန်း (၆) တွင် ဖော်ပြပါရှိသည့် စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များကို လိုက်နာဆောင်ရွက်သွားရန်နှင့် ဥပဒေအခန်း (၇) တွင်ဖော်ပြပါရှိသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များကို ဆောင်ရွက်ခြင်း မပြုရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားထားသည်ကို တွေ့ရပါသည်။

စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအနက် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များနှင့် အဓိက သက်ဆိုင်သည့် အချက်များမှာ -

- ဝန်ဆောင်မှုအပေါ် ရှင်းလင်းမှန်ကန်သော သတင်းအချက်အလက်များ ပေးခြင်း။
- ဝန်ဆောင်မှုကို ဝယ်ယူခြင်းမပြုမီ စားသုံးသူများအား စမ်းသပ်နိုင်သည့်အခွင့်အရေးပေးခြင်း။
- ဝန်ဆောင်မှုကို သုံးစွဲခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ အာမခံချက်ပေးအပ်ထားသည့်အတိုင်း တာဝန်ယူ ဆောင်ရွက်ပေးခြင်း။
- ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်ရာတွင် သဘောတူညီထားသော သဘောတူညီချက် သို့မဟုတ် စာချုပ်ပါ ဝန်ခံကတိအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ခြင်း။

စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များအနက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များနှင့် အဓိက သက်ဆိုင်သည့်အချက်များမှာ-

- သက်ဆိုင်ရာ ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် တွင် ဖော်ပြထားသော အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ ကာလသတ်မှတ်ချက်၊ အကျိုးသက်ရောက်မှုတို့နှင့် ကိုက်ညီမှုမရှိသောဝန်ဆောင်မှုများ မပြုလုပ်ရန်။
- ကြော်ငြာနှင့် အရောင်းမြှင့်တင် ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှု မရှိသော ဝန်ဆောင်မှုများ မပြုလုပ်ရန်။
- အသုံးပြုသူအား ထင်ယောင်ထင်မှား ဖြစ်စေရန် ရည်ရွယ်၍ ရောင်းချရန် ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်း မပြုလုပ်ရန်။
- သတင်းအချက်အလက် အပြည့်အစုံခိုင်မာမှု မရှိဘဲ ချဲ့ကားဖော်ပြမှုများကို အသုံးပြုခြင်း မပြုလုပ်ရန်၊
- ဝန်ဆောင်မှုအား အရောင်းမြှင့်တင်ရောင်းချခြင်းမပြုမီ ဝန်ဆောင်မှု၏ ဈေးနှုန်းများကို တိုးမြှင့်ခြင်း မပြုရန်၊
- ဝန်ဆောင်မှုကို သတ်မှတ်ထားသော ကာလအတွင်းရောင်းချရန် သို့မဟုတ် ကမ်းလှမ်းထားသော၊ အရောင်းမြှင့်တင်ထားသော၊ ကြော်ငြာထားသော ပမာဏ၊ အရေအတွက်အတိုင်း ရောင်းချရန်အစီအစဉ်မရှိဘဲ ယင်းတို့ကို အချိန်ကာလတစ်ခုအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချရန်ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်း သို့မဟုတ် ကြေညာခြင်း မပြုလုပ်ရန်။
- အခမဲ့ဝန်ဆောင်မှုပေးရန် ကတိပြုထားသော်လည်း အမှန်တကယ်ပေးအပ်နိုင်ခြင်းမရှိပါက ဝန်ဆောင်မှုကို ရောင်းချရန်ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်း သို့မဟုတ် ကြော်ငြာခြင်း မပြုလုပ်ရန်။
- ဝန်ဆောင်မှုနှုန်းထား၊ ဝန်ဆောင်မှုကို ပေးအပ်နိုင်သည့် အချိန်တို့နှင့် စပ်လျဉ်း၍ စားသုံးသူများအား လိမ်လည်ထားသော ကြော်ငြာများ မပြုလုပ်ရန်။
- ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မဟုတ်မမှန်သော သတင်းအချက်အလက်များ ပါဝင်သည့် ကြော်ငြာများ စသည့်တားမြစ်ချက်များကို ဆောင်ရွက်ခြင်းမပြုရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကလည်း အသိပေး ထုတ်ပြန်ထားသည်ကို တွေ့ရပါသည်။

# လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်း မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ် (SOP) သတင်းလွှာ (၂/၂၀၁၈) ထုတ်ပြန်

(ယခင်တစ်ပတ်မှအဆက်)

**လက်လီရောင်းချခြင်းဖြစ်ပါက**

၁၅။ ကုန်ပစ္စည်းရောင်းချသည့် ဆိုင်တစ်ဆိုင်ချင်း၏ အကျယ်အဝန်းသည်စတုရန်းမီတာ ၉၂၉ နှင့် အထက်ရှိရမည်ဖြစ်ပြီး ဆိုင်အဆောက်အအုံအတွင်းရှိ ရုံးခန်းနေရာငယ်နှင့် သိုလှောင်ခန်းတို့ကို ထည့်သွင်း တွက်ချက်နိုင်သည်။ သို့သော် အဆောက်အအုံပြင်ပရှိ ရုံးခန်း၊ သိုလှောင်ရုံနှင့် ကားပါကင်နေရာများကို ထည့်သွင်းတွက်ချက်ခွင့်မပြုပါ။

၁၆။ ကုန်တိုက်(Shopping mall) ဖွင့်လှစ်မည်ဆိုပါက အကျယ်အဝန်းသည် စတုရန်းမီတာ ၉၂၉ အထက်ရှိ ကုန်တိုက်ဖွင့်လှစ်ရန်အတွက် လျော်ညီသော အကျယ်အဝန်းဖြစ်ရမည်။ ကုန်တိုက် ပိုင်ဆိုင်သူ သို့မဟုတ် ကုန်တိုက်ဖွင့်လှစ်ရောင်းချသူသည် လက်လီရောင်းချခွင့်မှတ်ပုံတင် ရမည်ဖြစ်ပြီး ကုန်တိုက်အတွင်းရောင်းချသည့် ဆိုင်ခန်းတစ်ဦးချင်းအနေဖြင့် သီးခြားမှတ်ပုံတင်ရန် မလိုပါ။ သို့သော် ကုန်တိုက်အတွင်းရှိ ဆိုင်ခန်းများမှ ၎င်းတို့ရောင်းချမည့် ကုန်ပစ္စည်းအား ပြည်ပမှ တင်သွင်းလိုပါက လက်လီရောင်းချခွင့်မှတ်ပုံတင်ရရှိသည့် ကုန်တိုက်အမည်ဖြင့်လည်းကောင်း၊ ကိုယ်တိုင်တင်သွင်းလိုပါက လက်လီရောင်းချခွင့်မှတ်ပုံတင်ရရှိသည့် ကုန်တိုက်တာဝန်ရှိသူ၏ ထောက်ခံချက်ဖြင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်၍လည်းကောင်း ဆောင်ရွက်နိုင်သည်။

**လက်ကားရောင်းချခြင်းဖြစ်ပါက**

၁၇။ လက်ကားရောင်းချမည့် ကုန်ပစ္စည်းအုပ်စုအပေါ်မူတည်၍ လက်ကားရောင်းချနိုင်ရန် လုံလောက်သည့ဧရိယာဆိုင်အကျယ် အဝန်းရှိရမည်။ သိုလှောင်ရုံမှ ကုန်ပစ္စည်းကို တိုက်ရိုက် လက်ကားဖြန့်ဖြူးခြင်းကိစ္စရပ်တွင် သိုလှောင်ရုံသည် လက်ကားဖြန့်ဖြူးခြင်းအတွက် သင့်တော် သည့်နေရာတွင် ရှိရမည်။

၁၈။ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးမည့် တည်နေရာနှင့် အကျယ်အဝန်း မှန်ကန်မှု ရှိ မရှိ၊ သင့်တော်မှု ရှိမရှိနှင့်ပတ်သက်၍ စိစစ်ရာတွင် Business Plan တွင် တင်ပြပါအချက် အလက်များသည် သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက်ပါအချက် အလက်များနှင့် ကွဲလွဲခြင်း သို့မဟုတ် တည်နေရာ၊ အကျယ်အဝန်းအပေါ် သံသယဖြစ်ပါက သက်ဆိုင်ရာတာဝန်ရှိသည့ဌာနများမှ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစိစစ်မည်ဖြစ်သည်။

**အခန်း(၅)**

**ဆိုင်အသစ် တိုးချဲ့ဖွင့်လှစ်ခြင်း**

၁၉။ လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီအုပ်စု **က၊ ခ ၊ ဂ နှင့် ဃ** အမျိုးအစားအားလုံးသည် ဆိုင်အသစ်တိုးချဲ့ဖွင့်လှစ်မည်ဆိုပါက ဖွင့်လှစ်ခြင်းမပြုမီ ရက်ပေါင်း (၉၀)အတွင်း ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာနသို့လိပ်မူ၍ စာဖြင့် ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ပါရုံးနေရာများ၌ ဖော်ပြပါ အချက်အလက်များနှင့်တကွတင်ပြရမည်-

(က) **လျှောက်ထားနိုင်သည့် ရုံးနေရာ**

(၁) ရန်ကုန်မြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)၊

(၂) မန္တလေးမြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)၊

(၃) နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊

(ခ) **ပါဝင်ရမည့် အချက်အလက်/အထောက်အထား**

(၁) တိုးချဲ့ဖွင့်လှစ်မည့်ဆိုင်အသစ်(များ)၏ တည်နေရာနှင့် အကျယ်အဝန်း

(၂) ဆိုင်အသစ် တိုးချဲ့ဖွင့်လှစ်မည့် အမည်သည် ယခင်ဖွင့်လှစ်သည့်အမည်နှင့် မတူညီပါက ဖွင့်လှစ်မည့်ဆိုင် အမည်နှင့်အတူ Business Plan၊

(၃) သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၏ ထောက်ခံချက်၊

၂၀။ ကုမ္ပဏီအုပ်စု **က၊ ခ နှင့် ဂ** အမျိုးအစားသည် ဆိုင်အသစ် တိုးချဲ့ဖွင့်လှစ်မည်ဆိုပါက အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈အရ သတ်မှတ်ထားသော ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ဆိုင်အကျယ်အဝန်း တို့နှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ရမည်။

ဆက်လက်ဖော်ပြပါမည်

# ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တရုတ်နိုင်ငံ၏ သတ္တမအကြိမ်မြောက် ကုန်သွယ်မှု မူဝါဒဆန်းစစ်မှု အစည်းအဝေးကောက်နုတ်ချက်

လွင်မျိုးဇော်

တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ၁၉၇၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၈ ခုနှစ်သည် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည့် နှစ် (၄၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ၂၀၀၁ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အဖွဲ့ဝင်သက်တမ်း ၁၇ နှစ်အတွင်းသို့ရောက်ရှိခဲ့ကာ ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်တွင် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ ဖန်တီးပေးနိုင်ခဲ့သည့်အပြင် ၎င်း၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မိတ်ဖက်နိုင်ငံများအတွက် ထင်သာမြင်သာရှိသည့် အကျိုးအမြတ်များကို ခွဲဝေပေးနိုင်ခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဖြစ်လာပြီးနောက် ကုန်စည် တင်သွင်းမှုတွင် ၁၃ဒသမ၅ ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးတက်ခဲ့ပြီး ဝန်ဆောင်မှုကဏ္ဍတင်သွင်းမှုတွင် ၁၆ ဒသမ ၇ ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးတက်လာခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် Trade Deficit အဖြစ် အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ပြည်ပကုန်စည်ကုန်သွယ်မှုတန်ဖိုးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ ၄၄ ရာခိုင်နှုန်းအထိ ပါဝင်ထားပြီး အမေရိကန်ပြည်ထောင်စုမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ၏ရောင်းအားမှာ ၂၀၀၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅ဘီလီယံသာရှိရာမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀၀ ဘီလီယံအထိ ရောက်ရှိခဲ့ကာ နှစ်စဉ်တိုးတက်မှု ရာခိုင်နှုန်းမှာ ၁၅ဒသမ၈ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့ ကုန်သည်ကြီးများ အသင်း၏ နောက်ဆုံးစစ်တမ်းအရ ဥရောပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၇ ခုနှစ်တွင်လည်း ဆက်လက် တိုးတက်ခဲ့ကြောင်းကိုလည်း သိရသည်။

တရုတ်နိုင်ငံမှ ကုမ္ပဏီများသည် ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီများအဖြစ်သို့ ကူးပြောင်းကာ ကမ္ဘာ့နိုင်ငံများရှိ ၎င်းတို့၏မိတ်ဖက် ကုမ္ပဏီများနှင့် ပိုမိုပူးပေါင်းလျက် နှစ်ဦးနှစ်ဖက်အတွက် အကျိုးအမြတ်များကို ပြုလုပ်ပေးနိုင်ခဲ့သည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သော ငါးနှစ်မှစ၍ Belt and Road မဟာဗျူဟာ စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်ခဲ့ကာ ၂၀၁၇ ခုနှစ်အထိ ကမ္ဘာအနှံ့အပြားတွင် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းဇုန်ပေါင်း ၇၅ ခုအထိ တရုတ်ကုမ္ပဏီများအနေဖြင့် ပူးပေါင်းထူထောင်ခဲ့သည်။ ယင်းပူးပေါင်း ဆောင်ရွက်မှုမှတစ်ဆင့် အလုပ်အကိုင်ပေါင်း ၂၂၀၀၀၀ ခန့်ကိုဖန်တီးပေးနိုင်ခဲ့ပြီး အခွန်အကောက်အနေဖြင့် အမေရိကန် ဒေါ်လာ ၁ဒသမ၆ ဘီလီယံကို ပေးဆောင်နိုင်ခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့ပေးမှုများကိုလည်း အစဉ်တစိုက် ပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်အထိ သွင်းကုန်အတွက် အကောက်ခွန်လိုင်းပေါင်း ၉၀၀ ကျော်အား အကောက်ခွန်နှုန်းထား လျှော့ချပေးခဲ့ကြောင်း၊ Boao စီးပွားရေး ဖိုရမ် ကျင်းပပြီးစီးပြီးနောက် ၂၀၁၈ ခုနှစ်၊ မေလနှင့် ဇူလိုင်လများ တွင် အကောက်ခွန်လိုင်းပေါင်း ၁၇၀၀ အတွက် အကောက်ခွန်နှုန်းထား လျှော့ချပေးခဲ့ကြောင်း၊ မော်တော်ယာဉ်တင်သွင်းမှုအတွက် MFN အကောက်ခွန်နှုန်းထား ၂၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ မော်တော်ယာဉ် အပိုတင်သွင်းမှုအတွက် MFN အကောက်ခွန်နှုန်းထား ၂၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိသို့လည်းကောင်း လျှော့ချပေးခဲ့ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် Negative List စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပြီး ၎င်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းများကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ကန့်သတ်မှုကို ၆၃ ခုမှ၄၈ ခုအထိ လျှော့ချပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် ဘဏ်လုပ်ငန်းများကို ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက် ပိုင်ဆိုင်မှုပမာဏ ၁၀၀ ရာခိုင်နှုန်းအထိ ခွင့်ပြုထားကြောင်း၊ အာမခံကဲ့သို့အခြားသော ဘဏ္ဍာရေး လုပ်ငန်းများအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုပမာဏ ၅၁ ရာခိုင်နှုန်းအထိ ခွင့်ပြုထားပြီးလာမည့် ၂၀၂၁ ခုနှစ်မှစ၍ ဘဏ္ဍာရေးကဏ္ဍအောက်ရှိ လုပ်ငန်းများအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းအထိ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းတို့ကိုလည်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ Trade Facilitation Agreement (TFA) အားလိုက်ပါဆောင်ရွက်ရာတွင် လုပ်ငန်းအမျိုးအစား (A)အတွက် ၉၄ဒသမ၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်သွားရန် ကတိကဝတ်ပေးခဲ့သည်။ သွင်းကုန်အတွက် အကောက်ခွန်ရှင်းလင်းခြင်းများကို ၂၀ နာရီထက်မပိုဘဲ အပြီးဆောင်ရွက်လျက်ရှိပြီး ပို့ကုန်အတွက် အကောက်ခွန်ရှင်းလင်းခြင်းများကို နှစ်နာရီအတွင်းအပြီး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း လိုက်နာ ဆောင်ရွက်လျက်ရှိသည့် Single Window စနစ်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက် ဆောင်ရွက်လျက်ရှိပြီး Pilot Free Trade Zones (PFTZs) အမျိုးအစားများကို အရှိန်အဟုန်မြှင့်ကာ တည်ဆောက်လျက်ရှိသည်။ (မှတ်ချက် - PFTZs Shanghai Free trade Zone အဖြစ်လည်းခေါ်ဆိုကြပြီး ၎င်းတွင် ရင်းနှီးမြှုပ်နှံမည့် ပြည်ပကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု Capital အား Registration ပြုလုပ်ရန် မလိုအပ်ခြင်း၊ လာရောက်ရုံးခန်း ဖွင့်လှစ်ရန် မလိုအပ်ခြင်း စသောအခြေအနေများဖြင့် ခွင့်ပြုထားခြင်း ဖြစ်ပါသည်။)

> သွင်းကုန်အတွက်အကောက်ခွန်
> ရှင်းလင်းခြင်းများကို ၂၀နာရီထက်မပိုဘဲ
> အပြီးဆောင်ရွက်လျက်ရှိပြီးပို့ကုန်
> အတွက်အကောက်ခွန်
> ရှင်းလင်းခြင်းများကိုနှစ်နာရီအတွင်း
> အပြီးဆောင်ရွက်လျက်ရှိသည်။
> နိုင်ငံတကာမှသတ်မှတ်ထားသော
> စံချိန်စံညွှန်းများအတိုင်း......

ကုန်သွယ်မှုမူဝါဒဆန်းစစ်သည့် ကာလအတွင်း၌ တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ကြောင်း၊ Value Added Tax (VAT) ဆိုင်ရာ စည်းမျဉ်းများကို ပိုမိုရှင်းလင်း လွယ်ကူ ဆောင်ရွက်ခြင်းနှင့် Intellectual Property Right (IPR) နှင့် ပတ်သက်သော ဥပဒေများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ အမေရိကန် ကုန်သည်ကြီးများအသင်းမှ ထုတ်ပြန်သော စက္ကူဖြူစာတမ်းတွင် တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ဆောင်ရာ၌ IPR ဆိုင်ရာ အခက်အခဲမှာ အဆင့် (၁၂) အဖြစ်သာ တွေ့ရှိကြောင်း ဖော်ပြထားရာ IPR မှာ တရုတ်နိုင်ငံတွင် တွေ့ရှိရသော အဓိက ပြဿနာ မဟုတ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်ဖြစ်ပြီးနောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံ ကုန်သွယ်မှုစနစ်ကို အစဉ်တစိုက် ထောက်ခံအားပေးခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများကိုလည်း လိုက်နာခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံ ကုန်သွယ်မှုမှာခြိမ်းခြောက်မှုများဖြင့် ရင်ဆိုင်နေရသည်။ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ Appellate Body (AB) အတွက် အဖွဲ့ဝင်များကို ခန့်မှန်းနိုင်ရေးနှင့်ပတ်သက်၍ ပိတ်ဆို့ထားမှုကို ပြင်းထန်စွာ ကန့်ကွက်နေပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံ၃၆ နိုင်ငံအတွက် တရုတ်နိုင်ငံမှ ကုန်စည်အကောက်ခွန်လိုင်းပေါင်း ၉၇ ရာခိုင်နှုန်းအား အခွန်လုံးဝကောက်ခံခြင်းမရှိဘဲ အခွင့် အရေး ပေးအပ်ထားသည်။ ကုန်သွယ်မှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၃ဒသမ၂ သန်းကို ၂၀၁၁ ခုနှစ်မှစ၍ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့သို့ ပေးအပ်ခဲ့ကြောင်း၊ ထို့အပြင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ TFA ဆိုင်ရာ ရန်ပုံငွေသို့အမေရိကန်ဒေါ်လာ တစ်သန်းကို ထည့်ဝင်လှူဒါန်းထားကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံ ကုန်သွယ်မှုစနစ် ဆက်လက် ရှင်သန်ခိုင်မာရေးအတွက် ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အခက်အခဲများနှင့် ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အပြင် ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များကို အတူတကွ ရရှိခံစားနိုင်ရေး အလေးအနက်ထားကာ အနီးကပ်လက်တွဲ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း သိရသည်။

၁၉၇၀ ပြည့်နှစ်နောက်ပိုင်းများတွင် စတင်အကောင်အထည်ဖော်ခဲ့သည့် တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် အတူ တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံများ စာရင်းသို့ရောက်ရှိခဲ့သည်။ တရုတ်နိုင်ငံ၏ စီးပွားရေး အောင်မြင်မှုများကို ကမ္ဘာ့နိုင်ငံများက အားကျအသိအမှတ်ပြုလျက်ရှိပြီး လူဦးရေသန်းပေါင်း ၈၀၀ ကျော်အား ဆင်းရဲတွင်းမှ ကယ်ထုတ်နိုင်ခဲ့ကာ တရုတ်နိုင်ငံ၏ နှစ်စဉ်စီးပွားရေး တိုးတက်မှုနှုန်းမှာ ပျမ်းမျှ ၁၀ ရာခိုင်နှုန်းခန့် ရှိသည်။

၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ကုန်သွယ်မှု သတ္တမအကြီးဆုံးနိုင်ငံ အဖြစ်မှ လက်ရှိအချိန်တွင် ကမ္ဘာ့ကုန်သွယ်မှုအကြီးဆုံး နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စုနှင့် ယှဉ်ပြိုင်လျက်ရှိပြီး ဆယ်စုနှစ်နှစ်ခုအတွင်း၌ ကုန်သွယ်မှုမှာ ဆယ်ဆခန့်အထိ တိုးတက်လာသော်လည်း လူတစ်ဦးချင်း ထုတ်လုပ်နိုင်စွမ်းအရ တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲ နိုင်ငံအဆင့်သာရှိနေပြီး နိုင်ငံသားများအကြား ဝင်ငွေ ကွာခြားချက်မှာလည်း ကြီးမားနေဆဲဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် အကြီးမားဆုံး အတိုင်းအတာဖြင့် လက်ခံရရှိ ဆောင်ရွက်နေသည့်တိုင် လက်ရှိအချိန်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိနေပြီး ယင်းအချိန်များက ရင်းနှီးမြှုပ်နှံထားမှုများမှ အမြတ်အစွန်းရရှိမှုမှာ တဖြည်းဖြည်း ကျုံ့လာလျက်ရှိသည်။ အဓိကတွေ့ကြုံလာရသော အခက်အခဲများတွင် အချို့သောလုပ်ငန်းကြီးများ၌ Excess Capacity ဖြစ်နေခြင်း၊ ပုဂ္ဂလိကနှင့်ပုဂ္ဂလိက မဟုတ်သော Sector များ၏ Lending မှ လျင်လျင်မြန်မြန်ကြီးထွားလာခြင်း၊ အခြားတစ်ဖက်တွင် Saving ပြုလုပ်မှုမှာ ဆက်လက်မြင့်မားနေခြင်း၊ တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပုံစံမှာ သိသိသာသာ ပြောင်းလဲလာပြီး ပြည်တွင်းDemand ပိုမိုများပြားလာကာ ဝန်ဆောင်မှုဆိုင်ရာ သွင်းကုန်များမှာ ကုန်စည်ပို့ကုန်ထက် ပိုမိုကြီးထွားလာနေခြင်းတို့ ပါဝင်ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ဖြေလျှော့မှုများနှင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သဖြင့် တိုးတက်မှုများ ရှိနေသော်လည်း ဆက်လက်ဆောင်ရွက်ရန်အချက်များ ကျန်ရှိလျက်ရှိကြောင်း၊ ယင်းအချက်များတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဆိုင်ရာ Legal Framework မှာ ရှုပ်ထွေးမှုများ ဆက်လက်ရှိနေခြင်း၊ IPR နှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုမရှိသေးဘဲ IPR ဆိုင်ရာ ဥပဒေမှာ ယခင်အကြိမ်ကုန်သွယ်မှုမူဝါဒ ဆန်းစစ် စဉ်ကအတိုင်းရှိနေပြီး IPR ဆိုင်ရာပြဿနာများစွာရှိနေခြင်း၊ Digital ခေတ်တွင်Cross Border Data Flow နှင့် ပတ်သက်၍ သတ်မှတ်စည်းမျဉ်းများမှာ တင်းကြပ်မှုများစွာရှိနေခြင်း၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ အခန်းကဏ္ဍကို လျှော့ချခြင်းမရှိသေးဘဲ မျှတသော ယှဉ်ပြိုင်မှုအတွက် အဟန့်အတားဖြစ်နေခြင်းများ ပါဝင်လျက်ရှိပါကြောင်း သိရသည်။

❑

# WCL WIN CONSULTING LIMITED

***We provide the following services designed to support your business objectives, manage your resources and improve your profitability and competitiveness:***

## BUSINESS ADVISORY

- Risk Management
- Finance Management

## BUSINESS CONSULTING

- New Investors Advisory
- Business Planning and Review
- Project Preparation and Packaging

## ECONOMIC AND FINANCIAL CONSULTING

- Share and Asset Valuation
- Corporate Finance

## TAX , LEGAL AND OTHER SERVICES

- Tax Advisory
- Corporate Tax Services
- Tax Reporting Services
- Tax Compliance Review
- Legal Advisory
- Company Formation Services
- Secretarial Services
- Payroll Tax Services
- Compilation of Financial Information Services
- Representation before Tax and other Government Authorities
- Reviewing Agreements and Contracts
- Liquidation and Closing Down Services
- Investment/SEZ Permit Application Services
- Trade Mark Registration Services

***Contact us: U Win Thin (Chairman), U Win Aung (Vice Chairman), U Myo Min Htwe (Managing Director)***

Office Address : # Room 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Between Anawyahta Street & Mahabandoola Street Pazundaung Township, Yangon Region , Myanmar.
Tel :(951) 245671, 9010343, 9010549, 9010057
Fax : (951) 371607
E-mail : winconsult@myanmar.com.mm, winthin9@myanmar.com.mm
Website : www.winthinassociates.com

# GLORIOUS FAMILYCO.,LTD

**Rattan Island Rattan Home**




shop
No.7, Two Storey Building, Bogyoke Aung San Market, Pabedan Township, yangon. Mobile : 09-250147177
Office & Factory
No.2757, Pyay Htaung Su Road,Industrial Zone(2) South Dagon Tsp, Yangon, Myanmar.
Tel : +95943182929, +959793182929, Fax :(95-1)594187
Email : aya.nanthar@gmail.com, thanzawtun1976@gmail.com

# Golden Yadanar Co., Ltd.

ပြည်တွင်းဖြစ်မီးခံငွေတိုက်တံခါးလုပ်ငန်း

- ပြည်တွင်းဖြစ်မီးခံငွေတိုက်တံခါးများကို ဆိုဒ်၊ အမျိုးစုံ ထုပ်လုပ်လျက်ရှိပါသည်။
- ဈေးနှုန်းအထူးသင့်တော်ရမည်။
- မီးခံငွေတိုက်တံခါးကို (၁) နှစ်အာမခံပါသည်။

Golden Yadanar ကုမ္ပဏီမှ ထုတ်လုပ်သော မီးခံ Vault Door တံခါးများကို ဆိုဒ်အမျိုးစုံ ထုတ်လုပ်ထားပါသည်။

နိုင်ငံခြားအရည်အသွေးအတိုင်း ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ရွှေဆိုင်၊ မိန်ုဘဏ်အတွက် သင့်တော်သော Read Made အခန်း နှင့် Vault Door များကို မှာယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။



အမှတ်(၆၆၉)၊ ဇော်ဂျီလမ်း၊ (၆၄)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ ရန်ကုန်မြို့
09-449254461, 09-421089469, 09-253435337

C B BANK

# INTERNATIONAL TRADE SERVICES
# နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

## Import Services
## သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဓိုးအား ပေးချေခြင်း။
- သဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်းငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည်ဖွင့်လှစ်ပေးခြင်း။

## Export Services
## ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းနှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ / ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သောငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။

## Export/Import Financing
## ပို့ကုန် / သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန်ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

## International Remittance
## အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများဝင်ရောက်ခြင်း။
  **( Inward Remittance )**
- ပြည်ပသို့ ငွေလွှဲများပေးပို့ခြင်း။
  **( Outward Remittance )**

Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

COMMERCE
INTERNATIONAL

# တင်ပါးဆုံအစားထိုးကုသမှုကို ပြန်လည်ပြင်ဆင်ပေးရသည့်အတွက် Johnson & Johnson မှ လျော်ကြေးပေးရန်စီစဉ်

အမေရိကန် ကျန်းမာရေးစောင့်ရှောက်မှုကုမ္ပဏီသည် လွန်ခဲ့သောရှစ်နှစ်က တင်ပါးဆုံ အစားထိုးကုသမှုဆောင်ရွက်ပေးခဲ့ရာမှ ဝေဒနာခံစားခဲ့ရသောလူနာများအား လျော်ကြေးပေးရန် အိန္ဒိယအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း Johnson & Johnson (J&J) ကုမ္ပဏီကပြောသည်။

အိန္ဒိယနိုင်ငံတွင် တင်ပါးဆုံအစားထိုးကုသမှုခံယူခဲ့ရသော လူနာတစ်ဦးလျှင် J&J ကုမ္ပဏီက အနည်းဆုံးရူပီး နှစ်သန်း (အမေရိကန် ဒေါ်လာ ၂၇၈၁၂ ဒေါ်လာ) ပေးရန် ပြီးခဲ့သည့်လက အိန္ဒိယအစိုး၏ အဖွဲ့တစ်ဖွဲ့က ထောက်ခံချက်ပေးခဲ့သည်။ လျော်ကြေးပေးရမည့်သူ ဦးရေမှာ ၄၇၀၀ ရှိပြီး လူနာများ လျော်ကြေးငွေရရှိအောင်ဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိအောင် ပြည်နယ်အစိုးရအဖွဲ့များအား ပြည်ထောင်စုအစိုးရအဖွဲ့က ပန်ကြားထားသည်။

"အိန္ဒိယနဲ့ ကျန်ကမ္ဘာ့နေရာမှာရှိတဲ့ လူနာတွေကို အထောက်အပံ့ပေးဖို့ ကျွန်တော်တို့ အပြည့်အဝ ကတိပြုပါတယ်"ဟု J&J ၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပေးပို့သောအီးမေးလ်တွင် ဖော်ပြသည်။

"မကြာမီက ထုတ်ပြန်ခဲ့တဲ့ကော်မတီအစီရင်ခံစာအရ လိုအပ်နေတဲ့ လူနာများကို နောက်ထပ်ထောက်ပံ့မှုတွေပေးဖို့ အိန္ဒိယအစိုးနဲ့ ပူးတွဲဆောင်ရွက်နိုင်မဲ့နည်းလမ်းတွေကို ကျွန်တော်တို့ ရှာဖွေနေပါတယ်"ဟု ၎င်းကပြောသည်။

တင်ပါးဆုံ အစားထိုးကုသမှုမှာ မျှော်မှန်းထားသလို အောင်မြင်မှုမရကြောင်း ကိန်းဂဏန်း အချက်အလက်များအရ သိရပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင်ပြုပြင်မှုများကို ဆောင်ရွက်ပေးခဲ့ရသည်။

၂၀၁၃ ခုနှစ်တွင် အစားထိုးပစ္စည်းများကြောင့် ဒဏ်ရာအနာတရဖြစ်ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုတွင် တရားစွဲဆိုမှု ရာချီ၍ရှိခဲ့သဖြင့်




လျော်ကြေးငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံပေးရန် ကုမ္ပဏီက သဘောတူခဲ့သည်။

အိန္ဒိယနိုင်ငံတွင်မူ ခွဲစိတ်ကုသမှုပြန်အမ်းငွေ အစီအစဉ်အရပြန်လည်ခွဲစိတ်ကုသမှုအတွက် အမေရိကန်ဒေါ်လာနှစ်သန်းနှင့် ခွဲစိတ်ကုသမှုနှင့်ဆက်စပ်နေသော ရောဂါရှာဖွေစစ်ဆေးရေးအတွက် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ကိုကုမ္ပဏီက ပေးဆောင်ရမည်ဖြစ်သည်။ သို့သော် J&J သည် လျော်ကြေးများကို ပေးလျော်ခြင်းမရှိကြောင်း အစိုးရခုံအဖွဲ့က ဝေဖန်ခဲ့သည်။ တင်ပါးဆုံ အစားထိုးကုသမှုကို ကမ္ဘာတစ်လွှားတွင် လူပေါင်း ၉၃၀၀၀ ခံယူခဲ့သည့်အနက် အိန္ဒိယနိုင်ငံမှ ၄၇၀၀ ပါဝင်ခဲ့ကြောင်း အစိုးရကိုတင်သွင်းသော ခုံအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

သတ္တုဖြင့် တင်ပါးဆုံအစားထိုးကုသမှုသည် သမားရိုးကျ ဒီဇိုင်းနှင့်နှိုင်းယှဉ်ပါက ပိုမို၍တာရှည်ခံအောင်ဒီဇိုင်းရေးဆွဲထားသည်။ သို့သော်လည်း အိန္ဒိယလူနာအများစုသည် အစားထိုးကုသမှုကြောင့် ဆိုးရွားသောအကျိုးဆက်များကို ခံစားခဲ့ရကြောင်း ခုံအဖွဲ့က ပြောသည်။

J&J သည် အိန္ဒိယဈေးကွက်အတွင်းသို့ ၁၉၄၇ ခုနှစ်ကဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ဝင်ရောက်ချိန်ကကလေးကိုယ်လိမ်းပေါင်ဒါတို့ကို ရောင်းချခဲ့သည်။ မကြာသေးမီနှစ်များအတွင်း ကုမ္ပဏီသည် ဆေးဘက်ဆိုင်ရာသုံးကိရိယာများအပေါ် ဈေးနှုန်းထိန်းချုပ်မှုစသည့် ပြဿနာအများအပြားနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

# အလုပ်အကိုင် ရာပေါင်းများစွာကို အထောက်အကူပေးရန် စင်ကာပူတွင် ဖေ့စ်ဘုတ်ဒေတာစင်တာဖွင့်မည်

စင်ကာပူနှင့် အာရှတစ်ခွင်တွင် ကုမ္ပဏီ၏လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အလုပ်အကိုင်ရာပေါင်းများစွာကို အထောက်အကူပေးမည့် ဒေတာစင်တာတစ်ခုကို ဖေ့စ်ဘုတ်က တည်ဆောက်သွားမည်ဖြစ်ကြောင်း စင်ကာပူဘိဇနက်ရီဗျူးသတင်းတွင် ဖော်ပြသည်။ ဂျူရောင်းအရှေ့ပိုင်းခရိုင်တွင် တည်ဆောက်မည့် ဒေတာစင်တာအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ကုမ္ပဏီက စက်တင်ဘာ ၆ ရက်တွင် ကြေညာသည်။




ကုမ္ပဏီ၏ အလုပ်အကိုင်ဆိုင်ရာ စာမျက်နှာတွင် ဒေတာစင်တာတည်ဆောက်ရေးနှင့် ဆက်နွယ်နေသော အခြေခံ အဆောက်အဦဆိုင်ရာ အလုပ်အကိုင်များကို ဖေ့စ်ဘုတ်ကခန့်ထားလျက်ရှိသည်။ လာမည့် ရက်သတ္တပတ်များတွင် အလုပ်အကိုင်သစ်များကို ထပ်မံခန့်ထားဦးမည်ဟု ခန့်မှန်းသည်။ လောလောဆယ် ခန့်ထားရန်ရှိသည့်ရာထူးများတွင် ဒေတာစင်တာအတွက် စီမံတည်ဆောက်ရေးမန်နေဂျာ၊ ထောက်ပံ့ပို့ဆောင်ရေး တာဝန်ခံနှင့် ဆောက်လုပ်ရေး အစီအစဉ်အင်ဂျင်နီယာရာထူးများ ပါဝင်သည်။

အခြေခံ အဆောက်အဦနှင့် ဖိုင်ဘာဆက်သွယ်ရေး ကောင်းမွန်မှု၊ ပြည်တွင်း ကျွမ်းကျင်လုပ်သားရရှိမှုနှင့် လုပ်ငန်း အသိုက်အဝန်းအတွင်း မိတ်ဖက်များပေါများမှုတို့ကြောင့် ဒေတာစင်တာတည်ဆောက်မည့်နေရာအဖြစ် စင်ကာပူကို ရွေးချယ်ခြင်းဖြစ်ကြောင်း စောစောပိုင်းက ထုတ်ပြန်ခဲ့သော ဖေ့စ်ဘုတ်၏ကြေညာချက် တွင်ဖော်ပြသည်။

"စင်ကာပူနိုင်ငံက ပဋိညာဉ်စာချုပ်တွေကို လိုက်နာကျင့်သုံးအောင် အထောက်အကူပေးမယ့် အစီအမံတွေနဲ့ ဆောက်လုပ်ရေး ခွင့်ပြုချက်တွေ တောင်းခံရာမှာ လွယ်ကူစေတဲ့အစီအမံတွေအပါအဝင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ဖို့ ကောင်းတဲ့ပတ်ဝန်းကျင်အခြေအနေကို ဖန်တီးနိုင်မယ့် မူဝါဒတွေကို ချမှတ်ထားပြီးသား နိုင်ငံတစ်ခုဖြစ်ပါတယ်"ဟု ဖေ့စ်ဘုတ်၏ကြေညာချက်တွင် ဖော်ပြသည်။

ဖို့တစ်ဆောက်လုပ်ရေးလုပ်ငန်းအားစီမံကိန်း အထွေထွေကန်ထရိုက်အဖြစ် ရွေးချယ်ထားသည်။

စံမီအောင် စုစည်းသည်

**Don't be drastic, Say "no" to plastic**
**ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။**

# ထိုင်းနိုင်ငံအရှေ့ပိုင်း စီးပွားရေးစကြံမှာ ငွေကြေးဗဟိုဌာနတစ်ခု တည်ဆောက်ရန် ဥရောပ စီးပွားရေးလုပ်ငန်းများစီစဉ်

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV)နိုင်ငံတို့ကို ဆက်သွယ်ပေးရာတွင် နောက်ဆုံးလမ်းကြောင်းဖြစ်သော ထိုင်းနိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစကြံ (EEC) ၌ ဘဏ္ဍာရေးအချက်အချာ နေရာတစ်ခုကိုတည်ဆောက်ရာတွင် ဥရောပမှဘဏ္ဍာရေး လုပ်ငန်းအဖွဲ့အစည်းများ ပါဝင်လာရေးအတွက် ထိုင်းနိုင်ငံက ဆွဲဆောင်လျက်ရှိသည်။

စက်မှုလုပ်ငန်းဝန်ကြီး ဥတာမာဆာဗာနာယာနာသည် ဥရောပ-အာဆီယံစီးပွားရေး မဟာမိတ်အဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဂျော့ဒေါ်နယ် နှင့် ဥရောပရှေ့ဆောင် စီးပွားရေးလုပ်ငန်း ၁၅ ခုမှ ကိုယ်စားလှယ်များအားတွေ့ဆုံဆွေးနွေးခဲ့သည်။ ဥရောပ ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယဝန်ကြီးချုပ်ဆွမ်ကစ်ဂျာတူဆရီပိတက်နှင့်လည်း စက်တင်ဘာ ၆ ရက်က တွေ့ဆုံပြီးဖြစ်သည်။

"ထိုင်းနိုင်ငံက ဘဏ္ဍာရေးအချက်အချာ နေရာတစ်ခုဖြစ်ဖို့အတွက် သင့်တော်တဲ့ နေရာဖြစ်ပါတယ်။ အထူးသဖြင့် CLMV အဖွဲ့ဝင်နိုင်ငံတွေအတွက် ဒေသဆိုင်ရာ ဘဏ္ဍာရေးအချက်အချာနေရာတစ်ခုအဖြစ် ထိုင်းနိုင်ငံကို မြှင့်တင်သွားမယ့် မူဝါဒတွေအကြောင်းကိုလည်း ဆွမ်ကစ်က ကျွန်တော်တို့ကို ပြောပြထားပါတယ်"ဟု ဥတာမာက ပြောသည်။ ငွေကြေးအပေးအယူလုပ်ငန်းတွေ အဆင်ပြေချောမွေ့ဖို့အတွက် အရှေ့ပိုင်းစီးပွားရေးစကြံကလည်း ဘဏ္ဍာရေးဗဟိုဌာနတစ်ခုတည်ထောင်မည့် အစီအစဉ်တစ်ရပ် ချမှတ်ထားသည်။

စက်တင်ဘာ ၆ ရက်က ဆွမ်ကစ်နှင့် တွေ့ဆုံခဲ့သော အဖွဲ့ဝင် ၁၅ ဦးပါ ဥရောပဘဏ္ဍာရေးကိုယ်စားလှယ်အဖွဲ့ တွင် ဘဏ္ဍာရေး၊ ဆေးဝါးဝန်ဆောင်မှု၊ ဇီဝစက်မှုလုပ်ငန်းနှင့် ဆိုင်ဘာနည်းပညာလုပ်ငန်းတို့ ပါဝင်သည်။ ထိုင်းနိုင်ငံတွင် အီးယူ၏တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ဂျပန်နှင့် တရုတ်တို့ပြီးလျှင် တတိယအများဆုံးဖြစ်သည်။

ရုရှားနိုင်ငံ မော်စကို အခြေစိုက် ဆော့ဖ်ဝဲထုတ်လုပ်ရေးလုပ်ငန်းကက်စပါစကီလက်ကလည်း သုတေသနဗဟိုဌာနတစ်ခု တည်ထောင်ရန်စိတ်ဝင်စားလျက်ရှိသည်။ ဆွစ်ကျန်းမာရေးစောင့်ရှောက်မှုကုမ္ပဏီတစ်ခုဖြစ်သော ဟော့ဖမန်းလာရို့အေဂျီကလည်း ဇီဝနည်းပညာနှင့် ဇီဝဗေဒသုတေသနဗဟိုဌာနတစ်ခုကိုတည်ထောင်ရန် စိတ်ဝင်စားလျက်ရှိသည်။ အရှေ့စီးပွားရေးစကြံတွင်ရင်းနှီးမြှုပ်နှံရန် ကုမ္ပဏီနှစ်ခုစလုံးကို အားပေးလျက်ရှိသည်။

စီးပွားရေးနဲ့ ဘဏ္ဍာရေးအချက်အချာ ဗဟိုဌာနရှေ့လုပ်ငန်းစဉ်(၂၀၁၇-၂၁) ကို ထိုင်းအစိုးရက ရေးဆွဲထားပြီးဖြစ်ကြောင်းနှင့် ထိုင်းစတုတ္ထစက်မှုလုပ်ငန်းစီမံကိန်း(Thailand 4.0)အတွက် တီထွင်ဖန်တီးမှုနှင့် ဖွံ့ဖြိုးရေးတို့ကိုအလေးထား ဆောင်ရွက်ရန်အတွက် အရှေ့ဖျားဒေသ၌ အထူးစီးပွားရေးဇုန်တစ်ခုတည်ထောင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။